www.burmeseclassic.com

BURMESE CLASSIC .com



# မိုးခဝက်ငးထက်

## ဒိုက်

www.burmeseclassic.com

www.burmeseclassic.com

# မိုးသက်လင်းထက်

# သိုက်

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုတိယထပ်၊ ၃၈–လမ်း၊ ကျောက်တံတား၊

ဖုန်း – ၃၇၉၄၈၇၊ ၂၄၅၂၈၄

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၆၅၀ ၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၁၉၀၃၀၈ |
| မျက်နှာဖုံးပန်းချီ | | - ခန့်မင်းထက် |
| ထုတ်ဝေသူ | | - ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၇၇/ခ၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြူမစာအုပ်တိုက်) |
| | | အမှတ်(၃၀-ခ)၊ သာယာကုန်းလမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်။ |
| အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | အမှတ်(၈၀/ခ)၊ သံလွင်လမ်း |
| | | ဗဟန်းမြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ် ဧပြီလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


BURMESE CLASSIC .com



ရာသီဥတု အခြေအနေ အတော်ဆိုးရွားနေသော နေ့တစ်နေ့တွင် မောင်စိုးသည် မေသော်တာကို ရည်းစားစကားသွားပြောသည်။ ဒီနေ့တွေ့၍ ဒီနေ့လိုက်ပြောခြင်းတော့ မဟုတ်။ ချောင်းနေတာတော့ တော်တော်ကြာပြီ။ မတော်မတရား ကြံစည်ဖို့ချောင်းနေတာတော့ မဟုတ်ပါ။ ခုနဆိုခဲ့တဲ့အတိုင်း ရည်းစားစကားပြောဖို့ပင် ဖြစ်၏။

အခုတော့ လက်ပူးလက်ကြပ်မိပြီ။ မိုးတွေသည်းကြီးမည်းကြီးရွာတဲ့နေ့မှာမှ ဘွဲ့နှင်းသဘင်ရှေ့မှာ လက်ပူးလက်ကြပ်မိခြင်းဖြစ်၏။ မောင်စိုးလှမ်းကြည့်လိုက်တော့ မေသော်တာက လှေကားလေးမှာ ငုတ်တုတ်လေးထိုင်ကာနေသည်။ ထီးလည်းပါပုံမရ။ ဒီအချိန် အခွင့်ကောင်းပဲဆိုတာ မောင်စိုးသိလိုက်သည်။ နောက်ဆုံး ရည်းစားစကားပြောတာကို မကျေနပ်ရင်တောင် ထွက်ပြေးလို့ရမယ့် ပုံစံမရှိပေ။

"ရာသီဥတုက အခုဆို ကိုယ့်ဘက်ပါတယ်"

မောင်စိုး သီချင်းစာသားလေးတစ်ပုဒ်ကို ရွတ်ရင်းမေသော်တာနားသို့ ချဉ်းကပ်လာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခမ . . ."

စကတည်းကမှားပြီ။ 'မေ' ဆိုတဲ့ စာလုံးကို အဖျားဆွတ်ခေါ်လိုက်တာ 'အ' တစ်လုံးက ဘယ်လိုလုပ် ပိုသွားမှန်းမသိ။ ရင်တုန်ပြီး ပျောလိပ်သွားတာလည်း ဖြစ်နိုင်၏။

မောင်စိုးခေါ်သံကြောင့် မေသော်တာ့ ခန္ဓာကိုယ် တုန့်ခနဲ ဖြစ် သွားကာ လှည့်ကြည့်သည်။ မောင်စိုးကို တွေ့တော့ ဘီလူးသံပရာသီး စားသလို ရုပ်ပျက်ဆင်းပျက် မျက်နှာပျက်သွားကာ တစ်ဖက် ပြန်လှည့် သွား၏။

မောင်စိုးတို့က အဲဒီလို ပေါက်ပေါက်မြောက်မြောက်ရှိသည်။ သူ့ကိုယ်သူလည်း သဘောပေါက်သွားပုံရသည်။ ထို့ကြောင့် မျက်နှာလေး ငယ်သွားသော်လည်း အလျှော့ပေးချင်ပုံတော့ မရ။ မေသော်တာ့ဘေးနား ကျုံ့ကျုံ့လေး ဝင်ထိုင်ကာ . . .

"မေရယ် . . ငါ့ကိုဆို အသားလွတ် ဘာလို့ မုန်းတီးနေရတာလဲ ဟင် . ."

မေသော်တာ ဖိတ်ပျက်သက်ပျက် သက်ပြင်းတစ်ချက်ချကာ မိုးရေစက်တွေကို အကြောင်းမဲ့ ငေးကြည့်ကာနေ၏။

"ငါ့ကိုတွေ့ရင် ဘာလို့ရှောင်ရှောင်သွားရတာလဲဟင် . . အပြစ်ရှိလို့လား . ."

"ဟုတ်တယ် . ."

သူမ ခပ်ပြတ်ပြတ်ပြောပြီး လှည့်ကာကြည့်၏။

"ဘာ အပြစ်လဲ ဟင် . ."

"အခုလို ငါ့ကိုလိုက်နှောင့်ယှက်နေတာ အပြစ်ပေါ့ . ."

မောင်စိုး ခေါင်းကို ကုတ်သည်။

"ဒါ . . ဒါ အပြစ် မဟုတ်ပါဘူးဟာ . . အ . . အချစ်ပါ"





မေသော်တာက ခေါင်းကို ရဟတ်ယာဉ်တစ်စင်းလို ခါရမ်းပစ်လိုက်၏။

"မဟုတ်ဘူး . . အဲဒါ အပြစ် . . ငါ့ဘဝမှာ အချစ်မရှိဘူး။ ငါ့ကိုလာချစ်တဲ့ လူတွေအားလုံး အပြစ်လုပ်တဲ့သူပဲ . ."

မောင်စိုး မျက်လုံး ပြူးသွားသည်။

"နင် . . နင့်မှာ အချစ်မရှိဘူး ဟုတ်လား . ."

မေသော်တာက ခပ်ဆတ်ဆတ် ခေါင်းညိတ်ပြ၏။

"ဟုတ်တယ် . . မရှိဘူး . ."

မောင်စိုး မေသော်တာကို ပြူးကြောင်ကြောင်နဲ့အချိန်တော်တော်များများ ငေးကြည့်နေပြီးမှ . . .

"ငါ . . ငါ နင့်ကို နားမလည်တော့ဘူး . ."

"ဘာကိုလဲ . . ."

"နင့်မှာ အချစ်မရှိဘူး ဆိုတာကိုပေါ့ . . အဲဒီလိုတော့ ဟုတ်နိုင်မယ် မထင်ပါဘူး။ တကယ်ချစ်တဲ့လူ မတွေ့သေးလို့နေမှာပါ"

မေသော်တာက မောင်စိုးစကားကြောင့် စူးစူးရဲရဲစိုက်ကာကြည့်သည်။ မျက်ဝန်းနှစ်ဖက်ကလည်း တည်တည်တန့်တန့်ရှိလှ၏။ ထို့နောက် . . .

"ငါက ဘယ်သူ့ကိုမှ ချစ်လို့မရဘူး . . ပြီးတော့ ဘယ်သူ့ကိုမှလည်း အိမ်ထောင်ပြုလို့ မရဘူး . ."

"ဟန် . ."

မောင်စိုး ငေးကြည့်နေသည်။ မေသော်တာက သက်ပြင်းကို ချသည်။

"ဟုတ်တယ် . . နင် မယုံဘူးလား . ."

မောင်စိုး ပြူးကြောင်ကြောင်ကြည့်နေရင်းမှ ခေါင်းကို ခြွည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းချင်း ခါပြ၏။ မသော်တာက စကားကို ဆက်သည်။

"ဟုတ်တယ် . . ငါက သိုက်ကလာတာ . ."

"ဟေ . ."

မောင်စိုး မျက်လုံးသည် ပြူးသထက် ပိုပြူးသွားလေသည်။

"နင် . . အိမ် . . အိမ်က လာတာမဟုတ်ဘူးလား . ."

မသော်တာ အူကြောင်ကြောင်နဲ့ကြည့်ကာ . . .

"နင် ဘာတွေလျှောက်ပြောနေတာလဲ . . ဒီကို အိမ်က မလာလို့ ဘယ်က လာရမှာလဲ . ."

"ဟင် . . နင်ဘဲ ပြောတော့ သိုက်ကဆို . ."

ဇာတ်လမ်းကတော့ စရှုပ်ပြီ။ မသော်တာ ခေါင်းကိုကုတ်၏။ မောင်စိုးကတော့ 'သိုက်' နဲ့ 'အိမ်' ကွာခြားမှုကို စဉ်းစားနေသည်။ မသော်တာတို့က 'ငှက်မျိုးငှက်နွယ်' တွေများ ဖြစ်နေမလားဆိုပြီးတောင် တွေးနေလိုက်သေးသည်။

"အရူးရဲ့ . . သိုက်ဆိုတာ အခု ငါနေနေတဲ့ နေရာကို ပြောတာမဟုတ်ဘူး . . အရင်ဘဝက ငါ နေတဲ့နေရာကိုပြောတာ . ."

"ဒါ . . ဒါဆို နင်က အရင်ဘဝတုန်းက ငှက်ပေါ့ . . ဟုတ်လား"

မသော်တာ စိတ်ပျက်သွားသည်။ မောင်စိုး သူ့ကိုနောက်နေတာလားဆိုပြီးတောင် အကဲခတ်လိုက်သေး၏။ မောင်စိုးပုံက နောက်နေတာနဲ့ မတူ။ တကယ်မသိလို့ အူကြောင်ကြောင်ဖြစ်နေတဲ့ ရုပ်ပင်။

မသော်တာ သက်ပြင်းကိုချသည်။

"နင် မသိရင် မြဲမြဲမှတ်ထား။ သိုက်ဆိုတာ နင်သိတဲ့ ငှက်သိုက်မဟုတ်ဘူး ငတုံးရဲ့ . . နဂါးသိုက်တို့၊ ဥစ္စာသိုက်တို့ကိုပြောတာ။ အဲဒီကနေ ငါတို့လို လူမျိုးတွေက လူ့ပြည်ကိုခဏအလည်လာတာ။ ပြီးရင် ပြန်သွားရမှာ . ."





ဒီတစ်ခါ ငြိမ်ကျသွားတာက မောင်စိုးပင်ဖြစ်သည်။ နည်းနည်း ဇာတ်ရည်လည်သွားဟန်လည်းရှိသည်။ သူတို့ တိုက်ခန်းအပေါ်ထပ်က အပျိုကြီး မခင်တုတ်လည်း သိုက်ကလာတာဆိုပြီး သူကိုယ်သူပြောသံ တော့ကြားဖူး၏။ မနက်ဖြန်ဘဲ သူ့ကိုသိုက်ကလာခေါ်တော့မလိုလို၊ မွေးနေ့၊ မွေးရက် တစ်ထပ်တည်းကျတဲ့နေ့မှာပဲ အရင်ဘဝက မောင်ဘုရားက စီးတော်ကျားနဲ့ လာပင့်တော့မလိုလို ပြောလာသည်မှာ ကြာပြီ။ သူသိသလောက် (၁၀)နှစ်လောက်ရှိပြီထင်သည်။ သို့သော် မောင်တော်ဘုရားကပဲ မေ့နေတာလား။ မခင်တုတ် ကိုယ်တိုင်ကပဲ သိုက်ကိုသွားဖို့ လမ်းစရိတ်မရှိတော့တာလားတော့ မပြောတတ်။ အခုအချိန်ထိ မပြန်ရသေး . . .

"ဟဲ့ . . နင် ဘာတွေတွေးနေတာလဲ . . မယုံလို့လား . ."

"အဲ . . ဟို . . မဟုတ်ပါဘူးဟာ . . မကြုံဘူးလို့ပါ . . ကြား . . ကြားတော့ ကြားဘူးတယ်ဟ . . အဲဒါ တကယ်ရှိလား . ."

"ရှိတာပေါ့ . . မယုံရင် ငါ့ကိုကြည့်လေ . ."

မောင်စိုး မသော်တာကို သေသေချာချာကြည့်သည်။ သိုက်ကလာတဲ့လူနဲ့ ရိုးရိုးလူနဲ့ ဘာမှမထူးခြားလှ။ စပယ်ယာပတ်ပ်တွေ၊ အပိုပစ္စည်းတွေလည်း ပါမလာခဲ့ပေ။

မောင်စိုးဘက်က မထူးခြားသော်လည်း မသော်တာဘက်က စူးရဲလှသော မောင်စိုးအကြည့်ကြောင့် မနေတတ်၊ မထိုင်တတ် ဖြစ်လာလေသည်။

"အဲဒီလောက်ကြီး မကြည့်နဲ့လေဟာ . . ငါမနေတတ်ဘူး . ."

မောင်စိုး . . အဲဒီတော့မှ အသိဝင်သွားကာ . .

"ဆော . . ဆောတီးဟာ . . ငါက ဘာများ ထူးခြားသလည်းလို့ ကြည့်တာပါ . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုကြီးတော့ ထူးခြားမလားဟဲ့ . . ဒါပေမယ့် သာမန်လူတွေနဲ့တော့ မတူဘူးပေါ့ . ."

"ဘာမတူတာလဲ . ."

"ငါတို့ကျတော့ သူတို့ကို ပေးခဲ့တဲ့ကတိပြည့်ရင် ပြန်ရမှာ"

"ဘာ . . ဘာကတိလဲ ဟင် . ."

မေသော်တာက အသက်ကိုတဝကြီးရှူပြီး သက်ပြင်းကို ခပ်မြန်မြန်ချကာ . . .

"ငါတို့ သိုက်ကဆွေတော်မျိုးတော်တွေကို ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အသက်ပြည့်ရင် ပြန်လာပါ့မယ်လို့ ပြောခဲ့ရတယ်။ ကတိပေးခဲ့ရတယ် . . အဲဒီရက်ပြည့်ရင် ပြန်ရရော . ."

မောင်စိုးက စိတ်ဝင်တစားနှင့် . . .

"မပြန်ရင်ကော . . ."

"မပြန်ရင် လာခေါ်ရောဟ . ."

မောင်စိုးက ပေါင်ကို ဖျန်းခနဲ တစ်ချက်ပုတ်လိုက်ကာ . .

"ဒါလေးများဟာ . . ပုန်းနေလိုက်ပေါ့ . . မတွေ့ရင် သူတို့ပြန်သွားမှာပေါ့ . ."

မေသော်တာက မောင်စိုးကို လှမ်းရိုက်ဟန်တစ်ချက်ရွယ်လိုက်သည်။ ပြီးတော့ ရယ်ချင်စိတ်ကို မအောင့်နိုင်တော့ပဲ ဖစ်ခနဲတစ်ချက်ရယ်လိုက်ကာ . . .

"သေလိုက်ပါလား ကောင်စုတ် . . အဲဒါမျိုးက ပုန်းလို့ရတာမှမဟုတ်တာ . . သူတို့မှာ နတ်မျက်စိရှိတယ်ဟဲ့ . ."

မောင်စိုး စိတ်ညစ်သွားသည်။ တော်တော်ဆိုးတဲ့သိုက်ပဲဟု ရေရွတ်နေမိ၏။ နောက်မှ တစ်ခုသတိရသွားကာ . . .

"နေပါဦး . . နင်က သိုက်ကလာတယ်ပဲ ထားပါတော့ . . ဘာ





လို့ ရည်းစားထားလို့မရတာလဲ . . ဘာဆိုင်လို့လဲ . ."

မေသော်တာက ခေါင်းကိုခါပြကာ . . .

"သူတို့က မကြိုက်ဘူးဟ . ."

"ဟာ . . သူတို့ မကြိုက်လည်းနေပေါ့ . . နင်ကြိုက်ရင် ပြီးတာပဲ . ."

"မရဘူးဟ . . ငါက အိမ်ထောင်ပြုခွင့်မရှိဘူးတဲ့ . ."

"ဘာလို့လဲ . ."

"ငါ့မှာ ယောကျ်ားရှိတယ် . ."

"ဟေ . ."

မောင်စိုး မျက်လုံးသည်ဖီးကွက်တစ်ကောင်လောက် ပြူးထွက်သွားကာ . . .

"ငါ . . ငါက နင့် . . နင့်ကို အပျိုထင်နေတာ . . နင်က ယောကျ်ားနဲ့ဟုတ်လား . . ပြောတော့ ရည်းစားတောင် မထားရဘူးဆို . . လက်စသတ်တော့ နင်က အပျိုမှမဟုတ်တာ . ."

မေသော်တာ မျက်နှာရဲခနဲဖြစ်သွား၏။ ရှက်လွန်းလို့ ဘယ်ကစပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။ တော်တော်လေးကြာတော့မှ မောင်စိုးလက်မောင်းကို လွယ်အိတ်နဲ့အားရပါးရ ပိတ်ရိုက်ပစ်လိုက်ကာ . . .

"သေနာ . . မသာ . . ငါက ဒီဘဝကို ပြောတာမဟုတ်ဘူးဟဲ့ . . အရင်ဘဝဟောင်းက ယောကျ်ားကိုပြောတာ . . အခုဘဝမှာ အပျိုစစ်စစ် . . ."

မောင်စိုးက လွယ်အိတ်ကို လက်နဲ့ကာနိုင်သလောက် လိုက်ကာရင်း . . .

"မသိလို့ပါဟာ . . ငါက ရုတ်ရက်ဆိုတော့ ဘဝတွေလွဲကုန်လို့



www.burmeseclassic.com

www.burmeseclassic.com



ပါ . . မရိုက်ပါနဲ့ . . နာတယ် . . ”

မေသော်တာ ရိုက်နေရင်းမှမောသွားဟန်နဲ့ ရပ်လိုက်သည်။ ပြီးတော့ မောင်စိုးကို မျက်စောင်းလှဲ့ကာထိုးကာ . . .

“ငါသွားတော့မယ် . . နင် ငါ့နောက်ကလိုက်မလာနဲ့ . . ငါ မကြိုက်ဘူး . . ”

မောင်စိုး ပြုံးဖြဲဖြဲလုပ်လိုက်ကာ . . .

“နင် မကြိုက်တာလား . . နင့်အရင်ဘဝက ယောကျ်ားက မကြိုက်တာလား . . ”

“နှစ်ယောက်စလုံး မကြိုက်တာ သိပလား . . ”

ဆောင့်ကြီးအောင့်ကြီးပြောကာ ထထွက်သွားလေတော့သည်။

မိုးကလည်း တိတ်သွားပြီမို့ ဘွဲ့နှင်းသဘင်ဖရဲ့တွင် မိုးခိုသူရှ တော်တော်ပါးသွားပြီ။ လှည့်ထွက်သွားသော မေသော်တာကိုပေးဟာ မောင်စိုး သက်ပြင်းကိုချ၏။ သူ့ရည်ရွယ်ချက်များသည် သိုက်ဆိုသော အရာတစ်ခုအောက်မှာ ကွဲအက်ကြေမွသွားခဲ့ပြီ။ အခွင့်အရေးတွေ အားလုံး မေသော်တာရဲ့ အရင်ဘဝက ယောကျ်ားကြောင့် ဝေးကွာခဲ့ ရပြီ။ ဒီဘဝမှာ ကံကောင်းထောက်မပြီး မေသော်တာကို ပိုင်ဆိုင်ခွင့် ရရင်တောင် ပထမယောကျ်ားမဖြစ်နိုင်တော့။ နေရင်းထိုင်ရင်း ဒီဘဝမှာ လက်သည်မပေါ်ဘဲ လင်အငယ်အနှောင်းဘဝ ရောက်ရမည့်ကံနှုန်းဆိုက် နေသည်။

မောင်စိုး တွေးလိုက်ရင်း ပြုံးလိုက်မိ၏။

သူ့ဘာသာသူ ဘယ်လောက်ငယ်တဲ့ လင်ဘဝပဲရောက်ရောက် မေသော်တာကိုတော့ ချစ်ရလိမ့်မည်။ သူ့အချစ်သည် သိုက်ကလာရုံမက လို့ အင်္ဂလိပ်ကပဲ ဆင်းလာပါစေ ချစ်ရမှာပဲ ဖြစ်၏။

ဘာဖြစ်လို့လည်းဆိုတော့ သူ့ရင်ထဲက နှလုံးသားအသိုက်လေး





မှာ မေသော်တာဆိုတဲ့ သိုက်ဘုရင်မလေးတစ်ယောက်သာ ရှိလို့ပဲ ဖြစ်ပါ တော့သည်။

သိုက်မမလေးကတော့ သူ့နဲ့တဖြည်းဖြည်းဝေး၍ဝေး၍သွားပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေသော်တာ ကို သိုက်ကြိုးဖြတ်ပေးရမယ် . . "

"ဘာ . . "

"ဒီကိစ္စက မဖြတ်လို့မရဘူးကွ . . "

လင်းနိုင်ဦးကို မောင်စိုး မျက်နှာငယ်လေးနဲ့ကြည့်ကာ . .

"ဖြတ်ရင် နာလားဟင် . . "

"ခွီးမှဘဲ . . နာမလားကွ . . မမြင်ရတဲ့ကြိုးကိုဖြတ်တာပဲ . . "

မောင်စိုး တစ်ချက်တော့ တွေဝေသွား၏။ သိုက်ကြိုးဆိုတာ ဘယ်လိုကြိုးအမျိုးအစားမှန်း မသိပေ။ မမြင်ရတော့လည်း ခက်သည်။ ခိုင်ခန့်မှုအတိုင်းအတာကိုလည်း သူမမျှော်မှန်းတတ်။

"အဲဒီ ကြိုးကို မင်းဖြတ်တတ်လား . . "

"ငါတော့ ဘယ်ဖြတ်တတ်မလဲကွ . . ဆရာတွေကို ဖြတ်ခိုင်းရမှာပေါ့ . . "

မောင်စိုး အလန့်တကြားနှင့် . . .

"ဟာ . . ဆရာတွေကိုတော့ သွားမပြောရဲပါဘူး . . သမိုင်းဆရာဦးအောင်တင့်ဆို ငါ့ကို သိပ်ကြည့်ရတာမဟုတ်ဘူး . . "





လင်းနိုင်ဦး အူကြောင်ကြောင်ဖြစ်သွားပြီး ခေါင်းတော်တော်နောက်သွား၏။ ပြီးမှ သူ့နဖူးသူရိုက်ကာ . . .

"ငါတို့ကို စာသင်ပေးတဲ့ ဆရာတွေကိုပြောတာမဟုတ်ဘူးငတုံးရဲ့ . . အကြားအမြင်ဆရာတွေ၊ သိုက်ဆရာတွေဆီမှာသွားဖြတ်ရမှာ . . အဲဒီဘက်မှာ ကျွမ်းကျင်တဲ့လူတွေရှိတယ် . . အဲဒါကိုပြောတာ"

မောင်စိုး သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး . . .

"တော်သေးတာပေါ့ကွ . . ငါက တက္ကသိုလ်က ဆရာတွေအောက်မေ့လို့ . . "

လင်းနိုင်ဦးက မောင်စိုးစကားကို စိတ်မဝင်စားတော့ဘဲ ရှပ်တည်နဲ့ အဝေးကိုငေးနေသည်။ ပြီးတော့ သက်ပြင်းကိုချပြီး ခေါင်းကိုခါသည်။ ထို့နောက် အလယ်မှာချထားတဲ့ စီးကရက်ကို ကောက်ခဲလိုက်ကာ မီးညှိပြီး ဖွာလိုက်၍ . . .

"မင်းကို သူကဘယ်ကလို့ပြောလိုက်လဲ . . "

မောင်စိုး နားမလည်နိုင်တဲ့ မျက်နှာနဲ့ . . .

"ဘာကိုလဲ . . "

"သူ့ရဲ့သိုက်ကိုပြောတာ . . "

မောင်စိုး တော်တော်လေးကြာအောင် စဉ်းစားလိုက်ပြီးမှ . .

"ငါ . . ငါတော့ အတိအကျမသိဘူးကွ . . နဂါးသိုက်က ဆိုလား . . ဘာလားပဲ . . "

လင်းနိုင်ဦးက ခေါင်းကို တညိတ်ညိတ်လုပ်ပြီး . . .

"အင်း . . ဗိုလ်တထောင်က ဖြစ်နိုင်တယ် . . . "

"ဟာ . . မဟုတ်တာ လုပ်တော့မယ် . . မေသော်တာက သုဝဏ္ဏမှာ နေတာကွ . . "

လင်းနိုင်ဦး စိတ်ပျက်သွားသည်။ မရှင်းပြရင်လည်း ဒီငတုံးက



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှာမဟုတ်၍ ရှင်းပြလိုက်ရသည်။

"ဗိုလ်တထောင်ဆိုတာ ဘုရားကိုပြောတာကွ . . သူနေတဲ့ နေရာကို ပြောတာမဟုတ်ဘူး . . သိပလား . . အဲဒီလို နဂါးသိုက်ကလာတဲ့လူတွေဆို ဗိုလ်တထောင်သိုက် အဆက်အနွယ်တွေများတယ် . . မင်း မယုံမရှိနဲ့ ငါပြောတာယုံ . ."

"နေစမ်းပါဦး . . မင်းက ဒီကိစ္စတွေ သိနေရအောင် မင်းက အဲဒီသိုက်ကို ရောက်ဖူးလို့လား . ."

လင်းနိုင်ဦးက ခေါင်းခါကာ . . .

"ရောက်တော့ ဘယ်ရောက်ဖူးမလဲ . . ဒါပေမယ့် အတွေ့အကြုံရှိတယ်လေ . . ငါ့အဒေါ် တစ်ယောက်ဆို သိုက်ကလာတာကွ သိလား . . ဒါပေမယ့် သူက သိုက်ကြိုးဖြတ်ထားတယ် . ."

"ဟုတ်လား . . ဒါနဲ့ သူတို့သိုက်ကလာတဲ့ လူတွေဆို အိမ်ထောင်ပြုလို့မရဘူးဆို ဟုတ်လား . ."

လင်းနိုင်ဦးက ပြုံးတုံ့တုံ့ လုပ်ကာ ခေါင်းခါပြရင်း . .

"ငါ့အဒေါ်ဆို ယူထားတာပဲ . . ကလေးတောင် နှစ်ယောက်ရှိတယ် . ."

"ဟေ . . အဲ . . အဲဒါဆို သူ့ဆွေတော်မျိုးတော်တွေက ဘာမှမလုပ်ဘူးလား . ."

"ဘယ်လုပ်နိုင်မလဲကွ သိုက်ကြိုးဖြတ်ထားပါတယ်ဆိုမှ . ."

မောင်စိုး ရင်တစ်ချက်ခုန်သွားသည်။ တော်တော်လည်း ပျော်သွားပုံရလေသည်။

"အဲ . . အဲဒါဆို သိုက်ကြိုးဖြတ်ရင် ရပြီပေါ့ . ."

"အေး . . ."

လင်းနိုင်ဦးက ခပ်ပြတ်ပြတ်ပင် ပြောကာ လက်ဖက်ရည်ကို





တစ်ငုံသောက်လိုက်၏။ မောင်စိုး မျက်နှာပြုံးဖြီးဖြီးကြီး ဖြစ်သွားပြီးမှ လက်ဖျောက်တစ်ချက်တီးခိုက်ကာ . . .

"ငါ မရမက ဖြတ်ပစ်မယ် . . ."

မောင်စိုးကို လင်းနိုင်ဦး အံ့လန့်တကြားလှည့်ကြည့်ပြီး . .

"မလုပ်ပါနဲ့ကွာ . . ရတောင့်ရခဲယောကျ်ားဘဝလေးကို . ."

"ဟာ . . ဘာပြောတာလဲ . . ငါက သိုက်ကြိုးကိုပြောတာ"

"တော်သေးတာပေါ့ . ."

လင်းနိုင်ဦးက သက်ပြင်းကိုချရင်း ဆေးလိပ်တစ်ချက်ရှိုက်လိုက်ပြီးမှ . . .

"မင်းဖြတ်ချင်တိုင်း ဖြတ်လို့ရပါ့မလား . . ကာယကံရှင်ဆန္ဒကလည်း ရှိသေးတယ် . . ဒီကိစ္စမှာ မသော်တာ့ဆန္ဒက အဓိကကွ"

"ဘာပဲဖြစ်ဖြစ်ကွာ . . ငါသူ့ကို စည်းရုံးကြည့်မယ် . ."

"အဲဒါတော့ မင်းသဘောပဲလေ . . သူ့ဘက်က မီးစိမ်းပြရင်သာ ငါ့ဘက်ကို သံချောင်းခေါက်လိုက်၊ ငါ့အဒေါ်ကို ဖြတ်ပေးတဲ့ဆရာဆီမှာ အပ်ပေးမယ် . ."

"အိုကေ . . ကျေးဇူးပဲ . . သူငယ်ချင်း . . ."

မောင်စိုး အခုမှ လွတ်လွတ်လပ်လပ် ပျော်သွားနိုင်ပြီး မသော်တာကို နည်းအမျိုးမျိုးနဲ့ စည်းရုံးမည်ဟုလည်း တွက်ထား၏။ သိုက်ကြီးမကလို့ စတီးကြိုးပဲ ဖြစ်ဖြစ် မရရတဲ့နည်းနဲ့ ဖြတ်ပစ်မည်ဟု တေးထားလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညက အိပ်ရာဝင်နောက်ကျ၍ မနက်ကို နေဖင်ထိုးမှ ထဖြစ်သည်။ ဒီနေ့တော့ ပထမသုံးကြိမ်လွှတ်လိုက်ရပြီဆိုတာ သိလိုက်၏။ အိပ်ရာထနောက်ကျရခြင်းအကြောင်းကလည်း တစ်ညလုံး ဂမ္ဘီရကိစ္စနဲ့ ပတ်သက်တဲ့လက်လှမ်းမီသမျှစာအုပ်တွေ လိုက်ဖတ်နေရ၍ ဖြစ်လေသည်။ ထိုစာအုပ်တွေထဲမှာ 'သိုက်' နဲ့ပတ်သက်တဲ့ ကိစ္စတွေရှာကြည့်သည်။ ထဲထဲဝင်ဝင်တော့ မတွေ့။ ဟုတ်မလိုလိုနှင့် တောမရောက်၊ တောင်မရောက်တွေ ရေးထားတာသာ တွေ့ရသည်။

မောင်စိုး စိတ်ညစ်သွားသည်။ သိုက်နဲ့ပတ်သက်လို့ ဘယ်သူ့သွားမေးလို့ မေးရမှန်းမသိ။ မိဘတွေကို မေးကြည့်ရအောင်လည်း အိမ်မှာ ဘုရားမှလွဲ၍ နတ်၊ ဘိုးတော် ကိုးကွယ်မှုမပြုပေ။ မယုံကြည်လို့တော့မဟုတ်။ ဆွေစဉ်မျိုးဆက် ထုံးတမ်းစဉ်လာမရှိခဲ့၍ ဖြစ်လေသည်။ အပေါ်ထပ်က အပျိုကြီး မခင်တုတ်ကို သွားမေးကြည့်ရင်တော့ အနည်းအကျဉ်းသိနိုင်သည်ဟု တွေးမိ၏။ ဒါမှမဟုတ် လင်းနိုင်ဦး အဒေါ်ကို သွားမေးရင်လည်း ဖြစ်နိုင်သည်။ သို့သော် လင်းနိုင်ဦး အဒေါ်က သူနဲ့





စိမ်းသည်။ ပြီးတော့ အိမ်ထောင်ကိစ္စတွေနဲ့ အလုပ်ရှုပ်နေရင် ကောင်းကောင်းဖြေအားမှာ မဟုတ်။ အပျိုကြီးမခင်တုတ်ကတော့ အပေါ်ထပ်အောက်ထပ်နေလာ၍ နည်းနည်းပါးပါး ဝင်ရောလိုက်တာနဲ့ အဆင်ပြေနိုင်သည်ဟု မောင်စိုးတွေးမိ၏။ ထို့ကြောင့် အောက်ထပ်က စတိုးဆိုင်ကို ဆင်းကာ ကိတ်မုန့်တစ်ဘူးနဲ့ကော်ဖီမစ်အထုပ်ကြီးတစ်ထုပ်ဝယ်ကာ အပျိုကြီးအခန်းကို တက်ခဲ့ပါတော့သည်။

အခန်းရှေ့ရောက်တော့ တံခါးပိတ်ထားတာတွေ့ရ၍ သုံးချက်လောက်ခေါက်လိုက်၏။

"ဒေါက် . . . ဒေါက် . . ."

"ကျွီ . . ."

တံခါးသည် ဖြည်းဖြည်းချင်း ပွင့်သွားကာ အပျိုကြီးမျက်နှာပေါ်လာလေတော့သည်။

"အစ်မ . . နေကောင်းတယ်နော် . . ."

"အေး . . ကောင်းပါတယ် . . အမေ လွှတ်လိုက်လို့လား . ."

"မဟုတ်ဘူး အစ်မ . . ကျွန်တော် အစ်မဆီလာတာပါ . . ဟို . . မေး . . မေးစရာလေးရှိလို့ပါ . ."

အပျိုကြီးမခင်တုတ် မျက်မှောင်ကြုတ်ရင်း တံခါးကိုဖွင့်ပေး၏။ သူလည်း အထဲကိုဝင်၍ စားပွဲပေါ်မှာဝယ်လာခြမ်းလာ တာတွေတင်လိုက်ကာ . . .

"အစ်မ . . စားဖို့ပါ . . ကျွန်တော် ဝယ်လာတာ . ."

မခင်တုတ် တအံ့တသြကြည့်သည်။ တစ်ခါမှသူ့ကို ဒီလိုလာမပေးဘူး၍ တစ်မျိုးကြီးဖြစ်နေ၏။ သို့သော် အကြောင်းကိစ္စတစ်ခုခုတော့ ထူးခြားနေပြီဆိုတာတော့ သဘောပေါက်မိ၍ အသာငြိမ်နေလိုက်သည်။ မောင်စိုးက ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ကာ ဘုရားစင်အောက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်သည်။

ဘုရားစင်ပေါ်မှာ အသီးပွဲမျိုးစုံ၊ အုန်းပွဲငှက်ပျောပွဲမျိုးစုံနှင့် အမွှေးတိုင်များ ထွန်းထားတာကို တွေ့လိုက်ရလေသည်။ ထိုအခါကျမှ အခန်းထဲဝင်တုန်းက ရလိုက်သည့်အနံ့မွှေးမွှေးတွေက အမွှေးတိုင်တွေဆီက ဆိုတာ သဘောပေါက်လိုက်ပါတော့သည်။

"အစ်မ ဘုရားစင်က တော်တော်သပ္ပာယ်တာပဲနော် . . လှူထားတဲ့ သစ်သီးတွေလည်း အများကြီး . . ."

မောင်စိုး စကားစလိုက်၏။ မခင်တုတ်က ပြုံးလိုက်ကာ . .

"ဟိုဘက်ကပွဲက သာသနာပွဲလေ . . ဒီဘက်ကပွဲတွေကတော့ ပိုင်ရာဆိုင်ရာတွေ အတွက်ပေါ့ . ."

မောင်စိုး တစ်ချက်မျက်မှောင်ကြုတ်သွား၍ . . .

"ပိုင်ရာဆိုင်ရာ ဆိုတာ ဘာလဲ . . အစ်မ . ."

"ပိုင်ရာဆိုင်ရာ ဆိုတာ သူ့နေရာနဲ့သူ ပိုင်တဲ့သူတွေကို ပြောတာပေါ့ကွယ် . . မင်းကို ရှင်းပြရင် အရှည်ကြီးပဲ။ နားလည်မှာလည်း မဟုတ်ဘူး . . ထားပါတော့ . . ."

မခင်တုတ်က ထားခိုင်းသော်လည်း မောင်စိုးက မထားနိုင်။ လာရင်း ရည်ရွယ်ချက်ပျောက်သွားမှာ စိုး၍ ဖြစ်သည်။ စကားဦးကို ဘယ်လိုသန်းရမလဲ စဉ်းစားသည်။ ဒဲ့ပဲမေးလိုက်ရင် ကောင်းမလား တွေး၏။ ဒါ့ကြောင့် . . . .

"အစ်မကို ကျွန်တော် မေးစရာလေးတစ်ခုရှိလို့ တတ်နိုင်ရင် ဖြေပေးပါလား . ."

မခင်တုတ်က မျက်မှောင်ကြုတ်ကာ မောင်စိုးကို ကြည့်၏။ မောင်စိုးက . . . .

"တစ်ခြားဟာ မဟုတ်ပါဘူး . . အစ်မက သိုက်ကလာတာဆို"





မခင်တုတ်က သက်ပြင်းတစ်ချက်ချသည်။ ပြီးတော့ ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြကာ . . .

"ဟုတ်ပါတယ် . . ဒါနဲ့ မင်းက ဘာလုပ်မလို့လဲ . . ."

"ဟို . . ဘာရယ်တော့ မဟုတ်ပါဘူး အစ်မရယ် . . အဲဒီ သိုက်ဆိုတဲ့ဟာက တကယ်ရှိလားလို့ သိချင်လို့ပါ . ."

မခင်တုတ်မျက်နှာ တည်သွား၏။ ပြီးမှ လေးလေးနက်နက် လေသံနှင့် . . .

"ရှိတာပေါ့ . . အစ်မ ဆွေတော်မျိုးတော်တွေဆို အစ်မကို သိပ်ချစ်တာ . . အိပ်မက်တွေလည်း [illegible] . ."

"ဟုတ်လား . . ဘာတွေလာပေးလဲ . ."

"ပေးတာတော့ အများကြီးပဲ . . မနေ့ကဆို ပါဝါနဲ့ နာလိုက်တာ . . ."

"ဗျာ . ."

မောင်စိုး အူလည်လည်နှင့်ကြည့်သည်။ မခင်တုတ်က သူ့စကား မှားသွားပြီဆိုတာ သဘောပေါက်လိုက်၍ ချက်ချင်းကွန့်ဆည်ကာ. .

"ဘာမှမဟုတ်ပါဘူးကွယ် . ."

ဆိုပြီး မရေမရာ ပြန်ပိတ်၏။

မောင်စိုး တစ်ချက်စဉ်းစားလိုက်သည်။ စဉ်းစားရင်းနှင့် ဟစ်ခု သတိရသွား၍ . . .

"ဒါနဲ့ . . အစ်မက ဘယ်သိုက်ကလဲ ဟင် . . ."

"ဘာကိုပြောတာလဲ . . ."

"ဟိုဟာလေ . . ကျွန်တော်တော့ သိပ်သေသေချာချာမသိပါဘူး . . သူများတွေပြောလို့ ကြားဖူးတာပါ . . သိုက်မှာ အမျိုးမျိုးရှိတယ်ဆို . . ဥပမာ . . ဥစ္စာသိုက်တို့၊ နဂါးသိုက်တို့ အဲဒါမျိုး . ."



www.burmeseclassic.com

www.burmeseclassic.com



မခင်တုတ် သဘောပေါက်သွားဟန်နှင့် တစ်ချက်ပြုံးလိုက်ကာ ခေါင်းညိတ်ပြရင်း . . .

"အစ်မက နဂါးသိုက်ကပါ . ."

မောင်စိုး ရုတ်တရက် အံ့သြသွားဟန်နှင့် . . .

"ဒါ . . ဒါဆို အစ်မက ဗိုလ်တထောင်ကပေါ့ . . ဟုတ်လား"

မောင်စိုး စကားကြောင့် မခင်တုတ် မျက်လုံးပြူးသွားကာ. .

"မင်း . . မင်းက ဘယ်လိုလုပ်သိတာလဲ . . ."

အမှန်တော့ နဂါးသိုက်ဆိုတာ ဗိုလ်တထောင်ကပဲဟု လင်းနိုင်ဦးပြောထား၍ ရမ်းတုတ်လိုက်ခြင်း ဖြစ်သည်။ မခင်တုတ်ကလည်း မောင်စိုးပြောတာ မှန်သွား၍ တအံ့တသြဖြစ်သွားရသည်။

မောင်စိုးက ဆရာကြီးပုံစံနှင့် . . . .

"ဟုတ်သလား . . မဟုတ်ဘူးလားပဲ ပြောပါ အစ်မ . ."

"ဟုတ် . . ဟုတ်ပါတယ် . . အစ်မက ဗိုလ်တထောင်ကပါ"

မောင်စိုး အားရဝမ်းသာ လက်ဖျောက်တစ်ချက်တီးလိုက်ကာ

"ဒါဆို . . မေသော်တာ ကိုသိလား . ."

"ဟင် . . ဘယ်က မေသော်တာလဲ . ."

"ဟာ . . သူလည်း ဗိုလ်တထောင်ကပဲလေ . . အစ်မတို့နဲ့ အတူတူပဲ . . လုပ်ပါဗျာ . . လျှို့မနေပါနဲ့ . . သိရင် သူ့အကြောင်း ပြောပြပါ . ."

မခင်တုတ် အူကြောင်ကြောင်နှင့် . . .

"အစ်မ တကယ်မသိတာပါ . . သူက ဗိုလ်တထောင်မှာ ဘာလုပ်တာလဲ . ."

"ဟာ . . ကျွန်တော် ဘယ်လိုလုပ်သိမှာလဲဗျာ . . မသိလို့မေးပါတယ်ဆိုမှ . . အဲ . . သူ့မှာ ယောကျ်ားရှိတယ်ဗျ . ."





မခင်တုတ် စဉ်းစားသွားသည်။ မောင်စိုးပုံ ကြည့်ရတာ ဒီနေ့ တစ်မျိုးဖြစ်နေ၏။ သူမဆီကို မလာစဖူး အလာထူးပြီး မပေးစဖူး စားစရာတွေလာပေးသည်။ ပြီးတော့ ထူးထူးခြားခြား သိုက်အကြောင်းတွေ ဘာတွေမေးပြီး ဟိုလူ့သိလား . . ဒီလူ့သိလားလည်း လုပ်နေပြန်၏။

မဟုတ်မှလွဲရော . . မောင်တော်ဘုရားက မောင်စိုးကို စိတ်တစ်မျိုးပြောင်းပြီး အကြိုတော် ထောက်လိုက်ပြီလား မသိ။

ထိုသို့တွေးလိုက်ပြန်တော့ မခင်တုတ်နည်းနည်းတော့ လန့်သွားပြန်၏။ တကယ်တမ်း သိုက်ကိုပြန်ရမယ်ဆိုတော့ ကြောက်နေသည်။ ချက်ချင်းကြီးတော့ မဖြစ်သေး။ ဒီဘဝမှာ ရစရာအကြွေးတွေရှိနေသေး၏။ အရှေ့ခန်းက အထည်ရောင်းတဲ့ မဦးဆီမှာ ပေးထားတာ တော်တော်များသည်။ သူသာ အခုချက်ချင်း သိုက်ပြန်ရရင် မဦးဆိုတဲ့ မိန်းမက ထထောင်ကမလားမသိ။ အိုးစည်ဗုံမောင်း တီးပြီး လိုက်တောင်ပို့ချင်ပို့ဦးမည်။ သူမ တွေးနေစဉ်မှာပင် . . .

"အစ်မ . . မေသော်တာကို သိသွားပြီမှတ်လား . . နည်းနည်း စဉ်းစားကြည့်လိုက်ရင် ထပ်သိလာလိမ့်မယ် . . သူလည်း အစ်မတို့ သိုက်ကပဲဗျ . . အတူတူပဲ . . ဒါပေမယ့် သူက နောက်မှရောက်တာ . . အဲ . . ကျွန်တော်နဲ့အသက်အတူတူဆိုတော့ အစ်မထက်တော့ ငယ်လိမ့်မယ် . . ."

မခင်တုတ် ခေါင်းတညိတ်ညိတ်လုပ်သည်။ မောင်စိုး စကားတွေကို ဇာတ်ရည်လည်သလိုလိုရှိလာ၏။ သေချာသည်။ မောင်တော်ဘုရားနဲ့မောင်စိုး တစ်နည်းတစ်ဖုံ ပတ်သက်မှုရှိနိုင်သည်။

"အင်း . . မေသော်တာဆိုတဲ့နာမည်ကိုတော့ မကြားဖူးပါဘူး . . ဒါပေမယ့် ဘဝဟောင်းကတော့ အသိအကျွမ်းတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့ . . ဒါနဲ့ မောင်စိုးက ဘာလို့မေသော်တာအကြောင်းကို သိချင်



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ . . ပြီးတော့ သူ့အရင်ဘဝက ယောကျ်ားအကြောင်းတွေဘာတွေ မေးနေတယ်ဆိုတော့ မဟုတ်မှလွဲရော မောင်စိုးနဲ့ မောင်ဘုရားတွေနဲ့ အဆက်အသွယ်ရှိတယ်ထင်တယ် . . ."

မောင်စိုးက ခေါင်းကိုခါလိုက်သည်။ ပြီးတော့မှ သက်ပြင်းတစ်ချက်ချကာ . . .

"အဆက်အသွယ်ရှိဖို့ နေနေသာသာ အဲဒီသိုက်နဲ့ပတ်သက်တဲ့ကိစ္စကို ဟိုတလောလေးကမှ တီးမိခေါက်မိရှိတာပါ . . အဲဒါကလည်း ခုန ကျွန်တော်ပြောတဲ့ မေသော်တာနဲ့ ပတ်သက်နေလို့ပါ အစ်မရယ်"

မခင်တုတ်က တအံ့တသြနဲ့ ကြည့်ကာ . . .

"ဘယ် . . ဘယ်လိုများ ပတ်သက်နေတာလဲ . . မောင်စိုး"

"ဟို . . သူ . . သူက ကျွန်တော့်ကို ပြောလို့ပါ . ."

"ဘယ်လို ပြောတာလဲ . ."

"သူက သိုက်ကလာတာတဲ့ . . ."

"အင်း . . ."

"သူတို့လို သိုက်ကလာတဲ့ လူတွေဆို ဒီဘဝမှာ ယောကျ်ားယူလို့မရဘူးလို့ ပြောတယ် . . ပြီးတော့ အချိန်တန်ရင် ပြန်ရမှာလို့လည်း ပြောလို့ပါ . . အဲဒါ ကျွန်တော်လည်း သိုက်အကြောင်းနားမလည်တာနဲ့ အစ်မကို လာမေးတာပါ . . ဟို . . သူပြောတဲ့ဟာတွေက ဟုတ်လားဟင် . . ."

မခင်တုတ်ငြိမ်ကျသွားသည်။ သူထင်ထားသလို မောင်တော်ဘုရားနဲ့ပတ်သက်နေတာ မဟုတ်မှန်းသိလိုက်ရ၍ စိတ်အေးကာသွား၏။ အခု မောင်စိုးလာတဲ့ကိစ္စကို သိလိုက်ရပြီ . . မောင်စိုးက မေသော်တာဆိုတဲ့ ကောင်မလေးနဲ့ပတ်သက်ပြီး သိုက်အကြောင်းလာစုံစမ်းခြင်းဖြစ်၏။





"ဒါနဲ့ . . မေသော်တာနဲ့ မောင်စိုးက ဘာလဲ . ."

ရုတ်တရက် မခင်တုတ် အမေးကြောင့် မောင်စိုး ရှက်ကိုးရှက်ကန်းအမူအရာဖြစ်သွားသည်။ ရယ်ကျဲကျဲနဲ့ခေါင်းက ဆံပင်တွေကို လက်နဲ့ပွတ်ပြီးတော့မှ . . .

"ဟဲ . . အဟဲ . . အခုထိတော့ ဘာမှမဆိုင်သေးပါဘူး . . အစ်မရဲ့ . . အဲ . . နောက်တော့ ဆိုင်လာမှာပါ . . အဟီး . . အဲဒီဆိုင်ဖို့မဆိုင်ဖို့ကိစ္စကလည်း သိုက်နဲ့ဆိုင်နေတယ် . . သိုက်နဲ့ပြေလည်ရင် ကျွန်တော့်ဘက်က ဆက်ကြိုးစားလို့ရပြီ . . အခုတော့ သူနဲ့ကျွန်တော့်ကြားမှာ အဲဒီသိုက်က ကန့်လန့်ခံနေလို့ပါ . . အဲဒါကြောင့် သိုက်အကြောင်းသိချင်လို့ ဘာမေးတာပါ. . ."

မခင်တုတ်က ပြုံးစိစိဖြစ်သွားကာ ခေါင်းတညိတ်ညိတ်လုပ်၏။ ငါတို့လည်း ငယ်ရာကကြီးလာတာပါကွယ် ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ မောင်စိုးကို ကြည့်ပြန်သည်။ ခဏနေတော့မှ . . .

"အဲဒီမေသော်တာဆိုတဲ့ မိန်းကလေးပြောတာ ဖြစ်နိုင်ပါတယ် . . ဒါပေမယ့် သိုက်ကလာတဲ့ လူတိုင်းတော့ မဟုတ်ပါဘူး . . တချို့တွေဆို အိမ်ထောင်နှစ်ဆက်သုံးဆက်ကျတဲ့ လူတွေတောင်ရှိတယ် . ."

"ဒါ . . ဒါဆို . . မေသော်တာက ဘာလို့အိမ်ထောင်ပြု ရည်းစားထားလို့မရတာလဲ . ."

"သူက လွတ်လပ်သူမဟုတ်လို့ပေါ့ကွယ် . . အင်း . . မင်း နားလည်အောင် ရှင်းပြရရင် အရင်ဘဝမှာ ပိုင်ဆိုင်သူရှိထားရင် သူတို့က လိုက်နှောင့်ယှက်တတ်တယ် . . . ဥပမာ . . အစ်မလည်း ဒီအတိုင်းပဲ မောင်ဘုရားက အစ်မကို အရိပ်တကြည့်ကြည့်နေတာ . ."

မောင်စိုး နည်းနည်းတော့ ကျောချမ်းသွားသည်။ သူနဲ့ မခင်တုတ် အခုလိုထိုင်ပြီး စကားပြောနေတာတောင် မောင်ဘုရား တွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။ တော်ကြာ သူ့ကို ဒုက္ခလာပေးရင် ခက်မည်ဟု တွေးမိသောကြောင့် ဖြစ်ပါသည်။ ထိုသို့တွေးနေစဉ်မှာပင် မခင်တုတ်က စကားကို ဆက်၏။

"တချို့တွေကြတော့ သိုက်က လာတယ်ဆိုပေမယ့် လွတ်လပ်တယ် . . အိမ်ထောင်ပြုလို့ရတယ် . . ဒါပေမယ့် သိုက်က ဆွေတော်မျိုးတော်တွေကိုတော့ မေ့လို့မရဘူး . . ကြုံရင်ကြုံသလို အသိအမှတ်ပြုတာလေးတွေ လုပ်ပေးရတယ် . . အဲဒါမှ သူတို့ကလည်း ပြန်အကူအညီပေးတာ . . အဲ . . မေသော်တာတို့၊ အစ်မတို့လိုကြတော့ ဟိုဘက်ဘဝမှာကတည်းက ပိုင်ဆိုင်သူတွေရှိထားတော့ ဒီဘဝမှာ အိမ်ထောင်ပြုလို့မရဘူးပေါ့ကွယ် . . အဲဒီသဘောပါ . ."

မောင်စိုး မျက်နှာငယ်လေးဖြစ်သွားကာ . . .

"ဒါဆို ဘာမှလုပ်လို့မရတော့ဘူးလား ဟင် . . ဟို ကျွန်တော့်သူငယ်ချင်းပြောတော့ သိုက်ကြိုးဖြတ်ရင် ရတယ်ဆို . ."

မောင်စိုးစကားကြောင့် မခင်တုတ် သက်ပြင်းကိုချလိုက်ကာ. .

"ရတော့ ရပါတယ် . . ဒါပေမယ့် အဲဒီကိစ္စက အန္တရာယ်သိပ်များတယ် . . ကာယကံရှင်ကိုယ်တိုင် သဘောတူမှလုပ်တာ ကောင်းတယ် . ."

"ဘာလို့လဲ ဟင် . ."

မခင်တုတ် မျက်နှာတစ်ချက်တည်သွားသည်။ ပြီးမှ . . .

"ဘာဖြစ်လို့လည်း ဆိုတော့ သိုက်ကြိုးဖြတ်ပြီးသွားမှ ဒုက္ခတွေရောက်ရင် ဘယ်လိုလုပ်မလဲ . . အဲဒီကျမှ လက်ရှိစည်းစိမ်တွေ ပြုတ်သွားရင် ဘယ်လိုလုပ်မလဲ . . ဘေးအန္တရာယ်တွေကြုံလာရင် သိုက်က ဘယ်လိုလာစောင့်ရှောက်နိုင်မလဲ. . ကြိုးဖြတ်ပြီးမှ ဖြစ်လာတဲ့ ပြဿနာ သိုက်က တာဝန်မယူတော့ဘူးလေ . . စိတ်ဆိုးသွားတဲ့ သဘောပေါ့"





မောင်စိုး မျက်မှောင်ကြုတ်ကာ တစ်ချက်စဉ်းစားသွားသည်။ တစ်ခုခုကို သေချာသဘောမပေါက်သလို ခေါင်းခါလိုက်ပြီးမှ . . .

"သိုက်က မစောင့်ရှောက်လည်း သူ့အိမ်က သူ့ကိုစောင့်ရှောက်လို့ရတာပဲ မဟုတ်ဘူးလား . . အခု သူ့ကို ကျောင်းထားပေးတာတို့၊ ထမင်းကျွေးတာတို့၊ အဝတ်အစားဝယ်ပေးထားတာတို့က သူ့အိမ်က လုပ်ပေးတာ မဟုတ်ဘူးလား ဟင် . ."

မခင်တုတ်၊ မောင်စိုး စကားကြောင့် ခေါင်းရှုပ်သွားသည်။ လတ်တလော ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်သွားလေသည်။ တော်တော်လေး စဉ်းစားပြီးတော့မှ . . .

"ဟုတ်တော့ ဟုတ်တယ်လေ . . ဒါပေမယ့် အဲဒါတွေ အားလုံးက သိုက်ကပံ့ပိုးမှုတွေ ပါတာပေါ့ . . မင်း နားလည်အောင် ပြောရရင် မမြင်ရတဲ့ ပံ့ပိုးမှုတွေ ပါတယ်ပေါ့ကွယ် . ."

မမြင်ရတဲ့ ပံ့ပိုးမှုဆိုတာ မောင်စိုး နားမလည်။ မမြင်ရမှတော့ ဘာတွေများ ပံ့ပိုးလို့ရလည်းမသိ။ သို့သော် ထပ်မေးမနေတော့ပေ။ အခုလောက် စုံစုံလင်လင်သိရတာတောင် မခင်တုတ်ကို ကျေးဇူးတင်လှပြီ။ ဒီလောက်ဆို သိုက်အကြောင်း တီးမိခေါက်မိရှိသွားပြီ။ ကျန်တာကို ကိုယ့်ဘာသာကိုယ် မီးစင်ကြည့်ကရုံသာ ရှိတော့၍ မခင်တုတ်ကို နှုတ်ဆက်၍ ပြန်လာခဲ့ပါတော့သည်။

အိမ်ပြန်ရောက်တော့ မောင်စိုး သက်ပြင်းချမိ၏။ မေသော်တာနဲ့ သူနဲ့နီးစပ်ဖို့ အရေးသည် တော်တော်လေးရှုပ်ထွေးမှုရှိလာမည်ဟု တွေးမိသောကြောင့်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလင်းမှုန်ပျပျ

တသသလှုပနေတဲ့ ဒီညမှာ

ချစ်သူရေ

လွမ်းတယ်...!

www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်း မိုးဖွဲဖွဲလေး ကျနေပါသည်။ ကျောင်းသွားကျောင်းလာများက ထီးကိုယ်စီနဲ့ရှိကြ၏။ ထုံးစံအတိုင်း မောင်စိုးမှာ ထီးမပါလာ။ ဘယ်သူနဲ့ကပ်စောင်းရမလဲ ချောင်းနေရင်း ကန်တင်းမှာထိုင်နေသည်။

ထီးမဆောင်းတတ်တဲ့ အကျင့်ကလည်း သူ့အတွက်ဒုက္ခ၊ ဒီအကျင့်အတွက် မိုးတွင်းမှာ ခဏခဏ ဖျားသည်။ ငယ်ငယ်ကဆို မိုးရွာတဲ့နေ့တွေမှာ ကျောင်းကနေအိမ်အထိ မိုးရေထဲမှာ လမ်းလျှောက်ပြန်တတ်၍ ခဏခဏအရိုက်ခံရသည်။ ဘယ်တော့မှလည်း မလွတ်၊ ထီးပေးလိုက်လည်း ဘယ်နားပျောက်ကျကျန်ခဲ့လို့ ကျန်ခဲ့မှန်းမသိ။ နောက်တော့ အိမ်က သူ့ကို ထီးမပေးတော့ . . .။

အခုလည်း မောင်စိုးအပြင်ကို ငေးနေရင်း အသိအကျွမ်းလေး တစ်ယောက်တလေတွေ့မလား စောင့်နေမိ၏။ အခုထိတော့ ဘယ်သူမှ မတွေ့သေး။ ငယ်ငယ်တုန်းကလို မိုးရေထဲပြေးပြီး အတန်းထဲသွားရအောင်လည်း မဖြစ်တော့ပေ။ အဝတ်အစားတွေ စိုရွှဲသွားနိုင်၏။

ထိုအချိန်မှာ ကန်တင်းရှေ့ခပ်သုတ်သုတ် ဖြတ်လျှောက်သွားတော့ လင်းနိုင်ဦးကို တွေ့လိုက်ရ၍ မောင်စိုးပျော်ကာသွား၏။ လင်း





နိုင်ဦးမှာတော့ ထီးပါမလာ။ မိုးကာအင်္ကျီလိုဟာမျိုးကို ခေါင်းမှာခြုံရင်း လျှောက်လာခြင်း ဖြစ်၏။ ဒီအတိုင်း တစ်ယောက်တည်း ထိုင်နေတာထက်စာရင် လင်းနိုင်ဦးရှိတော့ အပျင်းပြေနိုင်သည်ဟု တွေးရင်း လှမ်းခေါ်လိုက်မိသည်။ သူ့ခေါ်သံကြားတော့ လင်းနိုင်ဦး လှည့်ကြည့်ပြီး ဆိုင်ထဲဝင်လာ၍ . . . .

"ဘယ်လိုဖြစ်လို့ တစ်ယောက်တည်း လာထိုင်နေတာလဲ . . Class မတက်ဘူးလား . ."

မောင်စိုးက ခုံတစ်လုံးထိုးပေးရင်း . . .

"မိုးတွေ ဒီလောက်ရွာနေတာ မတွေ့ဘူးလား . ."

"မိုးရွာနေတာတော့ တွေ့တာပေါ့ . . မိုးရွာတိုင်းသာ အတန်း မတက်ဘူးဆို ဘယ်လိုလုပ်မလဲ . ."

မောင်စိုး ခေါင်းကို ကုတ်လိုက်သည်။

"ထီးပါမလာလို့ပေါ့ကွာ . . အဲဒါကြောင့် မင်းကိုလှမ်းခေါ်တာ"

လင်းနိုင်ဦးက ရေနွေးကြမ်းတစ်ခွက်ငှဲ့လိုက်ရင်း . . .

"ဘာလုပ်မလို့လဲ . . ."

"ပျင်းလို့ . . ."

ဘာကွ . . ."

လင်းနိုင်ဦး မျက်လုံးပြူးရင်း အော်သည်။ မောင်စိုးက ခပ်အေးအေးပင် စကားကို ဆက်သည်။

"မင်းရဲ့မိုးကာအင်္ကျီက နှစ်ယောက်ဆန့်လား . . ."

"မင်း ရူးနေလား . . ဘယ်လိုလုပ်နှစ်ယောက် ဆန့်မှာလဲ . ."

"ခေါင်းမှာ ဆောင်းသွားရင် ဆန့်မလားမေးတာ . ."

လင်းနိုင်ဦးက ခေါင်းခါခါ လည်ခါခါဖြင့် . . .

"ရှုပ်ရှုပ်ယှက်ယှက် ဝတ်ချင်ဝတ်ပေါ့ . ."



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးက အရေးမစိုက်သလို ဆေးလိပ်ကို တစ်ချက်ဖွာလိုက်ပြီး . . .

"ငါ . . သိုက်အကြောင်း နည်းနည်းပါးပါး စုံစမ်းထားပြီးသွားပြီ သိလား . . ."

လင်းနိုင်ဦးက ကြောင်တောင်တောင်နဲ့ လှည့်ကြည့်ရင်း . .

"ဘယ်က သိုက်လဲ . ."

"မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ တော်တော်မေ့တတ်တာပဲ . . မေသော်တာနဲ့ပတ်သက်တဲ့ သိုက်ကိုပြောတာ . ."

လင်းနိုင်ဦး ခေါင်းညိတ်လိုက်ကာ . . .

"အင်း . . ပြောစမ်းပါဦး . . ဘာတွေထူးခြားလဲ . ."

"ဘာတွေ ထူးခြားလဲဆိုတော့ ငါတို့အပေါ်ထပ်က အပျိုကြီးကလည်း သိုက်ကကွ . . သူ့ကိုသွားမေးကြည့်တော့ သိုက်ကြိုးဆိုတာ ဖြတ်ချင်တိုင်း ဖြတ်လို့မရဘူးပြောတယ် . . ကာယကံရှင် ကျေနပ်မှတဲ့ . . မကျေနပ်ရင် လူကိုဒုက္ခဖြစ်စေတယ်တဲ့ . . ."

လင်းနိုင်ဦးက ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်နေ၏။ ဘာမှတော့ ဝင်မပြော။ မောင်စိုးက စကားကို ခဏရပ်ကာ အဝေးကို မျှော်ငေးကြည့်သည်။ တော်တော်လေးကြာတော့မှ . . .

"မေသော်တာ အဖြတ်ခံပါ့မလား မသိဘူးကွာ . ."

ဟုပြောရင်း ခေါင်းငိုက်စိုက်ကြသွားလေတော့သည်။

လင်းနိုင်ဦးက မောင်စိုးပခုံးကို ပုတ်လိုက်ကာ . . .

"အဲဒီလောက်ထိလည်း တွေးပူမနေပါနဲ့ကွာ . . သူ အဖြတ်ခံချင်လည်း ခံမှာပေါ့ . . မင်းတွေးတာ အဆင့်တွေကျော်နေပြီ သူငယ်ချင်း . . အရင်ဆုံး မေသော်တာနဲ့ မင်း ဒီ့ထက်ရင်းနှီးအောင် လုပ်ရဦးမှာ . . သံယောဇဉ်တွေ ပိုပြီးခိုင်မာလာအောင် ဆောင်ရွက်ရဦးမှာ





. . ပြီးမှ မင်းလုပ်ချင်တာ ပြောလို့ရမှာပေါ့ . . ဒီအတိုင်း သိုက်ကြိုးဖြတ်မလား . . သွားမေးလို့ကတော့ ဟိုက မင်းကို ပါးရိုက်လွှတ်လိုက်မှာပေါ့"

မောင်စိုး၊ လင်းနိုင်ဦးရဲ့စကားကြောင့် တွေတွေကြီးဖြစ်သွားပြီး ခေါင်းကိုညိတ်လိုက်သည်။ ပြီးတော့ ရေနွေးကြမ်းကိုငုံလိုက်၏။ ခဏလောက် ပါးစပ်ထဲ ငုံထားပြီးမှ တစ်ချက်မျိုချလိုက်ကာ . . .

"မင်းပြောတာ ငါ သတိမထားမိလိုက်ဘူး . . ဟုတ်တယ် . . ငါ အဆင့်တွေ တော်တော်ကျော်သွားတယ် . . အဓိကကို မေ့နေတယ် . . ကျေးဇူးပဲ . . သူငယ်ချင်းရာ လာ . . သွားရအောင် . . ."

ဘာမပြော ညာမပြောနဲ့ မောင်စိုး ရုတ်တရက်ကြီးထလိုက်တော့ လင်းနိုင်ဦး ကြောင်တောင်တောင်နဲ့ကြည့်ကာ . . .

"ဘယ်လိုဖြစ်ရပြန်တာတုန်း . . နေပါဦး ဟ . . ."

"မနေတော့ဘူး သူငယ်ချင်း ငါ့အတွက် အချိန်တွေက အရေးကြီးနေပြီ . . ဒီအချိန် မေသော်တာ အခန်းထဲရောက်နေပြီကွ . . အချိန်ရှိတုန်းလေး ရင်းနှီးမှုရအောင် ယူထားဦးမှ . ."

ပြောရင်း မောင်စိုးက လင်းနိုင်ဦးချွတ်ပြီး တင်ထားတဲ့ ဂျာကင်ကို လှမ်းယူကာ ဝတ်ပြီးထွက်သွားလေတော့သည်။

ရုတ်တရက်ဆိုတော့ လင်းနိုင်ဦးလည်း ကြောင်ကြည့်နေမိ၏။ ခပ်ဝေးဝေး ရောက်သွားတော့မှ အသိဝင်သွားကာ အသံကုန်လှမ်းအော်တော့သည်။

"ဟေ့ကောင် . . ဘာလုပ်တာလဲ . . ငါ့ကိုစောင့်ဦး . ."

မောင်စိုးက လှည့်တောင်မကြည့်တော့ပေ။ မိုးရေထဲမှာ ခပ်သုတ်သုတ် လျှောက်ကာသွားရင်း ထွက်သွားပါတော့သည်။

လင်းနိုင်ဦးသာ မျက်လုံးပြူးကာ ယောင်ပေပေနဲ့ကျန်ခဲ့လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး အတန်းရှေ့ရောက်တော့ ဆရာမတောင် စာသင်နေပြီဖြစ်သည်။ ထို့ကြောင့် အရှေ့ပေါက်က မဝင်ဘဲ အနောက်ဘက်အပေါက်က အသာလေးဝင်ကာ အနီးဆုံးခုံမှာ ဝင်ထိုင်လိုက်၏။ ထို့နောက် တစ်ခန်းလုံးကို မျက်လုံးဝေ့ကာ ရှာတော့ မေသော်တာကို သူထိုင်နေကျ ရှေ့ဆုံးညာဘက်အစွန်လေးမှာ တွေ့လိုက်ရပါသည်။

မောင်စိုး မေသော်တာရဲ့နောက်စေ့လေးကို ငေးကြည့်နေမိသည်။ ရုပ်မမြင်ရပေမယ့် သူ့နောက်ဘက်က ဆံပင်လေးမြင်နေရတာတောင် ရင်ထဲမှာကြည်နူးနေမိ၏။ အဲဒီလောက်ချစ်သည်။ မျက်နှာလေးအပြင် နောက်စေ့လေးကိုပါ ချစ်သည်။ ထိုအချိန်မှာ ကျောင်းသားတွေရဲ့ ရုတ်တရက်အသံထွက်လာတော့၏။

“နားလည်ပါတယ် ဆရာမ . .”

ဆရာမ ဘာပြောလိုက်လည်း မောင်စိုး မသိလိုက်။ ကျောင်းသားတွေ အော်သံကြားတော့မှ ယောင်ကန်းကန်းနဲ့လိုက်အောင်လိုက်တော့ . . .

“နောက်စေ့ပါ ဘုရား . .”

“ဟေ . . .”





မောင်စိုးကို ကြောင်တောင်တောင်နဲ့ ဆရာမက ကြည့်သည်။ တစ်ခန်းလုံးကလည်း မောင်စိုးထိုင်နေတဲ့နေရာကို လှမ်းကြည့်ကြ၏။ မောင်စိုး သူ့ကိုယ်သူလည်း ကြောင်တောင်တောင်ဖြစ်သွား၏။ အမှန်တော့ သူ့အသံက တစ်ခန်းလုံးရဲ့ အသံကို ဖောက်ထွက်သွားနိုင်စရာတော့ အကြောင်းမရှိ။ သို့သော် ကံဆိုးတော့ ယောင်ကန်းကန်းနဲ့လိုက်အော်မိတာ အားလုံး တက်ညီတစ်ညာအော်တာထက် နောက်ကျပြီး တစ်ယောက်တည်း ချွန်အော်မိလို့ဖြစ်၏။

သို့သော် အခုမှတော့ သွားပြီး ဆရာမက မောင်စိုးမျက်နှာကို မျက်မှန်ပေါ်မှ ကျော်ကြည့်ကာ . .

“မင်း . . ဘာအော်လိုက်တာလဲ . .”

မောင်စိုး မတ်တတ်ရပ်ပြီး အသံတုန်တုန်နှင့် . . .

“ဘာ . . ဘာမှ . . မ . . မအော်မိပါဘူး ဆရာမ . .”

ဆရာမက ခေါင်းကို ဖြည်းညှင်းစွာခါရင်း . . .

“မင်း တစ်ခုခု အော်လိုက်ပါတယ် . . ဘာအစေ့ဆိုလဲ မသိဘူး ငါကြားလိုက်တယ် . . .”

တစ်ခန်းလုံး ရယ်သံခပ်အုပ်အုပ် ကြားလိုက်ရသည်။ မောင်စိုးမှာတော့ ချွေးတွေပျံနေပြီ . . ဆရာမကို ဘာပြောလို့ ပြောရမှန်းမသိ၊ ခေါင်းကိုကုတ်လိုက်၊ နှာခေါင်းပွတ်လိုက်နှင့် ပြဿနာတက်ပြီ . . .

သို့သော် တစ်ခုခုတော့ ပြန်ဖြေမှ သင့်တော်လိမ့်မည်။ တစ်ခန်းလုံးကလည်း ကြောင်တောင်တောင်နဲ့ သူ့ကို ကြည့်နေကြပြီဖြစ်သည်။ ထို့ကြောင့် . . .

မောင်စိုး . . တံတွေးကိုတစ်ချက်မျိုချလိုက်ကာ . . .

“ဟို . . ဒီလိုပါ . . ဆရာမ . . ကျွန်တော် ယောင်သွားလို့ပါ”

“ဘာတွေ တွေးနေတာလဲ . .”



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး ခေါင်းကို ကုတ်၏။

"အိမ်မှာ အမေက သရက်စေ့စိုက်နေတာ သတိရပြီး တွေးမိလို့ပါ . . အဲဒီအချိန်မှာ တစ်ခန်းလုံး အော်သံကြားတော့ ကျွန်တော် ရောယောင်ပြီး ထွက်သွားတာ . . "

တစ်တန်းလုံး ရယ်သံဝါးခနဲထွက်ကာသွား၏။ မောင်စိုးရှက်ရှက်နဲ့ ပြန်ထိုင်လိုက်ကာ ရှေ့မှာချထားတဲ့ စာအုပ်ကို တောလှန်တောင်လှန် လှန်နေလိုက်တော့သည်။ ဒီကြားထဲ မေသော်တာကို တစ်ချက်ခိုးကြည့်လိုက်သေး၏။

ထုံးစံအတိုင်း နောက်စေ့လေးသာ မြင်ရလေတော့သည်။

ထို့နောက် ဆရာမက စာဆက်သင်သည်။ အချိန်တန်တော့ အတန်းပြီးသွား၍ ဆရာမထွက်သွား၏။ ထိုအချိန်မှာပဲ လင်းနိုင်ဦးက အတန်းထဲ အူယားဖားလျား ပြေးဝင်လာတာ တွေ့လိုက်ရပါတော့သည်။ လင်းနိုင်ဦး အတန်းထဲရောက်တော့ မောင်စိုးကို ရှာသည်။ အနောက်ပေါက် တည့်တည့်ခုံမှာ တွေ့တော့ ပြေးလာကာ လက်မောင်းကို တစ်ချက်လှမ်းထိုးလိုက်ပြီး . . .

"သေချင်းဆိုး . . ငါ့ကို တစ်ယောက်တည်း ထားပြီး ဘာလို့ ထွက်သွားတာလဲ . . . "

"အတန်း တက်ချင်လို့ပေါ့ကွ"

"ဟ . . ငါ့ကို စောင့်ပါလား . . ငါလည်း အတန်းတက်ဖို့ လာတာပဲ . . "

"မင်းပါလာတဲ့ မိုးကာအင်္ကျီက တစ်ထည်တည်း မဆန့်ဘူးဆို"

လင်းနိုင်ဦး ဘာပြောရမှန်း မသိဘဲ ကြောင်တောင်တောင်နဲ့ မောင်စိုးကို ကြည့်နေလေသည်။ ပြီးတော့ ဘာမှမပြောတော့ . . ဘဲ သူ ထိုင်နေကျ ခုံမှာ သွားထိုင်တော့၏။ မောင်စိုးကလည်း လင်းနိုင်ဦး





နောက်က လိုက်သွားကာ ဘေးမှာ အသာဝင်ထိုင်ရင်း . . .

"မေသော်တာက တစ်နေ့တစ်ခြား ပိုပြီးချစ်ဖို့ကောင်းလာတယ်ကွ . . သိလား . . "

လင်းနိုင်ဦးက နောက်တစ်ချိန် ဘာသာရပ်အတွက် စာအုပ်တွေ ကြိုထုတ်ကာ ပြင်ဆင်နေ၏။ မောင်စိုးကို ဘာမှပြန်မပြော။ သက်ပြင်းတော့ ဖြည်းညင်းစွာချ၏။ မောင်စိုးက မေသော်တာ့ကို နောက်ကျောလေးကို ငေးကြည့်ကာ . . .

"ငါသူ့ကို တစ်နေ့တစ်ခြား ပိုချစ်လာတယ်ကွာ . . လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ဘူး . . ထမင်းစားဆင်းရင် သူ့နောက်လိုက်သွားမယ်ကွာ . . သိလား . . "

လင်းနိုင်ဦးက အေးပြီးရော ခေါင်းညိတ်ပြလေ့ . . .

"မင်းပါ လိုက်ခဲ့ . . . "

"ဟင် . . . "

လင်းနိုင်ဦး . . မောင်စိုးကို ကြောက်လန့်တကြားလှည့်ကြည့်ကာ . . .

"မင်းဟာ မင်းသွားပါလား . . ငါ မအားဘူး . . "

မောင်စိုးက ခပ်အေးအေးပင် ကြည့်၍ . . .

"မင်း အလုပ်မှမရှိဘူးဆိုတာ ငါသိပါတယ်ကွာ . . အပိုတွေ ပြောမနေပါနဲ့ . . လိုက်ခဲ့စမ်းပါ . . "

လင်းနိုင်ဦးက ရလိုရငြား နောက်တစ်မျိုး ထပ်ပြော၏။

"အားတယ်ပဲထားပါတော့ . . မင်းနောက်လိုက်ပြီး ငါက ဘာလုပ်ရမှာလဲ . . ဒါမျိုးဆိုတာ တစ်ယောက်တည်း လှုပ်ရှားရတယ်ကွ . သိလား . . "

ဒီတစ်ခါတော့ မောင်စိုး တွေဝေသွားသည်။ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုးပုံစံကို ကြည့်၍ အားတက်သွားသည်။ ခဏကြာတော့ မောင်စိုးက ခေါင်းညိတ်ပြကာ . . .

"ဟုတ်တယ် . . မင်း မလိုက်နဲ့တော့ . . ငါတစ်ယောက်တည်း လိုက်သွားတော့မယ်"

လင်းနိုင်ဦး မျက်နှာသည် ရေငတ်တုန်း ချောင်းထဲပြုတ်ကျသော မျောက်တစ်ကောင်လို ဣန္ဒြေမရ ပျော်သွားလေတော့သည်။ သို့သော် သူပျော်ရွှင်သွားတာကို သိပ်မပြရဲ။ တော်ကြာ မောင်စိုးက စိတ်ပြောင်းပြီး အတင်းပြန်ခေါ်နေမှာစိုးလို့ဖြစ်၏။ ထို့ကြောင့် . . .

"ငါမလိုက်ချင်လို့ မဟုတ်ဘူးဆိုတာ မင်း နားလည်ပါတယ်နော်"

ဆိုပြီး တစ်ချက်ကာပြောလိုက်သေး၏။ မောင်စိုးကတော့ သူ့စကားကို မကြားသည့်အလား မေသော်တာကို ငေးကြည့်နေတော့၏။

ကျောင်းသား၊ ကျောင်းသူတို့၏ အသံများသည် တစ်ခန်းလုံး ဆူညံနေပါတော့သည်။

မေသော်တာသည် လမ်းလျှောက်ရင် ခပ်သွက်သွက်လျှောက်တတ်သည်။ သူများတွေလို စတိုင်လ်တွေ ပဲတွေမများဘဲ ခပ်မြန်မြန်လေးလှမ်းတတ်၏။ သို့သော် မေသော်တာ ဘယ်လောက်မြန်အောင် လျှောက်လျှောက် မောင်စိုးကတော့ အသာလေးမှီအောင် လိုက်နိုင်ပါသည်။

သမိုင်းဌာနထဲကထွက်တော့ မေသော်တာကို မောင်စိုးမီသွားပြီ။ သို့သော် ချက်ချင်းရင်ပေါင်တန်း မလျှောက်ရဲသေးဘဲ ခပ်ခွာခွာလေးက ခပ်ရို့ရို့လေးလိုက်၏။ မေသော်တာသည် သိုင်းတတ်ပြီး အကြားအမြင်အာရုံရ အတွင်းအားပညာရှင်တစ်ယောက် ဖြစ်ပါက မောင်စိုးလိုက်လာတာကို ရိပ်မိလိမ့်မည်ဖြစ်၏။ အခုတော့ သိုင်းပညာရှင်တစ်





ယောက် မဟုတ်၍ မောင်စိုးလိုက်လာတာကို မရိပ်မိ။ မောင်စိုးကလည်း ကိုယ်ဖျောက်ပညာမသုံးဘဲ ဒီအတိုင်းလိုက်လာခြင်းဖြစ်၏။

ခဏလေးကြာတော့မှ မောင်စိုး အနားကပ်သွားကာ . . .

"မေသော်တာ . ."

"ဟောတော့ . . ."

အဲဒီလို မေသော်တာက ယောင်ပြီးလှည့်ကြည့်တော့ မောင်စိုးကိုတွေ့လိုက်ကာ . . .

"ဘာလိုက်လုပ်တာလဲ . . လန့်သွားတာပဲ . ."

"ငါ နင်နဲ့စကားပြောချင်လို့ဟ . ."

"ငါ မအားဘူး . ."

မေသော်တာ ဘက်က အဲဒီလို လိုက်လိုက်လျောလျော ရှိ၏။ မောင်စိုးကတော့ ဘာပြောပြော ဆက်လိုက်ဖို့ ဆုံးဖြတ်ပြီးသား ဖြစ်သောကြောင့် . . .

"နင်က ငါ့ဆို အမြဲတမ်း အဲဒီလိုပဲ ဆက်ဆံတာပဲနော် . . မေသော်တာရယ် နင် ငါ့အပေါ်မှာ သူငယ်ချင်းတစ်ယောက်လိုတော့ ဆက်ဆံသင့်ပါတယ်ဟာ . . ငါတို့ တစ်တန်းတည်းသားတွေပါ . ."

မောင်စိုးက မျက်နှာငယ်လေးနဲ့ ပြောတော့ မေသော်တာ မျက်နှာရှုံ့သွားကာ . . .

"ငါက နင့်ကို သူငယ်ချင်းလို သဘောထားလည်း နင်က ငါ့ကို သူငယ်ချင်းတစ်ယောက်လို သဘောထားမှာမှမဟုတ်တာ . . ငါ့ကို တွေ့ရင် နင်အမြဲပဲ ဘာမဟုတ်တဲ့စကားတွေပဲ လိုက်ပြောနေတာပဲ မဟုတ်လား . ."

မောင်စိုးက သူ့မျက်နှာကို ငယ်သထက်ငယ်အောင် ထပ်လုပ်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ရင်ထဲကလာတဲ့ ဆန္ဒကို ထိန်းချုပ်မရနိုင်လို့ပါဟာ . . ဒါပေမယ့် . . နင် . . နင် မကြိုက်ရင် လောလောဆယ် ငါမပြောတော့ပါဘူး . . . စိတ်ချပါ . . . "

မောင်စိုးက ဟိုလိုလို ဒီလိုလိုလေး ကတိပေး၏။ လောလောဆယ်ဆိုတဲ့ စကားပါနေ၍ နောက်ဆိုရင်တော့ အာမမခံနိုင်ဆိုတဲ့ သဘောသက်ရောက်၏။ မသော်တာကလည်း မောင်စိုးရဲ့ စကားအဓိပ္ပါယ်ကို သဘောပေါက်ပါသည်။ သို့သော် ဘာမှတော့ ပြန်မပြောတော့ . . အခု လောလောဆယ် နားငြီးသက်သာရင်ပြီးရောဆိုပြီး ထားလိုက်တော့၏။ မောင်စိုးပုံက နှင်လွှတ်လည်း သွားမယ့်ရုပ်မဟုတ်၊ အော်လွှတ်ရအောင်လည်း မောင်စိုးဘက်က သူမကို ကာအိန္ဒြေပျက်အောင် လိုက်စော်ကားနေတာမဟုတ်၍ မသိလိုက်မသိဘာသာဘဲ နေလိုက်တော့သည်။

မောင်စိုးကတော့ မသော်တာ ငြိမ်သွားတာတွေ့လိုက်ရ၍ အားတက်ကာသွားသည်။ ဖားပျံလို လိုက်ကပ်နေရာမှ တောက်တဲ့လို ထပ်ကပ်ရန် ကြိုးစား၏။ နည်းနည်း စိတ်ထဲရဲသွား၍ တစ်ဆင့်တိုးပြီး ကပ်သွားကာ . . .

"နင် ဘယ်သွားမလို့လဲ . . "

"ဘယ်သွားသွားပေါ့ . . . "

"ငါလည်း လိုက်ချင်တယ်ဟာ . . "

မသော်တာ ဆတ်ခနဲ လှည့်ကြည့်ကာ . . .

"နင်နဲ့ဘာဆိုင်လို့လဲ . . မလိုက်နဲ့ . . . "

မောင်စိုး ယောင်တောင်တောင်နှင့် ခြေလှမ်းရပ်ပြီး ကျန်ခဲ့တော့မလို လုပ်ပြီးမှ အားတင်းကာ ဆက်လိုက်လာ၏။

"မသော်တာရယ် နင့်အပြောတွေက တစိမ်းဆန်လိုက်တာ





. . ငါက နင် တစ်ခုခုလိုရင် အကူအညီပေးမလို့ပါ . . "

အမှန်တော့ သူ့စကားက အဓိပ္ပါယ်မရှိမှန်း မောင်စိုး သိ၏။ ပါးစပ်ထဲရှိရာပြောလိုက်ခြင်းဖြစ်သည်။ တက္ကသိုလ်လိုနေရာမျိုးမှာ ကျောင်းသူတစ်ယောက်ကို ဘယ်သူကမှ ချုံခိုတိုက်ခိုက်စရာလည်း မရှိ၊ ပြီးတော့ တခြားအန္တရာယ်ကျရောက်စရာလည်း လမ်းမရှိ။

မသော်တာက ယုတ္တိမရှိသော မောင်စိုး၏စကားကို အရေးမလုပ်ဘဲ ဆက်လျှောက်သွားသည်။ မောင်စိုးက အနောက် ပေတေတေနဲ့ဆက်လိုက်၏။ အဆောင်တစ်ခုရှေ့ရောက်တော့ သူမရုတ်တရက်ချိုးဝင်သွားကာ မိန်းမအိမ်သာတစ်ခုထဲ ခပ်သုတ်သုတ်ဝင်သွားလေတော့သည်။

ရုတ်တရက်ဆိုတော့ မောင်စိုးခမျာ အရှိန်မသေသေးဘဲ အပေါက်ဝနားလောက်ထိ ရောက်သွားသေး၏။ အိမ်သာထဲက ထွက်လာတဲ့ ကျောင်းသူတစ်ယောက်က သူ့ကိုကြည့်ပြီး . . .

"ဟဲ့ . . ဒါနော် . . မိန်းမအိမ်သာနော် . . အူကြောင်ကြောင်မလုပ်နဲ့ . . ဘွာတေးလုပ်လို့ရတဲ့ ကိစ္စမဟုတ်ဘူး . . "

မောင်စိုး အသိဝင်သွားတော့ ရှက်ကိုးရှက်ကန်းနှင့် . . .

"အဲ . . ဟို . . ဒီကလည်း တော်တော်ဆိုးဆိုးဝါးဝါးခံစားနေရလို့ မျှော်ပြီးဝင်လာမိတာ . . ဆောတီးပါ . . . "

လို့ပြောပြီး လှည့်ထွက်ခဲ့ရတော့၏။ သို့သော် ကော်ရစ်တာအချိုးရောက်တော့ နံရံမှာအသာကပ်ရပ်ကာ ခုနကျောင်းသူထွက်သွားသည်အထိ စောင့်ပြီး အိမ်သာအပေါက်ဝနားမှာ ရစ်သီရစ်သီ ပြန်လုပ်နေလိုက်ပါတော့သည်။

ဒီတစ်ခါတော့ ခပ်လှမ်းလှမ်းမှာသာ ရပ်ရဲတော့သည်။ အပေါက်ဝနားထိတော့ မသွားရဲတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာထဲရောက်တော့ နာရီကိုကြည့်ပြီး စိတ်ပူသွားမိသည်။ မမိရင်တော့ ဒုက္ခပဲ ဟုရေရွတ်ရင်း မတ်တတ်ရပ်နေမိ၏။ မတ်တတ်ရပ်နေရတဲ့ သဘောကလည်း ဘာလုပ်ရမှန်းမသိ၍ ရပ်နေရခြင်းဖြစ်ပြီး အစကတည်းက အိမ်သာသွားချင်၍ ဝင်လာခဲ့ခြင်းလည်း မဟုတ်။ မောင်စိုး ဘေးနားက ကပ်ပါလာ၍ တမင်လှည့်ဝင်လာတဲ့ သဘော . . .။

ဒီအထဲရောက်မှ လုပ်ရမယ့်ကိစ္စကို သတိရပြီး စိတ်ညစ်သွားရ၏။ အချိန်က တော်တော်နီးစပ်နေပြီ။ ဗိုလ်တထောင်ဆိပ်ကမ်းအထိ သွားရမယ့်ကိစ္စ၊ လုပ်ရမယ့်အလုပ်က ဆွေတော်မျိုးတော်တွေအတွက် မြစ်ထဲမှာ နဂါးစာမျှောဖို့အတွက်ဖြစ်သည်။ နဂါးစာဆိုတာ ပေါက်ပေါက်ဆုပ်နဲ့နွားနို့ကို မြစ်ထဲမှာမျှောဖို့ လုပ်ရမယ့်အချိန်က နေ့လယ်တစ်နာရီ၊ အခု ၁၁းဝဝနာရီထိုးပြီးသွားပြီ။ သွားဖို့လာဖို့နဲ့အချိန်ကျော်သွားရင် ဒုက္ခဟု တွေးရင်း စိတ်ညစ်လာ၏။

မကြာကြာတော့ မောင်စိုးသွားလောက်ပြီထင်ပြီး အိမ်သာထဲက အထွက်တွင် မတ်တတ်ကြီးရပ်ပြီး အုတ်နံရံမှီကာ ရပ်ကြည့်နေသော





ကိုယ်တော်ချောကို တွေ့ရ၍ မသော်တာ တော်တော်စိတ်ညစ်သွားသည်။ သို့သော် ခဏချင်းပင် အကြံတစ်ခုရသွား၍ မောင်စိုးနားကပ်သွားကာ . . .

"နင် ငါ့နောက်ကို တကယ်လိုက်ချင်တာလား . . ."

ရုတ်တရက် မေးလိုက်သော သူမစကားကြောင့် မောင်စိုး မျက်လုံးပြူးကြောင်ကြောင်ကြီး ဖြစ်သွားကာ . . .

"ဘာ . . ဘာပြောလိုက်တာလဲ ဟင် . ."

"နင် နားတော့ မလေးပါဘူးနော် . . ."

"ဟင့်အင်း . . ."

"နင် ငါ့နောက်ကို တကယ်လိုက်ချင်တာလားလို့ . . ."

မောင်စိုး ပါးစပ်က ရုတ်တရက်အဖြေမထွက်။ မျက်လုံးသာ ပိုပြူးထွက်လာသည်။ ထင်မထားသောစကားကို ကြားလိုက်ရသောကြောင့် အပျော်လုံးက မျက်လုံးမှာ တဘ်ဆို့သွားပုံရသည်။ မောင်စိုးဆီက အဖြေမရခင်မှာပင် မသော်တာ၏ ရှေ့မှ ဦးဆောင်ထွက်သွားပါတော့သည်။ မောင်စိုး ခြေလှမ်းများက အိပ်မက်ထဲလမ်းလျှောက်သူလို မသော်တာ နောက်ပါသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လိုက် သာလိုက်လာရသည် မောင်စိုးစိတ်ထဲ အခုထိ ဘာမှ မသဲကွဲသေး။ ကျောင်းအပြင်အထိ ဘတ်စ်ကားစီးသည်။ ထို့နောက် Taxi ငှားလို့လွယ်မယ့်နေရာရောက်တော့ ဆင်းပြီး ကားငှားကာ ခရီးဆက်၏။ သူမေးတာလည်း ပြန်မပြော။

“လျှာမရှည်နဲ့ . . လိုက်ခဲ့ . . မလိုက်ရင်လည်း နေခဲ့ . . ”

ဟူ၍သာ ပြန်ပြောနေ၍ ခပ်ဆိတ်ဆိတ်နေခဲ့ရ၏။ တစ်ခုတော့ သိသည်။ ခုန ကားငှားတုန်းက ဗိုလ်တထောင်ဆိပ်ကမ်းဘက်ကိုဆိုလား ပြောသံကြားလိုက်ရ၏။ သူ့ဘဝကတော့ မေသော်တာ နောက်ကပ်ပါနေရရင် ပြီးရောဖြစ်၍ ဒလဘက်ပါကူးကူး လိုက်ရမှာပဲဖြစ်လေသည်။

ဗိုလ်တထောင်ဆိပ်ကမ်းကိုရောက်တော့ မေသော်တာက ကျောပိုးအိတ်ကို ဖွင့်ကာ ဟိုရှာဒီရှာလုပ်သည်။ ကျောပိုးအိတ်ထဲ လက်နှိုက်ပြီး ပြန်အထုတ်မှာ ပေါက်ပေါက်ဆုပ်တစ်ထုပ် ပါလာ၏။ ဘာမပြောညာမပြောနဲ့ သူ့ဘက် အထုပ်လှမ်းပေးတော့ . . .

“စားပါ . . နင်ပဲ စား . . ငါက ပေါက်ပေါက်ဆုပ် မကြိုက်ဘူး”







“နင်စားဖို့ ပေးတာမဟုတ်ဘူး . . နဂါးစာကျွေးမလို့ ငတုံးရဲ့”

မောင်စိုး ကြောင်တောင်တောင်နဲ့ မေသော်တာကို ကြည့်နေမိ၏။ လက်ထဲက ပေါက်ပေါက်ဆုပ်လေးကိုလည်း ငေးနေမိသည်။ ပေါက်ပေါက်ဆုပ်ကို ငါးတွေ၊ လိပ်တွေ အစာအဖြစ် အသုံးပြုတာသာ ကြားဖူးသည်။ နဂါးတွေ စားတယ်လို့ မကြားဘူးပေ။ ဒဏ္ဍာရီထဲမှာတော့ နဂါးတွေက တိမ်ညွန့်စားတာသာ ကြားဘူး၏။ အခုမှ ဘယ်လိုဖြစ်ပြီး ပေါက်ပေါက်ဆုပ် ဖြစ်သွားလည်းမသိ။

ထားပါ . . မေသော်တာကိုကြောက်၍လည်း ထပ်မမေးရဲတော့

“ဟယ် . . ဒုက္ခပဲဟာ . . ဘယ်မှာကျန်ခဲ့လည်း မသိဘူး . . ”

ကျောပိုးအိတ်ကို မွှေနှောက်ရင်း စိတ်ပျက်တဲ့အမူအရာနဲ့ ပြောနေသော မေသော်တာကို ကြည့်၍ . . .

“ဘာ . . ဘာဖြစ်တာလဲ ဟင် . . ”

“ကျွတ် . . နွားနို့ပုလင်း ကျန်ခဲ့ပြီဟာ . . အဲဒါမှ ဒုက္ခ . . ”

“နင် သောက်မလို့လား . . နောက်မှသောက်ပါလား ဟာ . . ဒါလေး အရင်ကျွေးလိုက်လေ . . . ”

“ကျွတ် . . ငါသောက်မှ မဟုတ်ဘူးဟ . . နဂါးစာက နွားနို့နဲ့ ပေါက်ပေါက်ဆုပ်နဲ့ ကျွေးရတာ . . ဒုက္ခပါပဲဟာ . . ငါ စိတ်ညစ်လိုက်တာ . . . ”

ခေါင်းလေးကို အသာဖွရင်း ပြောသော မေသော်တာကိုကြည့်၍ သူ သနားသွားသည်။

“ငါ ဘာလုပ်ပေးရမလဲ ဟင် . . ဒီနားမှာ ရှိမယ်ထင်တယ် သွားဝယ်ပေးရမလား . . . ”

မေသော်တာ မျက်နှာချက်ချင်း ဝင်းလက်ကာသွား၏။ မောင်စိုးကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"နင် တကယ်ပြောတာလား ဟင် . . ."

"တ . . တကယ်ပြောတာပေါ့ . . မေသော်တာရယ် . . နင့်အတွက်ဆို . . ငါ့ဘဝတစ်ခုလုံး . . လုံး . ."

"အေးပါ . . အဲဒါတွေ ထားပါ . . ဒါဆို နင် ငါ့ကို နွားနို့စစ်စစ် တစ်ပုလင်းလောက် ဂုဏ်အောင်ဝယ်ပေးနော် . . ငါ့အတွက် မရလို့ မဖြစ်ဘူးဟ . . ကူညီပါ . ."

မျက်နှာညှိုးညှိုးလေးနဲ့ အကူအညီတောင်းတဲ့ သူမပုံရိပ်။ မောင်မိုး တစ်ကိုယ်လုံး ဟာကြူလီတစယောက်လို အင်အားတွေပြည့်ကာလာ၏။ ဒါမျိုးတစ်သက်လုံး အားကိုးလိမ့်မယ်လို့လည်း မထင်ထား၍ စကားတော် မပြောနိုင်ဘဲ မေသော်တာရှေ့က လှည့်ထွက်ခဲ့လိုက်သည်။

ဗိုလ်တထောင်ဘုရားလမ်းကြီးသည် ဒီနေ့တော့ သူ့အတွက် ဓါတ်တိုင်းနေ့တွေထက် သာယာလှပနေပါတော့သည်။



ကမ်းနားလမ်းပေါ်ရောက်တော့ နည်းနည်းတော့ တွေဝေသွားသည်။ နွားနို့ကို ဘယ်မှာသွားဝယ်ရမှန်းမသိ၍ ဖြစ်လေသည်။ အရင်ဆုံး လက်ဖက်ရည်ဆိုင်တွေဘက် စုံစမ်းကြည့်သည် မရ။ ပဲနို့ပဲရမယ်ဟု ပြန်ပြော၏။ ပဲနို့တော့ နဂါးတွေကြိုက်မှာမဟုတ်၍ နွားနို့ကိုပဲ မရရအောင် ရှာရတော့သည်။

လမ်းတစ်ဖက်ကူးလိုက်တော့ ခပ်လှမ်းလှမ်းမှာ စတိုးဆိုင်လေးတစ်ခုကို သွားတွေ့သည်။ ဘယ်လမ်းထိပ်လည်းတော့ သေချာမကြည့်မိ။ စတိုးဆိုင်ရှေ့မှာ နွားနို့စစ်စစ်ရပြီဆိုတဲ့ ဆိုင်းဘုတ်တစ်ခုတည်းနဲ့တင် အပျော်လုံးဆို့ကာ ပြေးမိသွားမိတော့၏။ ဆိုင်းဘုတ်ရှေ့ရောက်တော့ ဆိုင်အပြင်ထုတ်ထားတဲ့ ရေခဲသေတ္တာနားမှာ ကောင်မလေးတစ်ယောက် မတ်တတ်ရပ်နေတာ တွေ့၍ . . .

"ညီမလေး နို့ရှိလား . . ."

"ရှင် . . ."

ကောင်မလေးက ကြောင်တောင်တောင်နဲ့ကြည့်တော့ . . .

နောက်တစ်ခွန်း . . .

သော်ဝင်မြို့မ အဆုံးပိုင်း

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးတို့ဆီမှာ နို့ရှိသေးလားလို့ ရှိရင် အကြီးနှစ်လုံးလောက် . . ."

ကောင်မလေးမျက်လုံးသည် ရုတ်တရက် တုတ်နဲ့တို့လိုက်တဲ့ ဖားခုံညင်းတစ်ကောင်လို ဖောင်းထွက်လာသည်။ မောင်စိုးလည်း ကောင်မလေးဘာဖြစ်သွားပါလိမ့်ဆိုပြီး ကြောင်ကြည့်နေမိ၏။ ကောင်မလေးမျက်နှာသည် နီရာမှပြာလာ၊ ပြာရာမှ မည်းလာကာ . . .

"ရှင် နှမချင်း မစာမနာ မိုက်ရိုင်းလှချည်လား . . ဒီခု မန်နေဂျာနဲ့တိုင်မယ် . ."

မျက်ရည်တွေလည်း ကျပြီး ငိုယိုကာ ဆိုင်ထဲပြေးဝင်သွားလေတော့သည်။ မောင်စိုး ကြောင်တောင်တောင်ကြီး ကျန်ခဲ့၏။ အဝေးကပြေးလာရ၍ တစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီ။ ခဏကြာတော့ ဆိုင်ထဲက သားသားနားနား ဝတ်ထားတဲ့ လူတစ်ယောက်ထွက်လာတာ တွေ့ရ၏။ သူ့နောက်မှာ ကောင်မလေး၊ ကောင်မလေးက အခုထိ အငိုမတိတ်သေး။ ဘေးမှာ မိန်းကလေးနှစ်ယောက်က သူ့ကိုချော့နေတာလည်း တွေ့ရ၏။ ထွက်လာတဲ့လူက သူ့ကိုကြည့်ကာ . . .

"ကိုယ့်ညီက သူ့ကို ဘာပြောလိုက်တာလဲ . . ."

"ဟို . . ကျွန် . . ကျွန်တော် နို့ရှိလားလို့ မေးတာပါ . ."

ထိုလူ သက်ပြင်းကိုချ၍ . . .

"ဘာလို့မေးတာလဲ . ."

"လိုချင်လို့ပါ . ."

အတည်ပေါက်ပြောနေသော မောင်စိုးကိုကြည့်၍ ထိုလူ ဘာပြန်ပြောရမှန်းမသိတော့။ တစ်ခုခုတော့ လွဲမှားနေပြီဆိုတာတော့ သူသဘောပေါက်လိုက်မိသည်။ လူတစ်ယောက်ကို အဖြစ်မှန်မသိဘဲ ရမ်းပြီး စွပ်စွဲလို့မရမှန်းကိုလည်း သဘောပေါက်မိ၏။ ထို့ကြောင့် . . .





"ညီ . . ညီလေး လိုချင်တယ်ဆိုတဲ့ နို့က ဘယ်နို့လဲဟင်"

"နွား . . နို့လေ . . ဘာ . . ဘာဖြစ်လို့လဲ ဟင်"

မန်နေဂျာက ကောင်မလေးကို လှည့်ကြည့်လိုက်သည်။ ကောင်မလေးလည်း မျက်ရည်တွေကြားက မန်နေဂျာကို ပြန်ကြည့်နေ၏။ မောင်စိုးက ခေါင်းကိုကုတ်ကာ . . .

"ကုန်သွားပြီဆိုလည်း အားမနာပါနဲ့ ပြောပါ . . ဒီမှာ အရေးကြီးနေတယ် . . အချိန်သိပ်မရလို့ . ."

မန်နေဂျာက ခေါင်းညိတ်၍ . . .

"ရှိပါတယ် . . ဟဲ့ . . မိသဲ . . အကြီးဆုံးနှစ်လုံးပေးလိုက်"

ခုန ငိုနေတဲ့ကောင်မလေးက မျက်လုံးလေး ကလယ်ကလယ်နဲ့ ထုတ်ပေးသည်။ အငိုတော့ တိတ်သွားတာ တွေ့ရသည်။ မန်နေဂျာက သက်ပြင်းချကာ စကားတစ်ခုကို တီးတိုးရွတ်ကာလှည့်ထွက်သွားတော့၏။

"ဟူး . . မြန်မာစကားများ တယ်ရှုပ်တာပဲ . ."

မောင်စိုး နို့နှစ်လုံးကိုပိုက်ကာ ဗိုလ်တထောင်ဆိပ်ကမ်းဘက်ကို လုံးနေအောင် ပြေးပါတော့သည်။ ဒီနွားနို့တွေသာ မြင်သွားရင် မေသော်တာ ဘယ်လောက်ပျော်လိုက်မလဲ . .

မောင်စိုး တွေးရင်း ပြုံးမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေသော်တာ သည် နို့ပုလင်းနှစ်လုံးကိုင်ကာ ပြေးလာသော မောင်စိုးကို တွေ့လိုက်ရ၍ ပျော်သွားသည်။ စိတ်ထဲမှာလည်း မောင်စိုးရဲ့ လုပ်ရည်ကိုင်ရည်ကို ကျေနပ်သွားမိသည်။ ရန်ကုန်မြို့လယ်ခေါင်တွင် နွားနို့ရှာရတာ လွယ်တဲ့အလုပ်မဟုတ်။ တင်ချင်တဲ့ဆိုင်မှ တင်တတ်၏။ အခုတော့ . . . .

သူမတွေးနေစဉ်မှာပင် မောင်စိုးအနားရောက်လာ၍ . . .

"ရော့ . . ဒီလောက်ဆို ဖြစ်မလား . ."

မေသော်တာ ပြုံး၍ ခေါင်းညိတ်ပြပြီး . . .

"ပိုတောင် ပိုနေသေးတယ် . . ပိုရင် နင်ပြန်ယူသွားနော်"

"ဟာ . . ရပါတယ် . . နင့် နဂါးတွေသာ ဗိုက်ဝအောင်တိုက်လိုက်ပါ . ."

မောင်စိုး စကားကြောင့် မေသော်တာ ရယ်လိုက်မိ၏။ ထို့နောက် လှေဆိပ်ကိုဆင်းပြီး လှေတစ်စင်းငှားသည်။ ထို့နောက် သူတို့ မြို့လယ်ခေါင်ကို ထွက်လာခဲ့တော့၏။





"မောင်စိုး . . နင့်နာမည် အရင်းက ဘာလဲ ဟင်"

"ဟင် . . နင်မသိဘူးလား . . တစ်တန်းတည်း နေပြီးတော့"

"ငါသိတာ မောင်စိုးပဲ သိတာ . . အရင်းမသိဘူး . ."

"စိုးဗလတဲ့ . . သူငယ်ချင်းတွေက အိမ်မှာခေါ်တဲ့အတိုင်း မောင်စိုးပဲခေါ်ကြတော့ မောင်စိုးပဲ တွင်သွားတာ . ."

ဒီလိုနဲ့ မြစ်လယ်ခေါင်ရောက်လာသည်။ မေသော်တာက ပါးစပ်မှ ရွတ်စရာရှိတာရွတ်ပြီး နွားနို့တွေရော၊ ပေါက်ပေါက်ဆုပ်တွေပါ ရေထဲသွန်ချ၏။ ထို့နောက် သူတို့ပြန်လာခဲ့လိုက်တော့သည်။ လမ်းရောက်တော့ . . .

"နင် ရေကူးတတ်လား . . ."

"ဟင့်အင်း . . ."

"ယောကျ်ားဖြစ်ပြီး ရေတောင်မကူးတတ်ဘူး"

မောင်စိုးရင်ထဲ တစ်ချက်အောင့်သွား၍ . . .

"ဘာဆိုင်လို့လဲ ဟ . . ."

"ဆိုင်တာပေါ့ . . အခုချိန် လှေမှောက်ရင် ငါ့ကို ဘယ်သူ ကယ်မှာလဲ . . ."

မောင်စိုးက သမ္ဗာန်သမားကို လှည့်ကြည့်မိသည်။ သမ္ဗာန်ခတ်နေတဲ့ လူကတော့ လေလေးတချွန်ချွန်နဲ့ သူတို့ပြောတာကို ကြားပုံမပေါ် . . . .

"ပြောလေ . . ဘယ်သူ ကယ်မလဲလို့ . . ."

"နင် ရေမကူးတတ်ဘူးလား . . ."

မေသော်တာက ခေါင်းခါပြတော့ . . .

"နင်တို့က နဂါးမျိုးဆို ဘာလို့ရေမကူးတတ်ရတာလဲ . . ."

ဒီတစ်ခါတော့ မောင်စိုးစကားကြောင့် မေသော်တာကြောင်



www.burmeseclassic.com

www.burmeseclassic.com



ခတောင်တောင်ဖြစ်သွားလေတော့သည်။ တော်တော်လေးကြာအောင် စဉ်းစားပြီးမှ . . .

"ငါ . . သင်မထားလို့ မတတ်တာပေါ့ . . သင်ရင်တတ်မှာပေါ့"

"ဩော် . . နဂါးလည်း ရေကူးသင်ရတာပဲနော်"

"ဘာဆိုင်လဲ . . ငါက ရေကြောက်လို့ . . ."

"ဟင် . . ဒါဆို အခု မြစ်လယ်ခေါင်အထိ ဘာလို့လာလဲ"

မသော်တာက မောင်စိုးကို စိုက်ကြည့်လိုက်ကာ . . .

"နင်ပါလို့လာတာ . . ငါက မြစ်လယ်ခေါင်မှာ ဒီလိုကျွေးချင်တာကြာပြီ . . အရင်တစ်ခေါက်တွေတုန်းက ကြောက်လို့ . . ကမ်းဘေးကပဲ ကျွေးရတာ . . ဒီတစ်ခါ နင်ပါတော့ ရေကူးတတ်တယ်ထင်ပြီး ခေါ်လာတာ . . အခုတော့ နင်က အလကားပဲ . ."

မောင်စိုးရင်ထဲမှာ တစ်ချက်ဆွေးကာသွားသည်။ မိန်းကလေးတစ်ယောက်ရဲ့အားကိုးခြင်းကို ဘယ်ယောက်ျားလေးက မခံဘဲနေချင်ပါ့မလဲ . . ဒီတစ်ခေါက် နွေရာသီမှာ ရေကူးသင်တန်းသွားတက်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ကမ်းစပ်ရောက်တော့ လှေပေါ်မှဆင်းကြပြီးနောက် . . .

"နင် ကျောင်းပြန်သွားဦးမှာလား . ."

မသော်တာက ခေါင်းခါပြကာ . . .

"အိမ်ပဲပြန်တော့မယ် . . နင်ရော . . ."

မောင်စိုးလည်း ခေါင်းခါပြကာ . . .

"ဒါဆို အအေးဆိုင်တစ်ဆိုင် ဆိုင် သွားထိုင်ရအောင်ဟာ . . အအေးဆေးပေါ့ . . ."

မသော်တာ စဉ်းစားသည်။ နောက်တော့ ခေါင်းညိတ်ပြလိုက်ကာ . . .





"သွားလေ . . ငါလည်း ရေဆာနေပြီ . . ."

မောင်စိုးရင်ထဲ ပျော်သွား၏။ ဒါ သူ့ဘဝမှာ ပထမဆုံးအကြိမ်ဖြစ်သော မသော်တာ၏ လိုက်လျောမှုပင် . . .။

www.burmeseclassic.com

www.burmeseclassic.com



မေသော်တာ က သံပုရာရည်ခွက်ကို ပိုက်ကလေးနဲ့ လေးငါး ပတ်လောက်မွှေသည်။ ထို့နောက် ရေခဲနှစ်တုံးလောက်ကို သွန်လိုက်၏။ ပြီးမှ နှုတ်ဖျားလေးနဲ့ တေ့ကာ တစ်ငုံစုပ်လိုက်လေသည်။

မောင်စိုး မေသော်တာကို ငေးကြည့်ရင်း ကိုယ့်အအေးကိုယ် သောက်ဖို့ မေ့နေလေသည်။ မေသော်တာက ဆတ်ခနဲ မျက်လုံးလှန် ကြည့်တော့မှ ကမန်းကတန်းမျက်လွှာချပြီး အအေးကိုကောက်ငုံရတော့၏။

"နင်က မောင်နှမ ဘယ်နှယောက်လဲ . . ."

မေသော်တာက မေးခြင်းဖြစ်သည်။ မောင်စိုးက . . .

"ငါ တစ်ယောက်တည်း . . ."

"တစ်ဦးတည်းသော သားပေါ့ . . ."

"အင်း . . ."

ထို့နောက် စကားမပြောဖြစ်ကြတော့ . . မောင်စိုးကလည်း ဘယ်စကားကို ဘယ်ကစပြောရမှန်းမသိ။ အရင် အခြေအနေတုန်းက တော့ မျက်နှာပြောင်တိုက်ပြီး အတင်းစကားလိုက်ပြောရသည်။ အခုလို





အခြေအနေပေးတော့မှ ဘာပြောရမှန်းမသိ။ ပြောစရာစကားမရှိတော့ ၍တော့ မဟုတ်ပေ။ ရင်ထဲမှာ ပြောစရာတွေ အများကြီး။ သို့သော် ပြောမထွက်၊ ဘာလို့မှန်းလည်းမသိ။ တည်ငြိမ်နေတဲ့ အခြေအနေ ကြောင့် မေသော်တာကပင် စကားဆက်သည်။

"ငါ ဒီဗိုလ်တထောင်ဘုရားကို တနင်္လာနေ့တိုင်း ရောက်တယ် သိလား . . ."

မောင်စိုး ခေါင်းထောင်ကြည့်ကာ . . . .

"ဟုတ်လား . . ဘာလာလုပ်တာလဲ . ."

"ဘုရားလာရှိခိုးတာ . . ပြီးတော့ အစ်မတော် မြနန်းနွယ်ဆီ ကိုလည်း လာပြီးပွဲပေးတာ . . ."

မြနန်းနွယ် ဘယ်သူလည်းဆိုတာကိုတော့ မောင်စိုးမမေးဖြစ်။ သူ သိနေ၍ ဖြစ်၏။ ဒီလိုနဲ့မေသော်တာက စကားကို ဆက်သည်။

"အစ်မတော် မွေးနေ့က ၁၂၆၈ခုနှစ်၊ ပြာသိုလဆန်း (၉)ရက် စနေနေ့မှာ မွေးတာ။ အဲ . . အင်္ဂလိပ်လိုဆိုရင်တော့ ၁၉၀၆ ခုနှစ် ဒီဇင်ဘာ (၂၂)ရက်ပေါ့ဟာ"

မောင်စိုး ခေါင်းညိတ်ပြီး အလိုက်တသိပင် ဆက်နားထောင် နေလိုက်သည်။

အစ်မတော်က ၁၃၁၆ခုနှစ်၊ ပြာသိုလပြည့်နေ့။ အဲ . . စနေနေ့ ပေါ့ . . နံနက် ၄း၁၀ မိနစ်မှာ မဟာဇေယျသိဒ္ဓိမေတ္တာရှင်ဘုရားကို လာလှူဒါန်းသွားတာဟ . ."

မောင်စိုး စိတ်ဝင်တစားဖြစ်သွားကာ . . .

"ကိုယ်တိုင် လာသွားတာလား . ."

မေသော်တာက ချက်ချင်းအဖြေမပေးသေး။ တစ်ခုခုကို တွေးဆသလိုရှိပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"မြင်တဲ့လူတွေ မြင်လိုက်တယ် . . ."

"အလှူခံတဲ့ ဂေါပကအဖွဲ့တွေတော့ တွေ့မှာပေါ့ . ."

"အေး . . တွေ့တယ် . . ဒါပေမယ့် သူ အဲဒီဘုရားကို လှူပြီး ပြန်သွားတော့ လမ်းမှာတင်ပျောက်သွားတယ် . . ပြောတယ် . ."

မောင်စိုး ဆက်မမေးတော့ . . ဂမ္ဘီရနဲ့ပတ်သက်တဲ့ တချို့ကိစ္စတွေသည် နားမလည်ဘဲ ဝင်မဆွေးနွေးတာကောင်းသည်ဟု သူသိထား၍ ဖြစ်၏။

ထို့နောက် မေသော်တာ အအေးကိုဆက်သောက်သည်။ မောင်စိုးက မေသော်တာကို မဝံ့မရဲကြည့်၍ . . .

"သိုက်ကြိုးဆိုတာ ဖြတ်ရင် ရတယ်ဆို . . ."

ရုတ်တရက်ဆိုလိုက်သော မောင်စိုးစကားကြောင့် မေသော်တာ ကြောင်သွားကာ . . .

"ဘာ . . . ကြိုး . . ."

"သိုက် . . သိုက်ကြိုးလေ . . အဲဒါ . . ."

"ဘာလို့ ဖြတ်ရမှာလဲ . ."

မောင်စိုး ဘာဆက်ပြောရမှန်းမသိတော့ . . နင့်ကိုငါယူချင်လို့ဟုပြောလျှင် ပါးနဲ့လက်ဝါး ဝမ်းဆက်ဖြစ်သွားနိုင်၏။

မောင်စိုး အကြံအိုက်သွားပြီး ခေါင်းကိုကုတ်၏။

"ပြောလေ . . ဘာလို့ဖြတ်ရမှာလဲ . ."

"သိဘူးလေဟာ . . ကြားဘူးလို့ မေးကြည့်တာ . . ."

"ဟွန်း . . ငါတော့ မဖြတ်ပါဘူး . ."

"ဒါဆို နင်က နင့်ရဲ့ မောင်တောင်ဘုရားကို ချစ်လို့ပေါ့ . ."

မေသော်တာ စုတ်တစ်ချက် သပ်လိုက်ကာ . . .

"ကျွတ် . . ဘာဆိုင်လို့လဲဟာ . . အဲဒါနဲ့ သိုက်ကြိုးဖြတ်တာနဲ့





. . ပြီးတော့ အဲဒီမောင်တော်ဘုရားဆိုတာ ဖြူသလား၊ မည်းသလားတောင် ငါမှမသိတာ . ."

"ဒါဆို . . နင်က ဘာလို့မဖြတ်တာလဲ . . ."

"မဖြတ်ချင်လို့ . . ."

မောင်စိုး သက်ပြင်းကိုချ၏။

"မဖြတ်ရင် . . နင်တစ်သက်လုံး အပျိုကြီးလုပ်ရတော့မှာပေါ့နော် . . ."

မေသော်တာက ဒေါသထွက်သွားတဲ့ လေသံနဲ့ . . .

"ငါက ဘာလို့ အပျိုကြီးလုပ်ရမှာလဲ . . ဘာဆိုင်လဲ . . တကယ်"

"ဟင် . . နင်ပဲပြောတော့ မောင်တော်ဘုရားက မကြိုက်ဘူးဆို . . အဲဒါကြောင့် ရည်းစားတောင် ထားလို့မရဘူးဆို . . ."

"အဲဒါ နင့်ကို အမြင်ကတ်လို့ပြောတာ . . ."

မောင်စိုး မျက်နှာသည် မီးလာကာစ တစ်ရာအားလို ချက်ချင်းဝင်းတက်လာကာ . . . .

"တကယ် . . တကယ် . . နင် . . နင် အဲဒါဆို ယောကျ်ားယူလို့ ရတယ်ပေါ့ ဟုတ်လား . ."

"ဘာဆိုင်လဲ . . ."

"ဟား . . ပျော်လိုက်တာဟာ . . ."

"သေလိုက် . . ငါ ယောကျ်ားယူလို့ရတာနဲ့ နင်နဲ့ ဘာဆိုင်လဲ . . နင် ဖောက်မလာနဲ့နော် . . ငါက ဇာကောင်းဆက်ဆံတာ . . ."

မောင်စိုး ကမန်းကတန်း လက်ကာပြရင်း . . .

"မဖောက် . . မဖောက်ပါဘူးဟာ . . ငါ . . ငါ . . ပျော်သွားလို့ပါ . . ."

"ဘာလို့လဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



'နင် ယောက်ျားယူလို့ရလို့ . ."
မေသော်တာက ကြောင်တောင်တောင်နဲ့ ကြည့်ကာ . . .
"အဲဒါ . . နင်နဲ့ ဘာဆိုင်လဲ . . ."
"ဆိုင်ဆိုင် . . မဆိုင်ဆိုင် ဟာ နင်ယောက်ျားယူလို့ရရင် ပြီးပြီ"
"ဟေ . . ."

မေသော်တာ မောင်စိုးကို မျက်လုံးပြူးကာ ကြည့်နေမိ၏။ မောင်စိုးအပျော်လွန်ပြီး သူ့ရှေ့က ခုန်ပေါက်ကာပြေးထွက်သွားလေတော့သည်။ အအေးဖိုးတောင် ရှင်းမသွား . . .

မေသော်တာ မောင်စိုးဖြစ်သွားပုံကိုကြည့်ကာ နားမလည်နိုင်ဘဲ ကျန်ခဲ့လေတော့၏။

"ရှုးနှံ့နှံ့နဲ့ ဘာကောင်မှန်း မသိဘူး . . ."

သူမပါးစပ်က လှုပ်ရုံးလေးလှုပ်ပြီး ရေရွတ်မိပါတော့၏။



"မေသော်တာ ယောက်ျားယူလို့ရပြီကွ သိလား . . ဟား ဟား . . ဟေ့ကောင် လင်းနိုင်ဦး၊ ရဲမြင့် မေသော်တာ ယောက်ျားယူလို့ရပြီကွ သိလား . . ပျော်လိုက်တာကွာ . . မင်းတို့ ဒီမှာ ခဏစောင့်ဦး . . ငါ ဟိုကောင်တွေကို သွားပြောလိုက်ဦးမယ် . . ."

မောင်စိုးကိုကြည့်ကာ လင်းနိုင်ဦးနဲ့ရဲမြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိ၏။ မနေ့က နေ့ခင်းကျောင်းက,တေ မောင်စိုး ပျောက်သွားတာတော့ သတိထားမိသည်။ သို့သော် ဒီနေ့မနက် ကျောင်းအလာမှာ ဒီလိုဖြစ်သွားလိမ့်မယ်လို့ မထင်ခဲ့။ အခုတော့ နေ့တစ်ပိုင်းနဲ့ အဲဒီလောက် သွက်သွက်ခါလောက်အောင် ဘာတွေဖြစ်လာပြီလဲ . . .

မောင်စိုးကတော့ ကိုယ့်ဘဝကိုယ် တော်တော်သာယာနေပုံရသည်။ ပုဆိုးလေးမ,ပြီး အတန်းတွေဘက်ကို လုံးနေအောင် ပြေးသွားလိုက်၏။ ကော်ရစ်တာ တစ်လျှောက် မိုးမမြင်၊ လေမမြင် ပြေးလာတဲ့ သူ့ကို ကျောင်းသားတွေ ရှောင်ပေးလိုက်ရ၏။ ပေကပ်ကပ်ရပ်နေတဲ့ ကျောင်းသူတစ်ချို့ကို ဝင်တိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက ဘကြီးသေလို့ အမွေရလာတာ ထင်တယ် . . ."

"ရပ်ကွက်မီးလောင်လို့ ရှုံးသွားတာလဲ ဖြစ်နိုင်တာပဲ . ."

ဘယ်သူတွေ ဘာပြောပြော မောင်စိုးကတော့ လှည့်တောင် မကြည့်ပေ။

ဒီလိုနဲ့ မောင်စိုး အတန်းထဲဝင်ပြီး ဟိုကြည့်ဒီကြည့်လုပ်သည်။ ပထမဆုံးအချိန်ဖြစ်၍ လူမများသေး။ ဒီလိုနဲ့နောက်ဆုံးတန်းမှာ လက်ပေါ် မျက်နှာမှောက်ပြီး အိပ်နေသော ကျောင်းသားတစ်ယောက်ကို သွားတွေ့၍ မောင်စိုးအမြန်လှမ်းသွားလိုက်ကာ . . .

"ဟေ့ကောင် တေကြီး . . မေ . . မေသော်တာလေ . . သိလား . . ဟား ဟား . . ယောက် . . အမလေး မောလိုက်တာ . . ယောက်ျား . . ယောက်ျားယူလို့ရပြီကွ . . ."

တေကြီးဆိုတဲ့ကောင် ရုတ်တရက် အနှိုးခံလိုက်ရသော ပစ္စုပ္ပန်နဲ့ အဆက်အစပ် မမိသေး။ တောကြည့်၊ တောင်ကြည့်လုပ်ပြီး ကမန်းကတန်း မတ်တတ်ထရပ်သည်။ ပြီးတော့မှ ခေါင်းကုတ်ကာ ကြောင်တောင်တောင်နဲ့ပြန်ထိုင်ပြီး မောင်စိုးကို လှည့်ကြည့်၏။

သူ့ခမျာ အခုမှ မောင်စိုးကို မြင်ပုံရ၏။

"ဟေ့ကောင် . . ငါပြောတာ ကြားလား . . မေသော်တာလေ သိလား . . ယောက်ျားယူလို့ရပြီကွ . ."

တေကြီး မျက်လုံးပြူးသွားကာ . . . .

"ယောက်ျားနောက်လိုက်သွားပြီ . . ဟာ . . ဘယ်တုန်းကလဲ"

"ဟာ . . ဒီကောင် အိပ်ချင်မူးတူးနဲ့ ဘာတွေပြောနေတာလဲ . . လိုက်သွားတာမဟုတ်ဘူး . . ယူလို့ရတာကို ပြောတာ . . လာကွာ . . ကန်တင်းရောက်မှ ရှင်းပြမယ် . . ဟိုကောင်တွေ ဟိုမှာ . . ."

"အိပ်ရေးပျက်တယ်ကွာ . . ."





'လာပါကွာ . . နေ့လယ်ကျမှ ပြန်အိပ် . . အခု လီမွန်တီးလေး သောက်လိုက်ရင် လန်းသွားမှာပါ . . ."

တေကြီး ခေါင်းကုတ်ပြီး ပါလာ၏။ ကန်တင်းရောက်တော့ လင်းနိုင်ဦးနဲ့ရဲမြင့်တို့ ရှိနေသေးသည်။ မောင်စိုးတို့က ဝိုင်းမှာဝင်ထိုင်ပြီး မှာစရာရှိတာမှာသည်။ တေကြီးက လင်းနိုင်ဦးနဲ့ရဲမြင့်ကို မေးဆတ်ပြသည်။ နှစ်ယောက်လုံးက ပခုံးတွန့်ပြ၏။ သူတို့လည်း အခြေအနေကို ဘာမှ တိတိကျကျမသိဘူးဆိုတဲ့ သဘော။

မောင်စိုးက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ကာ . . .

"မနေ့က ငါဘယ်ရောက်သွားလဲ မင်းတို့သိလား . ."

"ရွာသာကြီး လား . . ."

"သေလိုက်ပါလား . . ဗိုလ်တထောင်ကွ . . ."

"အဲဒါ ဘာဖြစ်လဲ . . ."

"ဟဲ . . ဟဲ . . ဘယ်သူနဲ့လို့ မင်းတို့ထင်လဲ . . ."

"စိတ်ညစ်တယ်ကွာ . . ပြောချင်လဲပြော . . မပြောချင်လည်း နေ . . အတန်းတက်တော့မယ် . . ."

လင်းနိုင်ဦး လွယ်အိတ်ကိုယူပြီး ကုန်းထတော့ မောင်စိုး ကမန်းကတန်းလှမ်းဆွဲကာ . . .

"နေ . . နေပါဦးကွာ . . ဒီတစ်ချိန်လေး မတက်မိတာနဲ့ မင်း အတွက် ဂုဏ်ထူးတန်း မဝင်တာက မဝင်တာပါပဲ . . ထူးမသွားပါဘူး . . ထိုင်ပါ . . ."

"အဲဒါဆို ပြောမှာဖြင့် မြန်မြန်ပြော . . ."

လင်းနိုင်ဦးက စိတ်မရှည်သလို ပြန်ထိုင်သည်။

"ငါ . . မေသော်တာနဲ့သွားတာကွ . ."

"သွားပြီ . . မင်းတော့ မယားတရှုံး ရှုံးသွားပြီ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာတွေ ဘာလို့စိတ်ကူးယဉ်ချင်ရတာလဲကွာ . ."

"ငါ . . ငါ . . တကယ်ပြောတာကွ . . ."

"အဆိပ်သောက်ပြောတောင် သေချင်လို့ပဲ မှတ်လိုက်မယ် . . လုံးဝမယုံဘူး . . မင်းကို ဟိုက အကပ်တောင်မခံတာ အတူတွဲသွားတယ် ဆိုတာတော့ လုံးဝပဲ . . ."

မောင်စိုး ဘာဆက်ပြောရမှန်းလဲ မသိတော့ပေ။ ရင်ထဲမှာ တော်တော်လည်း မခံနိုင်ဖြစ်သွား၏။ သူနဲ့မေသော်တာနဲ့တွဲသွားတုန်းက ဘယ်သူတွေမြင်လိုက်လည်း လျှောက်စဉ်းစားကြည့်၏။ ကံဆိုးချင်တော့ တစ်ရင်းတစ်နှီးထဲက ဘယ်သူမှမတွေ့လိုက်ပေ။ တွေ့လိုက်ရင်လည်း သက်သေပြလို့ ရဦးမည်။

တစ်ခုတော့ရှိသည်။ အင်္ဂလိပ်စာ ဆရာမတော့ တွေ့လိုက်၏။ သို့သော် ဆရာမက မျက်စိသိပ်မကောင်း၍ သူတို့မှန်းတောင်သိချင်မှ သိမည့်ပုံစံ . . .

"မောင်စိုးရာ လာပါကွာ . . အတန်းသွားတက်တာ အကျိုးရှိပါတယ် . . လာ . . လာ . . သူငယ်ချင်း . ."

မောင်စိုး ပေကပ်ကပ်နဲ့ ဆက်ထိုင်နေပြီး . . .

"မင်းတို့ မယုံလည်း ငါကျိန်ပြောပါ့မယ်ကွာ . . တကယ်ပါ . . သူနဲ့ငါနဲ့ ဗိုလ်တထောင်ဆိပ်ကမ်းမှာ မြစ်လယ်အထိ လှေစီးတော့ ငါတောင်နို့ဝယ်ပေးလိုက်ရသေးတယ် . . ပြန်တော့ အအေးတွေတောင် သောက်ကြသေးတယ် . . သိလား . ."

သုံးယောက်စလုံး မောင်စိုးကို ကြောင်စီစီနဲ့ကြည့်၏။ လင်းနိုင်ဦးက မောင်စိုး နဖူးကို ခပ်ဖွဖွစမ်းကာ . . . .

"ကိုယ်ပူတော့ မရှိဘူး . . အင်း . . မောင်တော်ဘုရားက ပြစားလိုက်တာများလား . . ."





မောင်တော်ဘုရားအသံကြားမှ မောင်စိုး မျက်လုံးလက်ခနဲ တစ်ချက်ဖြစ်သွားပြီး . . .

"မောင်တော် . . မောင်တော်ဘုရားနဲ့ သူနဲ့ဘာမှ မဆိုင်ဘူး သိလား . . သူ . . သူ . . ယောကျ်ားယူလို့ရတယ်လို့ ငါ့ကိုပြောတယ်"

သုံးယောက်လုံး ခေါင်းကိုပြိုင်တူ ခါမိကြသည်။ မောင်စိုးက တော့ ဘာကိုမှအရေးမလုပ်တော့ဘဲ သူကြုံတွေ့ရသမျှကို တစ်လုံးမကျန် ပြောပြလေတော့သည်။

လင်းနိုင်ဦး၊ ရဲမြင့်နဲ့တေကြီးတို့ရဲ့ မျက်နှာများသည် အံ့သြခြင်း မယုံကြည်ခြင်းတို့ တစ်လှည့်စီဖြစ်နေကြပါတော့သည်။

ကျောင်းတက်ချိန်ဖြစ်၍ ကန်တင်းအတွင်းမှာ လူရှင်းနေ၏။ ကျန်သေးတာဆိုလို့ မောင်စိုးတို့ဝိုင်းအပြင် တစ်ဝိုင်း၊ နှစ်ဝိုင်းသာ . . .

www.burmeseclassic.com

www.burmeseclassic.com



မေသော်တာ တို့အိမ်နဲ့ မောင်စိုးတို့အိမ်သည် မနီးမဝေးဟု ဆိုရမည်။ အညာက စကားနဲ့ပြောရရင် တစ်ပြသာသာလောက်လည်း မဝေး၊ ဆိုက်ကားစီးသွားရင်လည်း မရသလို၊ ကားငှားသွားရအောင် လည်း မဝေးသေး။ တော်တော်ခွကျကဲ့ အကွာအဝေးဖြစ်သည်။ ဘတ်စ် ကားစီးရင်လည်း မှတ်တိုင်မရှိ . . .

မေသော်တာနဲ့မောင်စိုးက အရင်ကထက်စာရင် နည်းနည်း ရင်းနှီးလာသည်ဟု ဆိုရမည်။ ကျောင်းမှာတွေ့ရင် ပြုံးပြ၊ ရယ်ပြ။ မေး ထူးခေါ်ပြော အဆင့်လောက်တော့ ရှိလာပြီဟု ဆိုရမည်။ ဟိုနေ့က ကန်တင်းမှာတွေ့တုန်း သွားနှုတ်ဆက်တော့ စကားပြန်ပြောသည်။ ဒီလို လိုက်ရောမှုလေးရတာကိုက မောင်စိုးအတွက် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ သူငယ်ချင်းတွေကလည်း မောင်စိုးအခြေအနေတိုးတက်မှု ကိုကြည့်၍ ဝမ်းသာကြသည်။ ထို့ကြောင့် ထုံးစံအတိုင်း မြှောက်ပေးကြ ၏။





"မင်းအတွက် ဒီအဆင့်လေးမှာတင် တင်းတိမ်နေလို့ မဖြစ်ဘူး နော် . . ဒီ့ထက်အခြေအနေကောင်းအောင် ထပ်ကြိုးစားရမယ် . . "

"ဟုတ်တယ် . . ဟော့ကောင် . . စာမရလို့ သွားရှင်းခိုင်းတာ တွေ ဘာတွေ သွားလုပ် . . . "

"ဟာ . . အဲဒါကြီးက မရိုးဘူးလား . . . "

"ရိုးပေမယ့် လွယ်ကူနိုင်တဲ့ နည်းကိုပြောတာ . . . "

"ငါ မရလည်း မင်းတို့ကို မေးလည်းရတာပဲ . . . "

အားလုံးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ . . .

"ငါတို့ရဲ့ အရည်အချင်းတွေကို သူသိနေတာပဲကွာ . . ရှင်းမပြ နိုင်ဘူးဆိုတာ ယုံမှာပါ . . . "

မောင်စိုး ပိုင်သွားသည်။ တကြီးပြောတာမှန်သည်။ အားလုံး သူလိုကိုယ်လို လူတွေ၊ ဘုရားစူး မိုးကြိုးပစ်ကျိန်ပြောရင်တောင် ယုံမှာ မဟုတ်။

"ဒါဆို ငါဘယ်လိုစပြောရမလဲ . . . "

"ပါးစပ်နဲ့ စပြောပေါ့ . . . "

"သေချင်းဆိုးကလည်း အဲဒါတော့ သိတာပေါ့ . . ဘယ်လို အတ်လမ်းစရမလဲ မေးတာ . . . "

တကြီးက မေးစေ့ပွတ်ပြီး စဉ်းစားသည်။ လင်းနိုင်ဦးက ခုံ ကိုလက်ညှိုးနဲ့ခေါက်ကာ လေးလေးနက်နက် တွေးကာမေး၏။ ရဲမြင့် ကတော့ အူကြောင်ကြောင်နဲ့ထိုင်နေသည်။ ခဏနေတော့မှ . . .

"မင်း တစ်ပတ်လောက် ကျောင်းပျက်လိုက် . . . "

မောင်စိုးက လင်းနိုင်ဦး အသံကြား၍ လှည့်ကြည့်ကာ . . .

"ဘာဆိုင်လဲ . . . "

"ဆိုင်တာပေါ့ . . တစ်ပတ်လောက် ကျောင်းပျက်ပြီးတော့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်ရင် စာတွေသွားရှင်းခိုင်း၊ ပြီးတော့ နေမကောင်းဘူးလို့ ပြောလိုက်ပေါ့ကွာ . . . ”

“သူက ယုံပါ့မလား . . ”

“သူသိတာမှ မဟုတ်တာ မောင်စိုးရာ . . မင်းက တော့ပဲ . . ”

မောင်စိုး ငြိမ်ကျသွားသည်။ အဲဒီ အစီအစဉ် မဆိုးဘူးဟု တွေးမိ၏။ သူ ကျောင်းမတက်ရင် မေသော်တာ့ဘက်က သတိထားမိနိုင်သည်။ တစ်တန်းတည်းသားဆိုတော့ တဖြည်းဖြည်းနဲ့တော့ သတိထားမိလာမှာပဲ ဖြစ်လေသည်။ သို့သော် အိမ်နဲ့က ပြဿနာရှိ၏။ နေကောင်းရဲ့သားနဲ့ ကျောင်းမသွားဘူးဆို ပြဿနာရှာလိမ့်မည်။ ထို့ကြောင့် . . .

“အိမ်ကို ဘယ်လိုပြောမလဲ . . ငါ့ကို ဘာလို့ကျောင်းမသွားလဲ မေးမှာပေါ့ . . ”

ဒီတစ်ခါ ငြိမ်သွားတာက လင်းနိုင်ဦး . . သဘာဝကျ၍ စဉ်းစားသွားရမ၏။ ထိုအချိန်မှာပဲ ရဲမြင့်က ဝင်၍ . . .

“ဒါတော့ ဟုတ်တယ်ကွ . . အဓိပ္ပါယ်သိပ်မရှိဘူး . . ဒီလို လုပ်ပါလား . . ”

အားလုံးက ရဲမြင့်ကို ဝိုင်းကြည့်ကြသည်။

“မင်း ကျောင်းမပျက်နဲ့တော့ ဒီအတိုင်းပဲ ပေါ်တင်ကြီးသွား ငှားပစ်လိုက် . . . ”

“ဖြစ်ပါ့မလားကွာ . . . ”

“ငှားကြည့်စမ်းပါဦးကွာ . . ရတော့လည်း အမြတ်ပေါ့ . . မရတော့ အရင်းပဲဟာ . . . ”

မောင်စိုး ခဏလောက်ငြိမ်ပြီးမှ . . .

“အေးလေ . . လုပ်ကြည့်တာပေါ့ . . ပါးတော့ရိုက်မလွှတ်လောက်ပါဘူး . . ”





အားလုံး ပြုံးမိကြသည်။ မောင်စိုးကိုကြည့်၍ သူတို့ရယ်လည်း ရယ်ချင်သွား၏။ မောင်စိုးအဖြစ်က ရည်းစားထားချင်လိုက်တာလဲ တာလို့၊ နှံလိုက်တာလည်း ချာလို့ဆိုတဲ့ ပုံစံဖြစ်နေလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ် အလစ်ချောင်းနေမိသည်။ ခေါးပြတိုက်ရန်မဟုတ်။ မေသော်တာတစ်ယောက်တည်း ရှိမည့်အချိန်ကို ဖြစ်၏။ ဒီနေ့မှ မေသော်တာက ခိုင်ဝင်းအေးတို့နဲ့အဖွဲ့ကျနေတာတွေ့ရ၏။ ခိုင်ဝင်းအေး ဆိုတဲ့ မိန်းမက တော်တော်စကားများသည်။ မဟုတ်တာရော၊ ဟုတ်တာရော သူ့ပါးစပ်က အကုန်ထွက်သည်။ စပ်လည်းစပ်စုသည်။ ဘယ်မေဂျာက ကွင်းက ရည်းစားဘယ်နှစ်ယောက်ထားတယ်ကအစ သူသိ၏။ သူတို့လမ်းထိပ်က ကွမ်းယာရောင်းတဲ့မိန်းမကို သူ့ယောကျ်ားက တစ်နေ့ဘယ်နှစ်ချက်ရိုက်တယ်ဆိုတာလည်း သူစိတ်ဝင်စားပြန်သည်။ အခုလည်းကြည့် . . .

"လွင်မိုး မင်္ဂလာဆောင်တဲ့နေ့က ငါအိပ်မပျော်ဘူး သိလား"

"ဟယ် . . ဘာဖြစ်လို့လဲ . . ."

"မပြောချင်တော့ပါဘူးဟာ . . ထားလိုက်ပါတော့ . . ."

အဲဒီလို အမြဲလုပ်သည်။ ကျန်တဲ့လူတွေက သူအိပ်မပျော်တဲ့အကြောင်းကို စိတ်ဝင်စားသွားကြ၏။ ဘာလို့လဲ ဝိုင်းမေးရင် အထာကိုင်သည်။ သူနဲ့လွင်မိုးနဲ့ဘဲ ပတ်သက်မှုရှိခဲ့သလိုလို တကယ်တော့ ခိုင်





ဝင်းအေးသည် ယဉ်ယဉ်လေးနဲ့ ကြောင်တောင်တောင်ဖြစ်နေခြင်းသာဖြစ်သည်။ စကားဝိုင်းတစ်ခုကို သူက ဦးဆောင်ရမှ ကျန်တဲ့လူတွေက သူပြောသမျှ နားထောင်မှ ကြိုက်၏။ တခြားတစ်ယောက်က ဦးဆောင်ပြောရင် သူ့ကို စိတ်ဝင်စားလာအောင် အမြဲလုပ်ပစ်တတ်၏။

အခုလည်း သူ့ကိုစိတ်ဝင်စားလာတော့မှ . . စကားလမ်းကြောင်းပြောင်းကာ . . .

"ဟိုနေ့က . . ငါတို့လမ်းထိပ်က ညောင်ပင်ကြီးမှာ သရဲခြောက်လို့ သိလား . . ."

"ဟုတ်လား . . ဘယ်လိုခြောက်လဲ . ."

"လျှာကြီးတ တစ်တောင်လောက်ရှိတယ်တဲ့ . . ခေါင်းပြတ်ကြီးနဲ့ ဆံပင်ဖားလျားကြီးချထားတာတဲ့ . . အမလေး . . အဲဒီ သတင်းကြားပြီးကတည်းက ငါတော့ လန့်လိုက်တာဟာ . . ညဘက်ဆို လမ်းထိပ်မထွက်ရဲတော့ဘူး . ."

အားလုံးက ပထမတော့ငြိမ်ပြီး နားထောင်နေသေးသည်။ နောက်တော့ တစ်ယောက်က တွေးတွေးဆဆလေသံနှင့် . . .

"ဟဲ့ . . ခေါင်းပြတ်ကြီးလည်း ပြောသေးတယ် . . နင့်သရဲက လျှာ ဘယ်လိုထုတ်လဲ . . ."

အားလုံးကလည်း အဲဒီတစ်ယောက်စကားကို လိုက်ထောက်ခံကြပြီး . . .

"အေးလေ ဆံပင်ကရော ဘယ်နေရာက ပေါက်နေမှာလဲ . ."

ခိုင်ဝင်းအေးက သူ့စကားမှားသွားမှန်းတော့ သိ၏။ သို့သော် ရုတ်တရက်ဆိုတော့ အရှုံးမပေးချင်သေး၍ . . .

"သရဲပါဆိုမှဟာ ခေါင်းမရှိလည်း လျှာထုတ်လို့ရချင်ရမှာပေါ့ . . ဆံပင်လည်း သူ့ဘာသာသူ ပေါက်ချင်တဲ့နေရာက ပေါက်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



. . မယုံရင် နှင်တို့အခြောက်ခံကြည့်ပါလား . . ."

အားလုံးက အခြောက်မခံရဲကြ၍ ဇက်ကလေးတွေပုသွားကြ၏။ သရဲဆိုတဲ့ သတ္တဝါကိုလည်း တကယ်မမြင်ဘူး၍ ဟုတ်ချင်လည်း ဟုတ်လိမ့်မည်ဟု ယူဆလိုက်ကြတော့သည်။ အဲဒီနောက် ခိုင်ဝင်းအေးက အီရတ်စစ်ပွဲအကြောင်း ဆက်ပြောသည်။ အရှေ့အလယ်ပိုင်းပြဿနာကို တင်ပြသည်။ ဘက်ခမ်းရဲ့ ဒူးခေါင်းဒဏ်ရာကို ဆွေးနွေး၏။ အားလုံးက နားလည်လည် မလည်လည်း အပျင်းပြေပြီးရော နားထောင်ကြ၏။

ဒုက္ခရောက်နေတာက မောင်စိုး . . သူက ကော်ရစ်တာမှာ ရပ်ပြီး စောင့်နေရင်းနှင့် ခြေထောက်တွေတောင် သွေးတောင့်လာ၏။ ခိုင်ဝင်းအေး ဦးဆောင်ခုတ်မောင်းနေသော စကားဝိုင်းကို ကြည့်တော့လည်း အခြေအနေက ထူးခြားမှုအရိပ်လက္ခဏာပြမလာသေး။ ဒီအတိုင်း ဆက်သွားနေရင်တော့ မတ်တတ်လေဖြတ်သွားနိုင်၍ အတန်းထဲသို့ ခပ်တည်တည်နှင့် ဝင်လာခဲ့လိုက်တော့သည်။

မောင်စိုး ဝင်လာတော့ ခိုင်ဝင်းအေးက တစ်ချက်လှည့်ကြည့်သည်။ ပြီးမှ ဘာမှမဖြစ်သလိုနှင့် စကားဆက်ပြော၏။ မေသော်တာက မောင်စိုးကိုကြည့်ပြီး ပြုံးပြ၏။ မောင်စိုး ပြန်ပြုံးပြကာ သူတို့ဝိုင်းနားက ခုံလေးမှာ သွားထိုင်နေလိုက်တော့သည်။

ခိုင်ဝင်းအေးက မောင်စိုးကိုကြည့်ကာ . . .

"နှင် ရွှန်းနီနီနဲ့ဒိုလေးကို ဘယ်သူ့ကြိုက်လဲ . ."

"ဟန် . ."

"ရွှန်းနီနဲ့ဒိုလေးကို ဘယ်သူပိုကြိုက်လဲလို့ . ."

"ဘယ်သူမှ မကြိုက်ဘူး . ."

"ဘာလို့လဲ . ."

"ငါမှ ဘောလုံးပွဲ သိပ်ဝါသနာမပါတာ . . ."





ခိုင်ဝင်းအေးက စိတ်ဓာတ်ကျသွားတဲ့ အမူအရာနဲ့ . . .

"ယောက်ျားဖြစ်ပြီး ဘာလို့လဲ . . ."

"ဘာဆိုင်လို့လဲ . . ငါ့ဘာသာငါ ဝါသနာပါချင်မှ ပါမှာပေါ့"

ခိုင်ဝင်းအေး ဘာမှဆက်မပြောတော့ပေ။ အဲဒီအချိန်မှာပဲ တစ်ယောက်ကထ၍ လူစုခွဲဖို့ လုပ်၏။

"ခိုင်ဝင်းအေး ငါတို့ကန်တင်းသွားမယ်ဟာ . . ဒီမှာ ထိုင်နေရတာလည်း ကြာတော့ ညောင်းလာပြီ"

ထိုအကြံကို အားလုံးက လက်ခံလိုက်ကြ၍ မောင်စိုး ပျော်ကာသွား၏။ အားလုံး ကန်တင်းသွားဖို့ ထရပ်ကြတော့ မောင်စိုး မေသော်တာနားကို မသိမသာချဉ်းကပ်သွားကာ . . .

"မေသော်တာ ငါ နင့်ကို ပြောစရာရှိလို့ ခဏနေလို့ရမလား"

မေသော်တာက ချက်ချင်းပင် ပြန်ခေါင်းညိတ်ပြ၍ . . .

"ငါလည်း နင့်ကို ပြောစရာရှိတယ် . ."

"ဘာလဲ ဟင် . ."

"အေးဆေးပေါ့ဟာ . . နင်ပြောမှာသာ အရင်ပြောစမ်းပါ"

"ငါ . . ငါ . . နင့်ဆီက စာအုပ်ငှားချင်လို့ . ."

"ဘာ စာအုပ်လဲ . ."

"အင်္ဂလိပ်စာ . . ."

"နင် လက်ချာမှန်မှန် မလိုက်ဘူးလား . ."

"လိုက်တော့ လိုက်တယ်ဟ . . ဒါပေမယ့် သိပ်မစုံလို့ . ."

မေသော်တာ တစ်ချက်တော့ စဉ်းစားသည်။ ပြီးမှ ခေါင်းညိတ်လိုက်ကာ . . .

"အေးလေ . . ရတယ် . . ဒီနေ့တော့ မပါဘူး . . နောက်နေ့မှ ယူလေ . . ."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး တော်တော်ပျော်သွားသည်။ သူထင်ထားတာ တော်တော်ပြောယူရမည် ထင်ထားမိသည်။ အခုတော့ ထင်တာထက်ပို အဆင်ပြောနေ၏။ မေသော်တာက မောင်စိုးကို ကြည့်၍ . . .

"နင်တို့အိမ်နဲ့ငါတို့အိမ်က နီးတယ်နော် . ."

ရုတ်တရက်ဆိုတော့ မောင်စိုး ကြောင်တောင်တောင်နဲ့ခေါင်းညိတ်ပြ၍ . . .

"နီး . . နီးတယ်လေ . . . ဘာလို့လဲ . . ."

"အဲဒါဆို မနက်ဖြန် ငါ့အိမ်လာခဲ့ပါလား . . ငါ နင့်ကို အကူအညီတောင်းစရာလေး ရှိလို့ပါ . . ရမလား . ."

မောင်စိုးဆိုတဲ့ကောင်က မေသော်တာခိုင်းရင် အင်ဒရင်းနဲ့ ကြက်သတ်ဆေးကိုတောင် ပျော်ပျော်ကြီး သောက်ပြမှာပဲဖြစ်သည်။ ဒါ ကြောင့် ဘာခိုင်းမလဲ မေးမနေဘဲ အတင်းကြီး ခေါင်းညိတ်ပြ၏။ မေသော်တာက ပြုံးကာ မောင်စိုးကို ကြည့်၍ . . .

"နင့်ကို ငါလိပ်စာပေးလိုက်မယ် . . ."

မောင်စိုးက ချက်ချင်းပင် ခေါင်းခါပြကာ . . .

"နင့်လိပ်စာကို ငါသိပြီးသားပါ . . ."

မေသော်တာက တအံ့တသြအမူအရာလေးဖြစ်သွားကာ . .

"နင် . . နင်ဘယ်လိုလုပ်ပြီး သိတာလဲဟင် . ."

"နင်နဲ့ပတ်သက်တဲ့ ကိစ္စတွေ ငါအကုန်သိထားတယ် ဆိုတာ နင်မေ့သွားပြီလား ဟင် . ."

မေသော်တာ ခေါင်းငုံ့သွားသည်။ မျက်လွှာချ၍ ငြိမ်သက်တိတ်ဆိတ်နေ၏။ မောင်စိုးက . . .

"ငါ့ကိုနင် ကြိုက်သလို အသုံးပြုနိုင်ပါတယ် . . မေသော်တာရယ် . . ထားမသွားရင် ငါ . . ငါ ကျေနပ်ပါတယ်ဟာ . ."





မောင်စိုး သူ့ဒိုင်ယာလော့ဒ် သူတော်တော်ခိုက်သွား၏။ မေသော်တာလည်း အဲဒီစကားလေးကြောင့် မောင်စိုးရှေ့ကနေ ဖြည်းဖြည်းချင်း လှည့်ထွက်သွားမိသည်။

ဒီတစ်ခါ မရည်ရွယ်ဘဲ ပစ်လိုက်တဲ့မြားလေး ပွတ်တိုက်ထိသွားပုံ ပေါ်ပါသည်။

ခုတင်ပေါ် ငုတ်တုတ်ကြီးထိုင်ပြီး ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေမိသည်။ မနက်အစောကြီး ခြောက်နာရီလောက်ဆိုတော့ မတရားကြီး စောလွန်းနေ၏။ ဒီနေ့ စနေနေ့လည်း ဖြစ်၍ ကျောင်းလည်း သွားစရာမလို . . ခါတိုင်းဆို ဒီလိုနေ့မျိုး နေဖင်ထိုးအောင် အိပ်၍ ဆယ်နာရီကျော်ကျော်လောက်မှ ထတတ်သည်။ အခုတော့ စိတ်စောလွန်းနေ၍ အစောကြီးနိုးနေမိ၏။ ဘာလုပ်ရမလဲ . . .

လမ်းထဲက ပဲပြုတ်သည်အော်သံကို ကြား၍ အကြံတစ်ခုရသွားကာ အိပ်ခန်းထဲမှ ပြေးထွက်လိုက်သည်။ မီးဖိုချောင်ထဲရောက်တော့ ဈေးသွားဖို့လုပ်နေသည့် အမေ့ကို တွေ့ရ၏။

ဒေါ်တင်သီတာက သူ့သားဖြစ်သူ မောင်စိုးကိုကြည့်ကာ တအံ့တသြလေသံနှင့် . . .

"ဘယ်လိုဖြစ်ပြီး အစောကြီး . . ."

"ဟုတ်တယ် အမေ . . အိပ်မပျော်လို့ ထလာတာ . . သားကို ပဲပြုတ်နဲ့ထမင်းကြော်ပေးပါလား . ."

ဒေါ်တင်သီတာက ပြုံးပြီး ခေါင်းညိတ်သည်။ ပြီးတော့ ပန်းကန်တစ်ချပ်ကို ယူကာခြံပြင်ထွက်ပြီး ပဲပြုတ်သွားဝယ်၏။

"ညက ငါးသေတ္တာ အကြံတော့ရှိတယ် . . စားချင်ရင် ရေခဲသေတ္တာထဲမှာ သွားယူခဲ့ . . နွှေးပေးမယ် . ."

မောင်စိုးက သွားယူ၍ လာပေးသည်။ အားလုံးပြီးသွားတော့



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး ထမင်းဝိုင်းမှာ ကျန်ခဲ့၏။ ဒေါ်တင်သီတာက ဈေးကို ထွက်သွားသည်။ အဖေနိုးလာရင် သောက်ဖို့ကော်ဖီနဲ့ပေါင်မုန့်ထောပတ်သုတ်ကို အဆင်သင့်လုပ်၍ အုပ်ဆောင်းလေးနဲ့အုပ်ထားပေးခဲ့လေသည်။

မောင်စိုး ထမင်းကြော်စားရင်း စဉ်းစားသည်။ မေသော်တာတို့အိမ်ကို ဘယ်အချိန်သွားရင် ကောင်းမလဲဟု တွေးမိ၏။ အစောကြီးသွားလို့လဲ ကောင်းမယ်မထင်။ နောက်ကျရင်လည်း ကောင်းပုံမပေါ်ပါ။ ဘာခိုင်းမှန်းမသိသေး၍ နောက်ကျရင် စိတ်ကောက်နေဦးမည်။ ဒီလိုနဲ့ ဆယ်နာရီလောက်သွားမည်ဟု ဆုံးဖြတ်လိုက်တော့၏။

ဆယ်နာရီထိုးတော့ မောင်စိုး အိမ်ကထွက်သည်။ ကားငှားပြီး မေသော်တာတို့အိမ်ကိုသွား၏။ ဟိုရောက်တော့ မေသော်တာကို ခြံထဲမှာ တွေ့ရသည်။ မောင်စိုးကို မြင်တော့ မေသော်တာ ထွက်လာကာ တံခါးဖွင့်ပေးရင်း . . .

"ငါ အခုပဲ နင့်ကိုစောင့်နေတာ မေ့များသွားပြီလားလို့ . ."

"ဘယ်မေ့မလဲ . . ဘယ်အချိန်လာရမှန်း မသိလို့ဟ . . တော်ကြာ အစောကြီးဆိုတော့ အားနာလို့ . ."

မေသော်တာက ခြံထဲကိုဦးဆောင်ပြီး ဝင်သွားသည်။ မောင်စိုးနောက်က လိုက်ဝင်သွား၏။ အိမ်ဝရောက်တော့ သံပန်းတံခါးနားမှာ ထောင်ထားသော ခြင်းတောင်းကြီးကိုတွေ့ရ၏။ အထဲကိုကြည့်တော့ အုန်းသီးတွေ . . .

မေသော်တာက ခြင်းတောင်းကို လက်ညှိုးထိုးပြကာ . . .

"နင် ငါ့ကိုလုပ်ပေးရမှာက ဒါပဲ . . နင်တစ်ယောက်တည်း မလုပ်ရပါဘူး . . ငါလည်း လုပ်မှာပေါ့ . ."

မောင်စိုး အုန်းသီးတွေကို ကြည့်ပြီး မျက်လုံးပြူးသွား၏။

"ငါက . . ဒါတွေကို ခွဲပေးရမှာလား ဟင် . ."





"ဘယ်ကလာ . . ခွဲပေးရမှာလဲ . . ရေမျှောရမှာ . ."

"ဘယ် . . ဘယ်မှာ သွားမျှောရမှာလဲ . ."

"ရေစီးတဲ့ မြောင်းတစ်ခုခုထဲကို မျှောရမှာဟ . . ဘယ်မြောင်းမဆို ရေစီးနေရင်ရပြီ . . ဒါပေမယ့် တစ်ခုတော့ရှိတယ် . . မြောက်အရပ်ကနေ တောင်အရပ်စီးတဲ့ မြောင်းဖြစ်ရမယ် . ."

မောင်စိုး ခေါင်းခြောက်သွားသည်။ အရှေ့အနောက်တောင်မြောက်ကို ဘယ်လိုမှန်းဆရမှန်းမသိ။ နေထွက်ရာ အရပ်ကိုမှန်းပြီးမော့ကြည့်တော့လည်း နေမင်းက ခေါင်းတည့်တည့်ကို ရောက်ခါနီးနေသည်။ အူကြောင်ကြောင်ဖြစ်နေတဲ့ မောင်စိုးကိုကြည့်ပြီး မေသော်တာက . . .

"နင် စိတ်ညစ်သွားပြီလား . ."

"မညစ်ပါဘူးဟာ . . ဘယ်ဟာ မြောက်အရပ်၊ ဘယ်ဟာ တောင်အရပ်ဆိုတာ မသိလို့ပါ . . ဒါနဲ့ နေပါဦး . . နင်က ဒီအုန်းသီးတွေ ရေမျှောပြီး ဘာလုပ်မလို့လဲ . ."

"ယတြာချေမလို့ . ."

မောင်စိုး အကြံအိုက်သွားသည်။ ချေပချေနိုင်လွန်းတဲ့ ယတြာပဲဟု တွက်နေမိ၏။ သို့သော် မတတ်နိုင်တော့ ခိုင်းတာတော့ လုပ်ပေးရလိမ့်မည်။ ဒီလိုနဲ့ အရှေ့အနောက်တောင်မြောက်ကို စဉ်းစားရင်း အကြံတစ်ခုရကာသွား၏။

"နင့်မှာ သံလိုက်အိမ်မြှောင်ရှိလား . ."

"ဘာလုပ်မလို့လဲ . ."

"အဲဒါရှိရင် အဆင်ပြေတယ် . . နောက်မို့ဆို ဘယ်မြောင်းက ဘယ်ကိုစီးမှန်းမှ မသိတာ . ."

မေသော်တာ တစ်ချက်တွေဝေသွားသည်။ နောက်တော့ မော



www.burmeseclassic.com

www.burmeseclassic.com



စိုး အကြံကို လက်ခံလိုက်ကာ . . .

"ငါ့မှာတော့ မရှိဘူး ဘေးအိမ်က လူတစ်ယောက်ဆီမှာတော့ ရှိမယ်ထင်တယ် . . သူက ဘူမိဗေဒနဲ့ကျောင်းပြီးထားတော့ ရှိနိုင်တယ်"

ပြောပြီး ခြံထဲက ထွက်သွားလေသည်။ မောင်စိုးက အုန်းသီးခြင်းကြီးနား မတ်တတ်ရပ်ကာ ကျန်ခဲ့၏။ ခဏကြာတော့ လက်တစ်ဝါးစာမရှိတတ်ရှိတတ် သံလိုက်အိမ်မြှောင်လေးတစ်ခု ပါလာသည်။

"ရော့ . . ငါ ကားသွားငှားလိုက်ဦးမယ် . . နင် ဒီမှာစောင့်ဦး . . . "

မောင်စိုး သံလိုက်အိမ်မြှောင်ကိုကြည့်ရင်း ကျန်ခဲ့သည်။ သံလိုက်အိမ်မြှောင်က မောင်စိုးလက်ထဲမှာ ချာလပတ်လည်နေလေသည်။ လက်ထဲမှာ ရေချိန်ညီတည့်တည့်ကိုင်လိုက်တော့ မြောက်အရပ်ကို တွေ့ရ၏။ ထိုအချိန်မှာပဲ အိမ်ထဲက အဒေါ်ကြီးတစ်ယောက်ထွက်လာပြီး မောင်စိုးကို ကြောင်တောင်တောင်လေးကြည့်ကာ . . .

"သားက မေသော့်သူငယ်ချင်းထင်တယ် . . "

"ဟုတ်ပါတယ် အန်တီ . . "

"ဩော် . . အေး . . အေး . . မေသော်က ဒီနေ့ သူယတြာကိစ္စအကူအညီတောင်းထားတယ်လို့ပြောလို့ . . သားကို ကျေးဇူးတင်တယ်နော် . . အန်တီတို့လည်း လူခွဲမရှိတော့ လိုက်လုပ်မပေးနိုင်ဘူးဖြစ်နေတယ် . . "

မောင်စိုး ခေါင်းကိုညိတ်ပြကာ . . .

"ရပါတယ် အန်တီ ကိစ္စမရှိပါဘူး . . သူငယ်ချင်းတွေပဲဟာ"

အဘွားကြီးက ပြုံးပြပြီး အထဲပြန်ဝင်သွားသည်။

ခဏကြာတော့ မေသော်တာက Taxi တစ်စီးငှားပြီး ပြန်လာလေ၏။ ထို့နောက် အုန်းသီးတောင်းကိုတင်သည်။ ကားဆရာက





အုန်းသီးတောင်းကိုကြည့်ပြီး ကြောင်တောင်တောင်နှင့် . . .

"ဘယ်သွားမလို့လဲ ကြည့်မြင်တိုင်ဈေးလား . . "

ကားဆရာ အမေးကို မဖြေနိုင်အားသေး . . နှစ်ယောက်စလုံး ကားပေါ်ဝင်ထိုင်လိုက်ပြီးမှ မေသော်တာက . . .

"ဦးလေး ဟိုဟာလေ . . ရေ . . ရေမြောင်းတွေ များတဲ့နေရာကို သိလား . . "

ကားဆရာက . .

"ရေကျော်ဘက်ကို ပြောတာလား . . "

'အဲဒီမှာ ရေမြောင်းတွေရှိလား . . "

ကားဆရာ ခေါင်းကိုကုတ်သည်။

"ရေမြောင်းပဲကွယ် . . မြို့နယ်တိုင်းမှာ ရှိတာပေါ့ . . ဦးလေးတို့ အိမ်နားမှာတောင် ရှိသေးတယ် . . ဘာလုပ်မလို့လဲ . . . "

"သမီးတို့က လုပ်စရာရှိလို့ပါ . . အဲဒီ ဦးတို့အိမ်က ဘယ်နားမှာလဲ . . "

"ဘုရင့်နောင်နားမှာ . . "

"အဲဒီကို မောင်း . . "

ကားဆရာကြီးက သဘောကောင်းပုံရသည်။ မောင်စိုးတို့နှစ်ယောက်ကိုလည်း သမီးရည်းစားတွေဟု ထင်နေပုံရ၏။ လမ်းရောက်တော့ . . .

"တူမကြီးတို့က အုန်းသီးတွေနဲ့ ဘုရင့်နောင်ဘက် ဘာသွားလုပ်လို့လဲ . . "

ဟု စပ်စု၏။ မောင်စိုးက မပြောခင် မေသော်တာက . . .

"ယတြာ သွားချမလို့ပါ . . "

ကားဆရာကြီး ပြုံးပြီး ခေါင်းညိတ်သွားသည်။ ဆက်မမေးတော့



www.burmeseclassic.com

www.burmeseclassic.com



. . ။ မောင်စိုးကတော့ သံလိုက်အိမ်မြှောင်ကို ဟိုကြည့်ဒီကြည့်လုပ်နေ၏။ တစ်သက်နဲ့တစ်ကိုယ် နာရီမှာပါတဲ့ သံလိုက်အိမ်မြှောင်လောက်သာ မြင်ဖူးသည်။ ဒီလောက်ကြီးတဲ့ သံလိုက်အိမ်မြှောင်မျိုး လုံးဝမမြင်ဘူး . . ဒါမှ တကယ့်သံလိုက်အိမ်မြှောင်စစ်စစ်ပဲဟု မှတ်ချက်ချလိုက်မိ၏။

တဖြည်းဖြည်းနဲ့ ကားလေးသည် တရိပ်ရိပ်ပြေးနေသည်။ သံလိုက်အိမ်မြှောင်ကိုကြည့်ရင်း မောင်စိုး အတွေးတွေလည်း ပြေးကာနေသည်။

မေသော်တာကို ချစ်ရတာသိပ်မလွယ်ပေ။ သူ့ရဲ့သိုက်ကိစ္စနဲ့ အလုပ်ရှုပ်နေတဲ့ကြားမှာ ကိုယ်ပါရောယောင်ပြီး သိုက်နေရပြီး ကြာရင် သူမနဲ့သိုက်အကြား အကူအညီပေးရလွန်း၍ သိုက်ပွဲစားတောင် ဖြစ်သွားနိုင်၏။ သို့သော် ဘာပဲဖြစ်ဖြစ် ချစ်မှတော့ လုပ်ပေးရတော့မည်။ ဟိုတစ်ခါလည်း နွားနို့နဲ့ပေါက်ပေါက်ဆုပ်ကို ရေသွားမျှောသည်။ ဒီတစ်ခါလည်း အုန်းသီးကို ရေမျှောရပြန်ပြီ။ နဂါးတွေ တော်တော် အလုပ်ရှုပ်သည်ဟု မောင်စိုး တွက်မိ၏။

အဲဒီလိုနဲ့ ဟိုမရောက်ဒီမရောက်တွေ တွေးနေရင်းမှာပင် ကားက ရပ်သွားတော့၏။ ပတ်ဝန်းကျင်ကို အခုမှအသိဝင်လာပြီး ကြည့်လိုက်မိတော့ ရပ်ကွက်တစ်ခုကို ရောက်နေသည်။ အားလုံးက မြေလမ်းလေးတွေဖြစ်သည်။ မိုးရွာထား၍ ရေအိုင်လေးများ ဟိုတစ်ကွက်၊ ဒီတစ်ကွက် တွေ့ရ၏။ အိမ်လေးတွေက ခြံဝင်းလေးတွေနှင့် မကျဉ်းမကျယ်တည်ရှိ၏။ လမ်းဘေးနှစ်ဘက်မှာ ရေမြောင်းလေးတွေနှင့် . . အကျယ်ကြီးတော့ မဟုတ်။ အကြီးဆုံးနေရာက လေးပေခွဲလောက် ရှိပြီး အကျဉ်းဆုံးက နှစ်ပေကျော်ကျော်လောက်ရှိမည်။

မောင်စိုး စဉ်းစားမနေတော့ဘဲ သံလိုက်အိမ်မြှောင်ကို ကိုင်ကာဆင်း၏။ ပြီးတော့ တစ်လမ်းနှစ်လမ်းလျှောက်သွားကာ အရှေ့အနောက်





တောင်မြောက်ကို ကြည့်သည်။ မြောက်ဘက် ညွှန်ပြထားရာဘက်တော့ တွေ့ပြီ။ လမ်းနဲ့အပြိုင် မျက်နှာမူရာဘက်က မြောက်ဘက်၊ ဒါဆို အားလုံး ကွက်တိ။ အဲဒီ မြောင်းအတိုင်း မျှောလိုက်ရရင် အဆင်ပြေပြီ။

အားရဝမ်းသာစွာ ကားနောက်ဖုံးကို ဆွဲလှန်ပြီး အုန်းသီးတစ်လုံးကို ထုတ်သည်။ မေသော်တာကလည်း ကူညီပေး၏။ ထို့နောက် မြောင်းတစ်ခုနားသွားပြီး လွှတ်ချမလို့အလုပ် မေသော်တာက . . .

"ပေး . . ပေး . . ငါကိုယ်တိုင် လက်နဲ့ကိုင်ပြီး ချရမှာ နင်က ယူပဲပေး . ."

မောင်စိုးလည်း မေသော်တာ လက်ထဲအုန်းသီးထည့်ပေးပြီး နောက်တစ်လုံးပြေးယူ၏။ ကားဆရာလည်း သူတို့လုပ်ပုံတွေကို ကြောင်တောင်တောင်နဲ့ကြည့်နေသည်။

မောင်စိုးလည်း လက်ထဲကိုင်ထားတဲ့ သံလိုက်အိမ်မြှောင်ကို ကားဆရာလက်ထဲ အသာထိုးထည့်ရင်း . .

"ဦးလေး ဒါလေး ခဏကိုင်ထားပါ . . လက်မအားလို့ . ."

"အေး . . အေး . . ဘာလေးလဲ . ."

"သံလိုက်အိမ်မြှောင် . . ."

ပြောပြီး မေသော်တာ့လက်ထဲ နောက်တစ်လုံး သွားထည့်၏။ မေသော်တာက ပျော်ပျော်ရွှင်ရွှင်ပင် ရေမြောင်းထဲကို အုန်းသီးတွေ တစ်ပွမ်းပွမ်း ပစ်ချကာနေလေသည်။

"နေစမ်းပါဦး . . မင်းတို့က ငါ့အိမ်ရှေ့ကို အမှိုက်တွေ လာပစ်နေရအောင် ဘာကောင်တွေလဲ . ."

ပြောတဲ့လူကို လှမ်းကြည့်လိုက်တော့ အသားညိုညိုနဲ့ခပ်ပိန်ပိန် လူကြီးတစ်ယောက် . . ။ မောင်စိုး အုန်းသီးကိုင်ကာ လမ်းလယ်ခေါင်မှာ သွားရပ်၏။ မေသော်တာက ကမန်းကတန်း မောင်စိုးနားကို ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကပ်သွားသည်။ သမိုင်းပေးတာဝန်အရ ဒီကိစ္စကို မောင်စိုးက ဦးဆောင်ဖြေရှင်းရတော့မည် ဖြစ်သည်။

မောင်စိုး ခပ်အေးအေးပင် မေသော်တာ ရှေ့က ရပ်လိုက်ကာ

"အမှိုက် မဟုတ်ပါဘူး . . ဦးလေး . . အုန်းသီးတွေပါ . ."

"အုန်းသီးတွေဆိုလည်း ပစ်ချစရာလားကွ . . ဒီမှာ ရေမြောင်းပိတ်လို့ မနေ့ကမှ ပိုက်ဆံပေးပြီး ဆယ်ခိုင်းထားတာ မင်းတို့ ပစ်ချလိုက်တဲ့ အုန်းသီးတွေ ဟိုမှာဆို့နေပြီ တွေ့လား . ."

မောင်စိုး ကဲကြည့်လိုက်တော့ အုန်းသီးသုံးလုံးက ရေမြောင်းအောက်က ကွန်ကရစ်ပိုက်အဝမှာ ဆို့နေကြသည်။ ဖြစ်ချင်တော့ အုန်းသီးသုံးလုံးက ပိုက်အဝမှာ တစ်ခုနဲ့တစ်ခု တစ်ပြီးဆို့သွားခြင်းပင်။ ရေသည် အရှိန်နဲ့စီးပြီး ဟန့်တားခြင်းခံလိုက်ရခြင်းကြောင့် ချက်ချင်းရေအိုင်တက်လာ၏။

ညိုညိုပိန်ပိန်လူကြီးက မောင်စိုးတို့အနား ရောက်လာကာ . .

"ကဲ . . မင်းတို့ ဒီကိစ္စကို ဘယ်လိုရှင်းမလဲ . . ငါ့အိမ်ရှေ့မြောင်းပိတ်ရင်တော့ ရပ်ကွက်ရုံးတိုင်ရမှာပဲ . . မိုးရာသီမှာ ရေမြောင်းတွေ ပိတ်ဆို့ရင် ခြင်အန္တရာယ် ဘယ်လောက်ရှိတယ်ဆိုတာ မင်းတို့သိလား . . အဲဒီလို မြောင်းပိတ်လို့ ခြင်တွေများလာရင် သွေးလွန်တုပ်ကွေး ရောဂါဆိုတာ . . ."

"သိပါတယ် ဦးလေးရယ် . . အဲဒီအန္တရာယ်တွေ ကျွန်တော်တို့ နားလည်ပါတယ် . . ဒါပေမယ့် ဒီအုန်းသီးကိစ္စက မလုပ်လို့မဖြစ်လို့ပါ"

"နေစမ်းပါဦး . . ဒီအုန်းသီးကို မြောင်းထဲပစ်ချတဲ့အလုပ်က ဘယ်လောက်များ အရေးကြီးနေလို့လဲ . ."

"ဟို . . ဆွေ . . ဆွေတော်မျိုးတော်တွေအတွက် ပါ . ."

"ဘာ . . မင်းတို့ ဆွေမျိုးတွေက ဒီမြောင်းထဲမှာ ရှိလို့လား"





"အဲ . ."

မောင်စိုး ဘာဆက်ပြောရမှန်း မသိကြောင်တောင်တောင်ဖြစ်သွားစဉ် မေသော်တာက ဒေါသတကြီးဝင်၍ . . .

"ဒီမှာ ဦးလေး . . လူကြီးဖြစ်ပြီး ဒီလိုပြောဖို့မလိုပါဘူး . . နောက်ပြီး ကျွန်မ ဆွေတော်မျိုးတော်တွေကို စော်ကားစရာမလိုဘူး . . အခု ဒီမြောင်းကလည်း ဦးလေးဝယ်ထားတာ မဟုတ်ဘူး . . ပြည်သူပိုင် ရေမြောင်း။ ဒါပေမယ့် ဦးလေးအိမ်ရှေ့မှာ ဖြစ်နေလို့ ကျွန်မတို့ မှားတယ်ပဲထား . . ဦးလေးဘက်က ကျွန်မ ဆွေတော်မျိုးတော်တွေကို မြောင်းထဲအထိ ပို့စရာမလိုဘူး မှတ်ထားပါ . . ."

ပိန်ညိုညိုလူကြီး ကြောင်တောင်တောင်ဖြစ်သွား၏။

သူ့ခမျာ စိတ်ဆိုးလို့သာ ပြောလိုက်ရသည်။ ဆွေတော်မျိုးတော်တွေဆိုတာ ဘယ်သူတွေမှန်းတောင်မသိပေ။ အခုလို မေသော်တာဘက်က သူပြောလိုက်သော ဆွေတော်မျိုးတော်တွေအတွက် ကက်ကက်လန်အောင် ပြန်ရန်တွေ့၍ ခေါင်းရှုပ်သွား၏။ သူတို့ပစ်ချသွားသော အုန်းသီးသည် ဆွေတော်မျိုးတော်တွေနဲ့ ဘယ်လိုပတ်သက်နေသနည်း။

ဘယ်လိုပဲ ပတ်သက် ပတ်သက် ကောင်လေးလက်ထဲကိုင်ထားသော အုန်းသီးနောက်တစ်လုံးကို ကြည့်ချင်းအားဖြင့် ထပ်ပစ်ချဦးမှာ သေချာနေ၏။ မတားလို့တော့ မရပေ။ ဆွေတော်မျိုးတော်တွေကြောင့် မြောင်းရေလျှံသွားလျှင် ကွိုင်ရှိ၏။ သို့သော် ကလေးတွေနဲ့ဖက်ပြီး ရန်မဖြစ်ချင်တော့၍ သက်ဆိုင်ရာလူကြီးတစ်ယောက်ကိုသွားခေါ်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

"မင်းတို့ ဆွေတော်မျိုးတော်တွေကိစ္စ ခဏမေ့ထားကြစို့ . . အခု ငါတူမကြီးပြောသလို ဒီမြောင်းက ဦးမပိုင်ပါဘူး . . ဒါကြောင့် ဆိုင်ရာလူကြီးတွေနဲ့ သာရှင်းကြတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထွက်သွားလေတော့သည်။ ထိုလူကြီးထွက်သွားတော့ မောင်စိုးက မေသော်တာကို လှည့်ကြည့်သည်။ မေသော်တာက ဘာမဆိုင် ညာမဆိုင် မောင်စိုးကို မျက်စောင်းထိုးကာ . . .

"ဒါမျိုးတော့ အပြောမခံနိုင်ဘူး . . သိလား . ."

မောင်စိုး အုန်းသီးကြီးပိုက်ပြီး ဘာဆက်လုပ်ရမှန်းမသိတော့ . . ခြင်းထဲမှာလည်း နောက်ထပ်နှစ်လုံးလောက် ကျန်သေး၏။ ကားဆရာကို လှမ်းကြည့်လိုက်တော့လည်း သံလိုက်အိမ်မြှောင်ကို ကိုင်ပြီး ကြောင်တောင်တောင်နဲ့ ရပ်နေ၏။

ခဏကြာတော့ ပိန်ပိန်ညိုညိုလူကြီးနဲ့ လူတစ်ယောက်ပါလာသည်။ အနားရောက်တော့ . . .

"သူတို့ပဲ ကိုစိုးသန်း ပြောလို့ဆိုလို့ကို မရဘူး . ."

ကိုစိုးသန်းဆိုသူက မောင်စိုးနဲ့ မေသော်တာကိုကြည့်ကာ . .

"ငါ့ညီတို့က ဘယ်လိုဖြစ်ကြတာလဲ . . ပြောပါဦး . ."

"ကျွန်တော်တို့က ယကြာလာချေတာပါ . . အဲဒါ ဒီက ဦးလေးက မြောင်းပိတ်တယ် ပြောလို့ပါ . ."

"ဒါတော့ ဟုတ်တယ်ကွ . . ဒီမြောင်းက မနေ့ကမှ ဖော်ထားတာ . . မိုးရာသီဆိုတော့ မင်းတို့လည်း သိတဲ့အတိုင်း ရေမြောင်းတွေ ပိတ်ဆို့တတ်တယ်လေ . . ဒါနဲ့ မင်းတို့ကို ဘယ်သူခေါ်လာလဲ . ."

မောင်စိုးနဲ့မေသော်တာတို့ တိုင်ပင်မထားဘဲ ကားဆရာကြီးကို လှည့်ကြည့်မိ၏။ သူတို့အကြည့်ကြောင့် ကားဆရာ ခန္ဓာကိုယ်တစ်ချက် တွန့်ခနဲဖြစ်သွားသည်။ ကိုစိုးသန်းက မျက်မှောင်တစ်ချက် ကျုံ့လိုက်ကာ

"ခင်ဗျား . . ကိုဝင်းသော် မဟုတ်လား . . ဘယ်လိုဖြစ်တာလဲ"

ဇာတ်ကတော့ နည်းနည်းရှုပ်လာလေပြီ။ တစ်နွယ်ငင်ပြီး တစ်စဉ်လုံးပါ ကုန်လေပြီ။ တချို့အိမ်တွေကက သူတို့ကို သတိထားမိ





ပြီး ထွက်ကြည့်ကုန်သည်။ အခုမှတော့ ဘာမှမတတ်နိုင်တော့ . . .

ကားဆရာက သံလိုက်အိမ်မြှောင်လေးကိုင်ကာ ခပ်ရွံ့ရွံ့လေး ကပ်လာပြီး . . .

"ကျွန်တော် မသိဘူး ဆရာ . . ဒီကလေးတွေက ရေမြောင်းရှိတဲ့နေရာ မောင်းပေးပါ . . ယကြာချေချင်လို့ဆိုတာနဲ့ ကျွန်တော်လည်း ဒီကိုမောင်းလာပေးတာ . . ဒီလို အုန်းသီးတွေ ရေထဲပစ်ချမယ်လည်း မထင်မိဘူး . . ."

ကိုစိုးသန်းက ကားဆရာလက်ထဲက သံလိုက်အိမ်မြှောင်ကို သတိထားမိသွားပြီး . . .

"ခင်ဗျားလက်ထဲက ဘာလဲ . ."

"ဒီကောင်လေးဟာ . . သံလိုက်အိမ်မြှောင်ဆိုလား . ."

ကိုစိုးသန်းက သံလိုက်အိမ်မြှောင်လေးကို ကိုင်ကာ ဟိုကြည့် ဒီကြည့်လုပ်သည်။ ပြီးတော့ နားမလည်နိုင်သလို မောင်စိုးတို့ဘက် လှည့်ကြည့်၏။ ဒီကိစ္စကို သေချာနားလည်အောင် ရှင်းပြမှရတော့မည်ဆိုတာ မောင်စိုး သဘောပေါက်လိုက်တော့သည်။ တော်ကြာ နားမလည်နိုင်တာတွေများပြီး ရှုပ်ထွေးသွားနိုင်လေသည်။

ထို့ကြောင့် မောင်စိုးကပဲ ဦးဆောင်ပြီး ရှင်းပြရပါတော့သည်။

"ကျွန်တော်တို့က မြောက်ကတောင်ဘက်အရပ်ကို စီးနေတဲ့ ရေမှာ ဒီအုန်းသီးတွေကို မျှောရမှာပါ။ ဒါကြောင့် သံလိုက်အိမ်မြှောင် ယူလာခဲ့တာ . . အခု ဒီရပ်ကွက်မှာရှိတဲ့ မြောင်းတွေက ကျွန်တော်တို့ လိုချင်တဲ့အတိုင်း ကွက်တိဖြစ်နေလို့ လုပ်လိုက်မိတာ အစ်ကို . ."

ကိုစိုးသန်းဆိုတဲ့လူ နည်းနည်းတော့ နားလည်သွားဟန်တူသည်။ သံလိုက်အိမ်မြှောင်ကို မောင်စိုးကို ပြန်ပေးပြီး ရေမြောင်းအခြေအနေကို သွားကြည့်၏။ အုန်းသီးသုံးလုံးက ပိတ်ဆို့နေဆဲ . . ကိုစိုးသန်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပြန်ကြည့်ပြီး . . .

"ဝါးလုံးနဲ့ထိုးမှရမယ် . . ညီလေး ကူညီနိုင်မလား . ."

မောင်စိုးက ခေါင်းညိတ်ကာ မေသော်တာလက်ထဲ အုန်းသီးကို ထည့်ပြီး အုန်းသီးသုံးလုံးကို ဝါးလုံးနဲ့သွားထိုးပေးသည်။ အုန်းသီးတွေ မြောင်းပိုက်ထဲ တစ်လုံးပြီးတစ်လုံး ဝင်သွားတော့ မေသော်တာက အနား ကပ်လာကာ . . .

"ဒါလေး သုံးလုံးပဲ ကျန်တော့တာ . . မျှောလိုက်မယ်နော် . . ဒီတစ်ခါတော့ မပိတ်စေရဘူး စိတ်ချပါ . ."

မောင်စိုးက ဝါးလုံးကိုကိုင်ကာ မြောင်းဘေးနားထိုင်ပြီး ကိုစိုးသန်းကို ကြည့်၏။ ကိုစိုးသန်းလည်း မပြောသာတော့ . . .

"မြောင်းမပိတ်အောင် တစ်လုံးပြီးတစ်လုံး မျှောပေါ့ကွာ . ." ဟုပြောကာ ထွက်သွားပါတော့သည်။

မောင်စိုးက ဝါးလုံးလေးကိုင်ကာစောင့်ပေးသည်။မေသော်တာက လက်ကျန်အုန်းသီးတွေကို တစ်လုံးပြီးမှ တစ်လုံး ပစ်ချပေး၏။

အားလုံး ပြီးဆုံးသွားတော့ ပြန်ကြသည်။ လမ်းရောက်တော့ မေသော်တာက မောင်စိုးကို အနားကပ်ကာ . . .

"ငါ နင့်ကို ကျေးဇူးတင်လိုက်တာ သိလား . ."

မောင်စိုး ချွေးတွေကြားက မေသော်တာကို ပြုံးပြ၏။ ထို့နောက်

"ရပါတယ်ဟာ . . ."

မောင်စိုး စကားဆုံးတော့ မေသော်တာ မျက်လွှာချသွားပါ သည်။



မိုးတွေအသည်းအသန်ရွာနေသည်။ ကောင်းကင်ကလည်း မည်းမှောင်နေသည်။ ထီးတစ်လက်ကို ကျောင်းသားသုံးယောက်ဝိုင်း ဆောင်းရင်း ရှုပ်ယှက်ခတ်နေတာကို မြင်ရ၏။ မောင်စို ကော်ရစ်တာ တစ်ခုမှာ ရပ်ရင်း အပြင်ကိုငေးကြည့်နေမိသည်။ အချစ်သည် တစ်ခါ တစ်ရံ လူ့ရဲ့ရင်ကိုပြင်းပြရိုက်ခတ်စေမှန်း မောင်စိုး သိသွား၏။ မေ သော်တာ ကျောင်းမတက်ခြင်းသည် သူ့ရဲ့ရင်ကို တော်တော်လှုပ်လှုပ် ရှားရှားဖြစ်နေခဲ့သည်။

လွမ်းသည်ဆိုတာထက် ဘာအကြောင်းပြချက်မှမရှိဘဲ ရင်ထဲ မှာ ဘာတွေခံစားနေရမှန်းမသိ။ ချစ်သူတွေ မဖြစ်သေးဘဲနဲ့ အဲဒီ လောက် အဖြစ်သည်းစရာမလိုသေးမှန်း သူကိုယ်သူလည်း နားလည် သည်။ သို့သော် လွမ်းသည်။ ဘာမှမတတ်နိုင် . . .

"အမယ် . . မင်းက ဒီမှာရောက်နေတာကိုး . . ငါတို့က လိုက် ရှာနေတာ . ."

လှည့်ကြည့်လိုက်တော့ လင်းနိုင်ဦး . . သူဘာမှ မပြောဘဲ အပြင်ဘက်ကိုသာ ပြန်ငေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းပုံစံက ဘာဖြစ်နေတာလဲ . ."

သူ ခေါင်းခါပြန်လိုက်သည်။

ပြီးတော့ သက်ပြင်းကိုချသည်။ မိုးရေစက်တွေကို ပြန်လည် ငေးမောနေမိသည်။ လင်းနိုင်ဦးက ခေါင်းကိုဖြည်းလေးစွာခါရင်း . .

"မင်းလည်း ဒီပုံအတိုင်းဆက်သွားရင် သေမှာပဲ . ."

မောင်စိုးက ချာခနဲလှည့်ကြည့်ကာ . . .

"ဘာကို ပြောတာလဲ . ."

"ဒီနေ့ မေသော်တာ ကျောင်းမတက်လို့ ဖြစ်နေတာမှလား"

ပြောတဲ့စကားက မှန်နေ၍ ဘာမှတော့ပြန်မပြောဖြစ်။ လင်းနိုင်ဦးက ဆက်သည်။

"ပျော်ပျော်ရွှင်ရွှင်နေစမ်းပါကွာ . . မင်းပုံစံက ယောကျ်ား ချေးကျလိုက်တာ . . ."

မောင်စိုးစိတ်ထဲ တင်းခနဲဖြစ်သွား၏။

"လွမ်းတာနဲ့ယောကျ်ားချေးကျတာ ဘာဆိုင်လို့လဲ။ ယောကျ်ား ဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ချစ်ရင်လွမ်းမှာပဲ ဘာဆန်းလဲ . ."

လင်းနိုင်ဦးက မောင်စိုး ပခုံးကို ဆုပ်ကိုင်လိုက်ကာ . . .

"ငါက အကောင်းနဲ့ပြောတာ . . ပထမတော့ မပြောဘူးလို့ပဲ ထားမလို့ . . ဒါပေမယ့် မင်းပုံစံကို ကြည့်ပြီး ပြောသင့်ပြောထိုက်တယ် ထင်လို့ ပြောရတာ . . မင်းက သာ ခံစားနေတာ . . မေသော်တာက မင်းကို အသုံးချနေသလိုပဲ သူငယ်ချင်း . . ."

မောင်စိုး လင်းနိုင်ဦးကို စူးစူးရဲရဲစိုက်ကာ ကြည့်သည်။ ဘာ စကားမှတော့ မပြောပေ။ ခဏကြာတော့ ခေါင်းငုံ့သွားသည်။

"ချစ်တာကိုကွာ . . ဘယ်တတ်နိုင်ပါ့မလဲ . ."

တိုးဖွဖွပြောသော မောင်စိုး စကားကြောင့် လင်းနိုင်ဦး စိတ်





မကောင်းဖြစ်ကာသွား၏။ သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။

"လာ . . ကွာ . . ကန်တင်းဘက်သွားရအောင် . . ဟိုကောင် တွေ စောင့်နေကြပြီ . ."

မောင်စိုး စိတ်မပါသော ခြေလှမ်းများနှင့်လင်းနိုင်ဦး နောက်ကို ပါလာသည်။ သူ့ခေါင်းထဲမှာ အရာရာသည် မေသော်တာက လွှမ်း၍ ယခုအချိန်မှာ ဘာမှမရှိပေ။

ကန်တင်းက ကျစိမ့်တစ်ခွက်သည်လည်းကောင်း၊ သူငယ်ချင်း တွေ နောက်ပြောင်ကျီစယ်သော စကားများသည်လည်းကောင်း၊ လှပ သော ရောင်စုံကျောင်းသူလေးများသည်လည်းကောင်း . . .

အရာအားလုံး မေသော်တာကို လွမ်းတဲ့ စိတ်အောက်လွင့် ပျောက်သွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မေသော်တာ အပြင်းဖျားသည်ဟု ကြားရသည်။ တော်ရုံတန်ရုံ ဖျားခြင်းမဟုတ်၊ အဖျားက ၁၀၂ ဒီကရီကျော်သည်ဆို၏။ အဖျားတက်ရင်လည်း ကယောင်ကတမ်းတွေ လျှောက်ပြောနေ၍ ရေမန်းနဲ့တောက်တောက်ပေးရသည်ဟု ဆို၏။ ထိုသတင်းကို ယူလာသူက ခိုင်ဝင်းအေးပင် ဖြစ်လေသည်။

"မနေ့ကဆို သိလား . . သူ့ကိုလာခေါ်နေကြတာတဲ့ . . သူ မလိုက်ဘူး . . မလိုက်ဘူးနဲ့ အော်တာ အကျယ်ကြီးပဲ . ."

လင်းနိုင်ဦးက ခိုင်ဝင်းအေးကို . . .

"ဘယ်သူလာခေါ်တာလဲ . ."

"ငါလည်း ဘယ်သိမလဲဟ . . သူ သတိရတော့ ပြောပြတာ . . သူ့ကို လာခေါ်ကြတာတဲ့ သူကြောက်တယ်တဲ့ . ."

တေကြီးက တွေးတွေးဆဆ အမူအရာနဲ့ . . .

"အဖျားကြီးရင် ဒီလိုပဲဖြစ်တတ်တယ်ဟ . . မိန်းကလေးဆိုတော့ ခံနိုင်ရည်ဘယ်ရှိမလဲ . ."





ခိုင်ဝင်းအေးက ရှောက်သီးသုပ် တစ်ဇွန်းကိုကောက်စားလိုက်ရင်း . . .

"ငါ့တုန်းကလည်း အဲဒီလိုပဲဖြစ်တယ် . . ."

လင်းနိုင်ဦးက မောင်စိုးကို လှည့်ကြည့်သည်။ မောင်စိုးက သက်ပြင်းကိုချသည်။ ခိုင်ဝင်းအေးကြောင့် စိတ်ညစ်သည်။ ဘယ်ဟာဖြစ်ဖြစ် သူပါချင်၏။ သူများ လှလှပပလေးသေရင်တောင် သူလိုက်သေချင်တဲ့သဘောမှာရှိ၏။

ခိုင်ဝင်းအေးအကြောင်းသိရက်သားနဲ့ တေကြီးက အစထောင်ပေးလိုက်၏။

"နင့်တုန်းက ဘယ်သူလာခေါ်တာလဲ . ."

ခိုင်ဝင်းအေး ဝမ်းသာသွားပုံရ၏။ သို့သော် ချက်ချင်းပင် မပြောသေးဘဲ ကြာဇံဟင်းခါးကို ဇွတ်ခနဲတစ်ချက်သောက်လိုက်ပြီးမှ . .

"ငါ့တုန်းက လာခေါ်တဲ့လူက ရိန်းနဲ့တော်တော်တူတယ်ဟ သိလား . . မျက်ခုံးပိတ်ပိတ်လေးနဲ့ . . အဲ . . ဒါပေမယ့် ကိုရီးယားတော့ ဖြစ်ပုံမရဘူး . . ခေါင်းမှာ ထိုးထိုးထောင်ထောင် နတ်ဝတ်တန်ဆာတွေနဲ့ . . ."

နည်းနည်းတော့ အမြင်ကတ်သွားကြသည်။ သို့သော် မေသော်တာ့ အကြောင်းလေး သိချင်နေသေး၍ စိတ်မဝင်စားသော်လည်း ဆက်နားထောင်ပေးရ၏။

တေကြီးကပင် ဆက်ပြီး . . .

"နင့်ကို နတ်တွေက အဲဒီလို ထိုးထိုးထောင်ထောင် ပြောင်ပြောင်လက်လက်တွေ ဝတ်ကြတယ်လို့ ဘယ်သူပြောလဲ . ."

"ရုပ်ရှင်တွေထဲမှာ နင်တို့မမြင်ဖူးဘူးလား . ."

"ဘာဆိုင်လဲ . . အဲဒါ စိတ်ကူးယဉ်ပြီး လျှောက်ရိုက်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



. . နတ်တွေဝတ်တာ နင်မြင်ဘူးလို့လား . . "

ခိုင်ဝင်းအောင် ဘာဆက်ပြောရမှန်း မသိတော့ . . .

လင်းနိုင်ဦးက ဝင်၍ . .

"နတ်တွေက အဝတ်မဝတ်ဘဲ ဒီအတိုင်းကြီးနေချင်နေမှာပေါ့ . . သူတို့ကို မြင်ရတာမှ မဟုတ်တာ . . . "

လင်းနိုင်ဦး စကားကြောင့်ခိုင်ဝင်းအေး နည်းနည်းတော့ ကျောချမ်းသွား၏။ သို့သော် အရှုံးမပေး . . . ။

"ကိုရီးယားနတ်ဖြစ်မှာပေါ့ . . "

"အဲဒါဆို ကိုရီးယား ကားတွေထဲကလို လာမှာပေါ့ . . နင့်နတ်ကျမှ အချွန်အတက်တွေနဲ့ . . "

ခိုင်ဝင်းအေး ရှောက်သီးသုပ်ဗွန်းကို ခွပ်ခနဲ ပစ်ချလိုက်သည်။ သူဆက်ပြောမယ့်စကားကို ဆက်မပြောရ၍လည်း ဒေါသထွက်သွား၏။

ခိုင်ဝင်းအေး ဒေါသထွက်သွားတာကို သိ၍ မောင်စိုးက လင်းနိုင်ဦးတို့ကို မျက်ရိပ်ပြရသည်။ နည်းနည်းပြန်ချော့ဦးဆိုတဲ့ သဘော။ မောင်စိုးအထာကို နားလည်၍ လင်းနိုင်ဦးက . . .

"ငါတို့က အလကား စတာပါ . . ခိုင်ဝင်းအေးရာ . . နင့်ဆီလာတာ တကယ့်နတ်ဟ . . သိလား . . အဲဒါ နင့်ကို နမိတ်လာပြသွားတာ . . . "

ခိုင်ဝင်းအေး စူကောက်ကောက်ဖြစ်နေရာမှ . . .

"ဘာနမိတ်လဲ . . "

"နင် နောက်ဘဝကျရင် နတ်ဖြစ်မယ်ဆိုတဲ့ သဘော . . "

ခိုင်ဝင်းအေး မျက်နှာနည်းနည်းတော့ ပြေလည်စပြုသွားသည်။

"ဟုတ်လို့လား . . "

တေကြီးက . . .





"ဟုတ်တာပေါ့ . . နတ်တောင် နင်က ရိုးရိုးနတ်မဟုတ်ဘူး . . နတ်သမီးလှလှလေးဖြစ်မှာ . . တစ်ဖက် နတ်သား . . ငါးရာနဲ့ . . "

"တကယ် . . "

"တကယ်ပေါ့ . . "

ဟုတ်သော်ရှိ မဟုတ်သော်ရှိ လတ်တလောတော့ ပြေလည်သွား၏။ အဲဒီအခွင့်အရေးကို အလွတ်မခံဘဲ မောင်စိုးက ဝင်ဝင်ဆင်သည်။

"ခိုင်ဝင်းအေး . . "

"ဟေ . . "

"နင် မသေသော်တာဆီ သတင်းသွားမေးရင် ငါတို့ပါလိုက်ချင်တယ်ဟာ . . "

ငါတို့ဆိုတဲ့စကားကြား၍ ကျန်တဲ့လူတွေပါ မောင်စိုးကို ဝိုင်းကြည့်ကြသည်။ မောင်စိုးက မသိမသာ မျက်ရိပ်ပြကာ ဆက်ပြော၏။

"ဘာဖြစ်လို့လဲဆိုတော့ ငါတို့လည်း သူ့သူငယ်ချင်းတွေပဲ တစ်တန်းတည်းသားတွေပဲဟာ . . အခုလို သူ နေမကောင်းဖြစ်နေဦးမှာ လိုက်ကြည့်သင့်တယ် ထင်တယ် . . "

ခိုင်ဝင်းအေးက ကြာဇံဟင်းခါးကို ကုန်အောင်သောက်ပြီးတော့မှ . . .

"အေးလေ . . လိုက်ချင်လည်း လိုက်ခဲ့ပေါ့ . . ငါတော့ မနက်ဖြန်သွားမယ် . . နင်တို့နဲ့ ဘယ်လိုချိန်းမလဲ . . "

မောင်စိုးက တစ်ချက်စဉ်းစားလိုက်၏။ ပြီးတော့ လင်းနိုင်ဦးနဲ့တေကြီးဘက် လှည့်ကြည့်ပြီး . . .

"မင်းတို့ ဘယ်အချိန်အားလဲ . . ငါ့ အိမ်အရင် လာမလား"

လင်းနိုင်ဦးတို့ ကြောင်တောင်တောင်ဖြစ်နေသေးသည်။ မောင်စိုး သူတို့ကိုပါ ဆွဲထည့်ပြီး ပေါ်တင်ကြီး ဝင်ဆင်နေပြီဆိုတာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သည်။ သူတို့ဘက်က လူနာလိုက်မေးရအောင်လည်း မေသော်တာနဲ့ အဲဒီလောက်ကြီး ရင်းနှီးတာမဟုတ်။ မောင်စိုးနဲ့ပတ်သက်ပြီးတော့သာ မေးထူးခေါ်ပြော အဆင့်သာရှိကြသူတွေ . . ။

သို့သော် အခုတော့ မတတ်နိုင်တော့ သူငယ်ချင်းက သေလောက်အောင် ဖြစ်နေမှတော့ လိုက်ရောရတော့မည်သာ ဖြစ်လေသည်။

"ရ . . ရတယ်လေ . . မင်းဆီ အရင်လာလိုက်တာပေါ့ . . ခိုင်ဝင်းအေးနဲ့ရော ဘယ်လိုချိန်းမလဲ . . "

ခိုင်ဝင်းအေးက တစ်ချက်စဉ်းစားလိုက်ပြီးမှ . . .

"ငါနဲ့ မေသော်တို့လမ်းထိပ်မှာဆုံမယ်လေ ကိုးနာရီလောက်"

"ဒါဆိုလည်း ပြီးရောလေ . . မင်းတို့ ငါ့အိမ်ကို မနက်ရှစ်နာရီလောက် အရောက်လာပေါ့ . . "

လင်းနိုင်ဦးတို့က မောင်စိုးကို မျက်စောင်းထိုးကာ ခေါင်းညိတ်ပြလိုက်၏။

မောင်စိုးကတော့ မိုးမမြင်လေမမြင် ပျော်နေလေသည်။



မနက် ရှစ်နာရီခွဲကတည်းက လူစုံနေပြီ။ ကြီးတော်နွားလိုက်ကျောင်းမယ့် လင်းနိုင်ဦးတို့၊ တေကြီးတို့ ရောက်နေကြပြီ။ ရဲမြင့်ပါ ဘယ်ကဘယ်လို သတင်းရပြီး ရောက်လာလည်း မသိပေ။

လူနာသွားမေးမယ့် လူတွေက လူနာမေးတာနဲ့မတူဘဲ ပျော်ရွှင်စွာ နောက်နေကျ၍ မောင်စိုးအမေက . . .

"နင်တို့က မွေးနေ့သွားမှာလား . . လူနာသွားမေးမှာလား"

"မွေးလူနာ . . "

"ဘယ်လို . . . "

တေကြီးက နောက်နေကျမို့ လွှတ်ခနဲထွက်သွားသည်။ နောက်မှ မောင်စိုးက အမေဆိုတာ သတိရသွား၍ . . .

"ကန်တော့နော် . . . အန်တီ . . ကန်တော့ . . ဟီး . . ဟီး . . တကယ်ဖျားနေတဲ့ လူနာပါအန်တီရဲ့ . . သားတို့က တွေ့လိုက်ရင် ဒီလိုပဲ ပျော်ပျော်နေတတ်လို့ပါ . . "

မောင်စိုး အမေက ဘာမှမပြောဘဲ ပြုံးပြပြီး လှည့်ထွက်သွားသည်။ တေကြီးက မောင်စိုး အနားကပ်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"လစ်ရအောင် ပေါ့ကောင် . . ကြာရင်အခြေအနေမကောင်းဘူး . . "

မောင်စိုးက ခေါင်းညိတ်သည်။ လင်းနိုင်ဦးလည်း သဘောပေါက်သည်။ ထို့နောက် အားလုံး အိမ်ကထွက်ခဲ့ကြ၏။

မေသော်တာတို့လမ်းထိပ်ရောက်တော့ ခိုင်ဝင်းအေးကို မတွေ့ရသေး။ နာရီဝက်လောက်စောင့်လိုက်တော့မှ ခိုင်ဝင်းအေးရောက်လာ၏။

"စောင့်နေရတာ ကြာသွားပြီလား . . . ဆောတီး . . ဘတ်စ်ကားတွေ ကြပ်နေလို့ဟ . . "

ဒီလိုနဲ့ မေသော်တာအိမ်ကို ရောက်လာကြသည်။ အိမ်ရောက်တော့ မေသော်တာက ခုတင်ပေါ်မှာ စောင်လေးခြုံကာ ပလက်ကလေး၊ ဘေးမှာ မေသော်တာ့အမေရော၊ အဖေပါ ရှိသည်။ ဒါ့အပြင် လည်ကတုံးအဖြူဝတ်ထားတဲ့ လူကြီးတစ်ယောက်ပါရှိ၏။ ထိုလူကြီးက ပါးစပ်ကဘာတွေရွတ်နေမှန်းမသိ . . ပွစိ . . ပွစိသာတွေ့ရသည်။ တေကြီးကအနားကပ်ပြီး . . .

"သိုက်ဆရာ ထင်တယ်ကွ . . သိလား . . "

မောင်စိုးက လေသံတိုးတိုးနှင့် . . .

"ဟုတ်လို့လားကွာ . . "

"ပါးစပ်က ဒီလောက်ရွတ်ပြီးပြောနေမှတော့ ဒါပဲဖြစ်မှာပေါ့ကွ . . "

ကြာတော့ သိုက်ဆရာ ဆိုသူက . . .

"ခင်ဗျားတို့ကို ကျွန်တော် ပြောသားပဲ . . ဒီအရွက်ကို ရအောင်ရှာပါလို့ . . အခုတော့ ဖြစ်ပြီ မဟုတ်လား . . "

မေသော်တာ့ အမေက ပျာပျာသလဲနှင့် . . .





"ကျွန်မတို့လည်း ရှာတာပဲ . . လက်လှမ်းမီရာမှာ ဘယ်လိုမှ ရှာမတွေ့လို့ပါ . . "

သိုက်ဆရာဆိုသူက သက်ပြင်းချသည်။

"ဟွန်း . . ဒုက္ခ . . ဒါ . . ဒုက္ခပေးထားတာ . . "

ခိုင်အေးဝင်းက ရုတ်တရက်ဝင်ပြီး . . .

"သူ့ကို ဘယ်သူက ဒုက္ခပေးထားတာလဲ ဟင် . . "

အားလုံးက ခိုင်အေးဝင်းကို ဝိုင်းကြည့်ကြသည်။ ခိုင်အေးဝင်းခမျာ ကြောင်စီစီလေးနှင့် . . .

"သမီးတို့က သူနဲ့ပေါင်းနေတာကြာပါပြီ . . သူ့ကို ဒုက္ခပေးတဲ့လူမရှိပါဘူး . . တကယ်ပါ . . "

သိုက်ဆရာဆိုသူက ခေါင်းကိုဖြည်းလေးစွာ ခါပြကာ . .

"အခုဘဝ မဟုတ်ဘူး . . အရင်ဘဝ . . "

"အရင်ဘဝ ဟုတ်လား . . "

"ဟုတ်တယ် . . အရင်ဘဝက မကျေနပ်တာ . . . "

ခိုင်အေးဝင်း ခေါင်းကိုဖြည်းလေးစွာကုတ်သည်။ နားမလည်နိုင်တော့၍ ဆက်တော့မပြောတော့ပေ။ သိုက်ဆရာကသာ ဆက်ပြီး . .

"ဒီညောင်မှတ်ဆိတ်အရွက်ကို နှစ်ရက်အတွင်းမရလို့ ဖြစ်တာဗျ . . . ခင်ဗျားတို့ ညံ့တယ်ဗျာ . . . "

"ဟုတ်ကဲ့ပါ . . ဆရာရယ် . . ကျွန်မတို့လည်း စုံစမ်းပါတယ် . . မရှိလို့ပါ . . "

မောင်စိုး သဘောပေါက်သင့်သလောက်ရှိသွား၏။ မေသော်တာ့ကိစ္စတွေ လိုက်ဆောင်ရွက်ပေးနေကျဖြစ်၍ ဒါ ရတနာတစ်ခုလုပ်ခိုင်းမှန်း သဘောပေါက်လိုက်ခြင်းဖြစ်၏။

ညောင်မှတ်ဆိတ်သည် မေသော်တာ့အတွက် ဒီတစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးနေပြန်ပြီ။ ထို့ကြောင့် မဝံ့မရဲဝင်၍ . . .

"အန်တီ . . ညောင်မုတ်ဆိတ်ကို ဘာလုပ်မလို့လဲ ဟင် . ."

မေသော်တာအမေက မောင်စိုးကိုလှည့်ကြည့်ကာ . . .

"လုပ်စရာလေးတွေ ရှိလို့ပါ သားရယ် . . အန်တီတို့ ရှာတာလည်း နှံ့နေပြီ . . ညောင်မုတ်ဆိတ်ပင်ကို မတွေ့လို့ . ."

မောင်စိုးက ခေါင်းကို တဖြည်းဖြည်းညိတ်ပြလိုက်ကာ . . .

"ဘယ်နေ့နောက်ဆုံးလဲ အန်တီ . ."

သိုက်ဆရာက ဝင်၍ . .

"အချိန်ကတော့ ကျော်နေပြီ . . ဒါပေမယ့် မနက်ဖြန်တစ်ရက်တော့ ခွင့်လွှတ်လို့ရသေးတယ် . ."

ထိုအချိန်မှာပဲ မေသော်တာ အိပ်နေရာမှနိုးလာ၏။ သူမဘေးနားက လူတွေကိုအူကြောင်ကြောင်နဲ့လိုက်ကြည့်ပြီး . . .

"ဟင် . . . နင်တို့ ရောက်နေတယ် . . ."

ခိုင်ဝင်းအေးက မေသော်တာ့နဖူးလေးကို အသာဖွဖွသွားစမ်းကာ . . .

"ရောက်နေတာကြာပြီဟ . . နေကောင်းအောင်နေနော် . . ငါတို့ရှိတယ် . ."

မေသော်တာက ခေါင်းလေးညိတ်ပြပြီး . . .

"အေးဟာ . . သွေးလွှန်တုပ်ကွေးဆိုလား အဲဒါဖြစ်တာ . . ဒါပေမယ့် အဖျားက မကျသေးဘူး . . ငါလည်း ဆေးသောက်ကကြောက် . . ."

"ဘယ်ကလာ . . သွေးလွှန်တုပ်ကွေးရမှာလဲ . . သွေးလွှန်တုပ်ကွေးဆိုလည်း ဒီလောက်ဆို ပျောက်လောက်ပြီ အခုဟာက . . အရင်ဘဝက မကျေနပ်လို့ဖြစ်တာ . . ."





သိုက်ဆရာက အတင်းကြီး စကားစဖြတ်ပြီး ဝင်ပြောသည်။ မေသော်တာကတော့ ဘာမှဆက်မပြောတော့ . . မေသော်တာ့အမေတွေလည်း ခေါင်းလေးငိုက်စိုက်ပြီး နားထောင်နေ၏။

မောင်စိုး မနေနိုင်တော့ . . .

"အန်တီ . . အန်တီတို့လိုနေတဲ့ ညောင်မုတ်ဆိတ်ကို မနက်ဖြန်နေ့လယ်လောက်ရအောင် ရှာပေးရင် ရမလား . ."

သိုက်ဆရာက ဝင်၍ . . .

"ရတယ် . . နေ့လယ် ၁၂းဝဝနာရီလောက် ရရင်ပြီးပြီ။ ကျန်တာ ငါ့အပိုင်းထား . ."

မောင်စိုးက သူငယ်ချင်းတွေကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ပြီးတော့မှ မေသော်တာ့အမေနဲ့သိုက်ဆရာကိုကြည့်ပြီး . . .

"ရကို ရစေမယ် စိတ်ချ . . ."

www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင် တိုင်းသည် မုတ်ဆိတ်ထွက်လား . . မထွက်လားတော့ မောင်စိုး မသိပေ။ သို့သော် မုတ်ဆိတ်ထွက်သည့် ညောင်မုတ်ဆိတ်တော့ မြင်ခဲ့ဖူးသည်။ ညောင်ပင်သည် သက်တမ်းရင့်မှ မုတ်ဆိတ်ထွက်သည်ဟု ထင်သည်။ သို့သော် နုစဉ်အခါမှာတော့ ထွက်လားမသိ။

ညောင်မုတ်ဆိတ်ရှာပုံတော်တွင် အားလုံးပါလာကြသည်။ လင်းနိုင်ဦး၊ ရဲမြင့်၊ တေကြီး ပြီးတော့ ခိုင်ဝင်းအေး . . .

"ဘုရားက ညောင်ပင်မဟုတ်ဘူးတဲ့ . . ကိုယ်ပိုင်ခြံဝင်းထဲမှာ ပေါက်နေတဲ့ ညောင်ပင်လို့ ပြောတယ် . ."

အဲဒီလို သတင်းစကားယူလာတော့ တော်တော်စိတ်ညစ်သွား၏။

ရန်ကုန်မှာ ညောင်ပင်ကို အိမ်တိုင်းမထား။ ညောင်ပင်သည် တွေ့ကရာငုံပြီး အမြစ်ဖွဲ့တတ်ကြ၍ အပင်မကြီးခင်ကတည်းက ခုတ်လှဲ ⋯ ်ကြတာများ၏။ အပင်ကြီးလာရင်လည်း ဟိုအကောခို၊ ဒီအကောင်နေမှာ ကြောက်ကြ၍ စောစောစီးစီးကတည်းက ကိစ္စတုံးပစ်တာများ





သည်။ သို့သော် ရှိတော့ရှိသည်ရှားသည်။ မတတ်နိုင်။ ကတိပေးပြီးပြီမို့ ရှာရပေတော့မည်။

လင်းနိုင်ဦးက ဘယ်ကသတင်းရလာလဲ မသိပေ။

"ငါတို့ရပ်ကွက်ထဲက ခြံတစ်ခြံမှာတော့ ရှိတယ်ကွ . . နတ်ကွန်းတွေဘာတွေနဲ့ ကိုးကွယ်ထားပုံရတယ် . . လွယ်တော့ လွယ်မယ်မထင်ဘူး . . ကြိုးစားကြည့်မလား . ."

မောင်စိုးအတွက် မျှော်လင့်ချက်လမ်းစလေးတော့ ပေါ်လာသည်။ ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်ရမှာပဲ ဖြစ်သည်။

"မင်းတို့ပါ လိုက်ခဲ့နော် . ."

မခေါ်ရင်လည်း လိုက်မှာပဲ ဖြစ်၏။ ခေါ်တော့မှ အင်တင်တင်တွေ ဖြစ်ကုန်ကြသည်။

"လာပါကွာ လိုက်ခဲ့ပါ . . ကုသိုလ်ရပါတယ် . ."

တေကြီးက ဗိုက်ကိုပွတ်ပြ၏။ အခုအချိန်မှာ အစားအသောက်အတွက် လိုအပ်နေကြောင်း ပြသည့်သဘော။

မောင်စိုးက ဒါကိုသဘောပေါက်၍ . . .

"စိတ်ချပါကွာ . . အားလုံးပြီးသွားရင် မင်းတို့ကြိုက်တာစား . . ငါ ကျွေးပါ့မယ် . ."

"ဟဲ . . ဟဲ . . ဟဲ . . ဒီလိုမှပေါ့ . ."

အဲဒီစကားကို ခိုင်ဝင်းအေးက ဝင်ပြောခြင်းပင်ဖြစ်သည်။ ထို့နောက် သူတို့တစ်ဖွဲ့လုံး လင်းနိုင်ဦးတို့ ရပ်ကွက်ဘက် ချီတက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ် အခြေအနေကြည့်ရတာတော့ တိတ်ဆိတ်ငြိမ်သက်နေတာတွေ့ရသည်။ လူပျိုကြီးအိမ်ဟုလည်း သိရ၏။ တူမသုံးယောက်နဲ့ အတူနေထိုင်သည်။

မောင်စိုးက လင်းနိုင်ဦး နားကပ်ပြီး . . .

"မင်းနဲ့ တော်တောင်ခင်လား . ."

"မခင်တဲ့အပြင် ငါ့ဆိုကြည့်လို့ မရဘူး . ."

"ဟင် . . ."

ကြားရတာတော့ အားရှိစရာ . ."

"အဲဒီ လူကြီးက မလွယ်ဘူးကွ . . သူ့ကိုခင်လို့၊ မင်လို့ စကားပြောရင်တောင် သူ့တူမတွေမျက်နှာနဲ့ ဝင်ရောတယ်ထင်နေတာ . . တစ်ရပ်ကွက်လုံးနဲ့ မတည့်ဘူး . . ."

"ဒါနဲ့များ မင်းကဘာလို့ ခေါ်လာသေးလဲ . ."

"မင်း အဆင်ပြေအောင်လည်း ပြောရသေးတယ် . ."

မောင်စိုး ငြိမ်သွားသည်။ ဘာလုပ်ရမှန်းလည်းမသိဖြစ်၏။ တောကြီးက . . .





"အဲဒီလောက်လည်း စိတ်မညစ်ပါနဲ့ကွာ . . တောင်းလို့မရရင် ခိုးမယ် . ."

သူငယ်ချင်းတွေက ဒါမျိုးတော့ အားကိုးရပါသည်။ အခုချိန်မှာ ဘယ်သူမှနောက်ဆုတ်ဖို့ စိတ်ကူးမရှိပေ . . ခိုင်ဝင်းအေးက အစ . .

"မေသော်တာက ငါ့သူငယ်ချင်း . . သူ့အခက်အခဲဖြစ်နေချိန်မှာ ငါကူညီရမယ် . ."

"ဘာလဲ . . နင်ကိုယ်တိုင် ညောင်ရွက်တက်ခူးမလို့လား . ."

"ဟဲ့ . . မိန်းကလေးက ညောင်ပင်ပေါ်တက်စရာလား . ."

"ဒါဆို နင်က . . ."

"အဲဒီ လူပျိုကြီးဆိုတဲ့ လူကို ငါစည်းရုံးထားမယ် . . နင်တို့က ဟိုဘက်ခြံစည်းရိုးနား ကျနေတဲ့ ညောင်ကိုင်းကအရွက်ကို တက်ခူး . . ဘယ်လိုလဲ . ."

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

ခိုင်ဝင်းအေး အကြံသည် အခုအချိန်မှာ အသင့်တော်ဆုံး ဖြစ်လေသည်။ လင်းနိုင်ဦးက ဦးဆောင်ပြီး ထိုအကြံကို ထောက်ခံ၏။

"သူ့အကြံကောင်းတယ် . . ဒီလူကြီး ဒီအတိုင်းတောင်းရင် ပေးမှာ မဟုတ်ဘူး . . အဒီတော့ ခိုင်ဝင်းအေးက ဘယ်လိုစည်းရုံးမှာလဲ

ခိုင်ဝင်းအေးက ရှက်ပြုံးလေးနဲ့ တခစ်ခစ်ရယ်ကာ . .

"မာယာတွေ သုံးရမှာပေါ့ဟာ . ."

အားလုံးရယ်ဖြစ်ကြသည်။ ခဏကြာတော့ သူတို့အုပ်စုခွဲလိုက်ကြ၏။

မောင်စိုးတို့ယောကျ်ားလေးအုပ်စုက ဘေးဘက်ခြံခေါင်းရင်းနား ကပ်သွား၏။ လူရှင်းသော ရပ်ကွက်ဖြစ်၍ သူတို့လှုပ်ရှားမှုကို ဘယ်သူမှ သတိမပြုမိ။ ပြီးတော့ ရပ်ကွက်နယ်ခံ လင်းနိုင်ဦးတစ်ယောက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပါလာ၍ ဘာပြဿနာမှမရှိ။

ခိုင်ဝင်းအေးက ခြံတံခါးနား သွားလိုက်ကာ လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။

ခဏကြာတော့ ခြံထဲသို့ အသက်(၄၀)လောက် ခန့်မှန်းရသော လူတစ်ယောက်ဆင်းကာလာ၏။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ .."

"ခစ် .. ခစ် .. အစ်ကိုကြီးနဲ့ပါ .."

"ဟင် .."

လူပျိုကြီးကြောင်တောင်တောင်တော့ ဖြစ်သွား၏။ သို့သော် သူ့ကို အစ်ကိုကြီးလို့ ကန့်ကလျခေါ်လိုက်၍ ကျေနပ်သွားပုံမှ မျက်နှာတွင် ပုံးဖိမရ ...

"ညီ .. ညီမလေး လူမှားနေပြီ ထင်တယ် .."

"အို .. မမှားပါဘူး .. အစ်ကိုကြီးမှ အစ်ကိုကြီးပါ။ ညီမလေးကို မမှတ်မိဘူးလား .."

လူပျိုကြီး နည်းနည်းတော့ တွေဝေသွား၏။ သူတိတ်တိတ်ကြိတ်ပြီး ရှုပ်ထားတဲ့ဂွင်တွေ လာရှုပ်နေပြီလားဆိုပြီး စိုးရိမ်သွားသည်။ သို့သော် ချက်ချင်း ပြန်ဟန်ဆောင်လိုက်ကာ ...

"ညီမ နာမည် ဘယ်သူလဲ ဟင် .."

"အို အခုမှကြည့် မမှတ်မိဟန်ဆောင်နေပြန်ပြီ။ သံစဉ်ကို မမှတ်မိတော့ဘူးလားလို့ .."

"သံစဉ် ဟုတ်လား ..'

လူပျိုကြီး ရေရွတ်ရင်း ခြံတံခါးကို ဖွင့်ပြီး အပြင်ထွက်လာ၏။

"ဘယ်ကပါလိမ့် ..."

"မြောက်ဥက္ကလာကလေ .. အစ်ကိုကြီး ဟိုတစ်ခါ အိမ်လာ





လည်တုန်းက လိပ်စာပေးသွားတာ .. သံစဉ်အစ်ကိုက အစ်ကိုကြီးသူငယ်ချင်းလေ ... အဲဒါ အစ်ကိုကြီးဆီ အလုပ်လျှောက်လွှာတင်ခိုင်းလိုက်လို့ .."

လူပျိုကြီး သက်ပြင်းကိုချ၏။ လူမှားတာ သေချာသွားပြီဆိုတာ သိလိုက်၍ဖြစ်သည်။ သို့သော် ကောင်မလေးက လှတပတလေးဖြစ်၍ နည်းနည်းတော့ ရစ်လိုက်ဦးမှဟု စိတ်ထဲမှာ တေးထားလိုက်၍ ...

"ဟဲ .. ဟဲ .. ငါ့ညီမ အိမ်မှားလာပြီ .. အစ်ကိုကြီးက ဘာအလုပ်မှမလုပ် .. အဲ .. ဘာအလုပ်လျှောက်လွှာမှ တောင်းမထားပါဘူး .. ဒါနဲ့ ညီမလေးလိပ်စာက ဘယ်လိုရေးထားလဲ .."

ထိုအချိန်တွင် ခိုင်ဝင်းအေးသည် ခြံဝတည့်တည့်တွင် ရုတ်တရက်ထိုင်ငိုပစ်လိုက်တော့၏။

"အဟင့် .. အဟင့် .. ညီမလေး ဒီကိုလာရင်းလိပ်စာပျောက်သွားတယ် .. အစ်ကိုမှာလိုက်တာလောက်လေးနဲ့ လာခဲ့ရတာ .. သိခင်တော့ ဒုက္ခပဲ .. ညီမလေးတော့ အဆူခံရတော့မှာ .."

လူပျိုကြီးသည် ပတ်ဝန်းကျင်ကို တစ်ချက်လေ့လာလိုက်သည်။ လူရှင်းနေတာ တွေ့ရ၍ တော်တော်အားရကျေနပ်သွား၏။ ဒါ ဂွင်ကောင်းပဲ ..

"မငိုပါနဲ့ ညီမလေးရယ် .. ကိုကြီး ကူညီပေးမှာပေါ့ .. ဟဲ .. ဟဲ .."

ထိုအချိန်တွင် တေကြီးသည် အုတ်တံတိုင်းထောင့်မှ ချောင်းနေရာမှ လှစ်ခနဲခွာလိုက်ပြီး မောင်စိုးတို့ရှိရာ ပြေးထွက်ခဲ့၏။

"အခြေအနေကောင်းပြီဟေ့ ဟော့ကောင်တွေ လှုပ်ရှားတော့ .. ငနဲကြီး မျှော်နေပြီ ..."

"အိုကေ .. ဒါဆို ဘယ်သူအရင်တက်မလဲ ..'



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက မောင်စိုးကိုကြည့်သည်။ ဒီကိစ္စက သူ့ကိစ္စဖြစ်၍ မောင်စိုး သူ့တာဝန်သူနားလည်ပါသည်။ ထို့ကြောင့် . . .

"တေကြီး မင်းကဗလအကြီးဆုံးဆိုတော့ ငါ့ကို ထမ်းပေး ငါ တက်မယ် . ."

တေကြီး အင်တင်တင်လုပ်နေတာ တွေ့ရ၍ လင်းနိုင်ဦးက. .

"ဟေ့ကောင် လုပ်မှာဖြင့် အမြန်လုပ်လေ . . ဟိုမှာ မင်းအဖေ မျှော်နေတုန်းလေး"

တေကြီး မကျေမနပ်နဲ့ဘဲ ငုတ်တုတ်လေး ထိုင်ပေးလိုက်ရသည်။

မောင်စိုးက တေကြီးအပေါ်တက်ကာ အုတ်နံရံပေါ် ဖက်တက်သည်။ လင်းနိုင်ဦးက အုတ်နံရံထောင့်ကိုသွားပြီး လူပျိုကြီးအခြေအနေကို သွားလေ့လာပေး၏။

အရာအားလုံး အေးအေးဆေးဆေးပင်။ လူပျိုကြီးခမျာ မျော လို့ကောင်းတုန်း။ ခိုင်အေးဝင်းကလည်း မင်းသမီးရှုံးလောက်အောင် ငိုပြီး မျက်ရည်တွေကြားက ပြုံးပြနေ၏။ တေကြီး တော်တော်ပျော်နေ ပုံရသည်။ ပျော်နေတာမှ အိုးပစ်အိမ်ပစ်ပျော်နေပုံ . .။

မောင်စိုး အုတ်နံရံပေါ်ရောက်တော့ အနီးဆုံးအကိုင်းက ညောင်ရွက်ကိုလှမ်းဆွဲ၏။ လက်တစ်ကမ်းအလိုကို နည်းနည်းလေးလို နေသေး၍ ရှေ့ကိုနည်းနည်းအားယူပြီး ဆွဲတော့ . . .

"ဘုန်း . . ဝရုံး . ."

ခွေးပစ်ဝက်ပစ် အုတ်နံရံပေါ်က ချော်ကျသည်။ မှီရာအကိုင်း လှမ်းဆွဲသော်လည်း ခန္ဓာကိုယ်ဝိတ်ကို မခံနိုင်၍ မြေပြင်ပေါ်ဖင်ထိုင် ရက်လေးကျ၏။ ကြောက်အားလန့်အားနဲ့ ကုန်းရုံးထပြီး အုတ်နံရံကို မော့ကြည့်တော့ တော်တော်မြင့်၍ ပြန်တက်မရတော့ . . .





မောင်စိုးစိတ်ကို အေးအေးထားပြီး ဘာလုပ်ရမလဲ စဉ်းစား၏။ သူကျလဲတဲ့အရှိန်ကြောင့် မြေပြင်မှာညောင်ပင်ရွက်တွေ ပြန့်ကျဲနေတာ တွေ့ရသည်။ ထို့ကြောင့် အားတက်သွားကာ လိုရမယ်ရ သုံးရွက်လောက် ဘောင်းဘီအိတ်ထဲ ကောက်ထည့်ထားလိုက်ပြီး အကြံတစ်ခုရသွား၍ ခပ်တည်တည်ပင် ခြံဝဘက်ကို လှမ်းလျှောက်ထွက်ခဲ့တော့သည်။

ခိုင်အေးဝင်းသည် မောင်စိုးခြံဝကို လှမ်းလျှောက်လာတာတွေ့ ရ၍ တော်တော်ကြောက်လန့်ကာသွား၏။ လူပျိုကြီးကတော့ ခြံဝကို ကျောခိုင်းထား၍ ဘာမှမသိ။

"ညီမလေး ကြုံတဲ့အချိန်တိုင်း . . . ဩော် . . ကြုံကြုံ။ မကြုံ ကြုံ ဝင်ပါထွက်ပါတော့ . . အစ်ကိုကြီးအိမ်က ညီမလေးအတွက် တံခါး မရှိ ခါးမရှိ . . အဲ . ."

ခြံဘက်လှည့်ကြည့်တော့မှ ခြံဝမှပြုံးပြုံးကြီးရယ်နေတဲ့ မောင်စိုးကို တွေ့ရ၍ ကြောင်တောင်တောင်ကြီးရပ်သွားတော့မှ . . မောင်စိုးက . . .

"နေကောင်းတယ်နော် . . အစ်ကိုကြီး . . သွားဦးမယ်"

"အေးအေး . . ကောင်းတယ် . . ဟဲ . . ဟဲ . ."

ပြောပြီး ပြန်အလှည့်မှာ တစ်စုံတစ်ခု သဘောပေါက်သွားဟန် နှင့် . . .

"ဟင် . . ဒီကောင် ဘယ်ကထွက်လာတာလဲ . ."

ခိုင်ဝင်းအေးက . . .

"သိဘူးလေ . ."

"ဟာ . . ငါ့ . . ငါ့အိမ်ထဲက . . ဟေ့ကောင် နေဦး . ."

မောင်စိုးသည် လှည့်တောင်မကြည့်တော့။ တစ်ခါတည်း သုတ်ခြေတင် ပြေးပါတော့သည်။ မောင်စိုး ပြေးတာတွေ့တော့ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com



တို့ တေကြီးတို့လည်း တစ်ဖက်လမ်းဘက်က ထွက်ပြေးကြတော့၏။

လူပျိုကြီး ခမျာတော့ . . .

"ဒီကောင် . . သူခိုး . . အဲဒီကောင် သူခိုး . . ."

နိုင်ဝင်းအေးက လက်မောင်းလေးကို အသာလှုပ်ကိုင်လိုက်ရင်း

"အို . . အစ်ကိုကြီးကလည်း အဲဒီလို မအော်ရဘူးလေနော် . . သူများတွေကြားကုန်မယ် . . ညီမလေး မတွေ့မိပါဘူး . . ခြံဝမှာ ညီမလေးတို့ ရှိတာပဲ . ."

"ဒါဆို ဒီကောင် ဘယ်ကရောက်လာတာလဲ . ."

"သူ့ဘာသာသူ ပေါ်လာတာနေမှာပေါ့ . . နတ်လားမှ မသိတာ . ."

"ဘာနတ်လဲ . ."

"ညောင်ပင်စောင့်နတ် . . ."

"ဟေ . ."

လူပျိုကြီး မျက်လုံးပြူးပြီး ကျန်ခဲ့ချိန်တွင် နိုင်ဝင်းအေး ခပ်သွက်သွက်လှည့်ထွက်ခဲ့၏။

လူပျိုကြီးခမျာ ဘာတွေဘယ်လိုဖြစ်ကုန်မှန်း တွေးမရအောင် ခေါင်းကုတ်လိုက်၊ ဖင်ကုတ်လိုက်နှင့် . . . .



ဘဝတွင် လူတစ်ယောက်သည်

တစ်ကြိမ် တစ်ခါတော့ ချစ်ဖူးကြသည်။

အချစ်သည် တစ်ခါတစ်ရံ

လူတစ်ယောက်အတွက် . . .

?

နစ်နာမှုလား . . .

(ဒါမှမဟုတ်) . . .

ပျော်ရွှင်မှုလား . . .

www.burmeseclassic.com

www.burmeseclassic.com



"မေသော် . . ."

"ဘာလဲ ဟာ . . ."

ခိုင်ဝင်းအေးက မေးခြင်းဖြစ်သည်။ မေသော်တာက နေကြာစေ့ စားနေရာမှပြန်ဖြေ၏။

"နင့်ကို မောင်စိုးက တော်တော်ချစ်တာပဲနော် . . ."

"သွားပါဟာ . . ဘာတွေလာပြောနေမှန်းမသိဘူး . ."

ခပ်တည်တည်နဲ့ပြောသာ မေသော်တာ့အမူအရာကြောင့် ခိုင်ဝင်းအေးပြုံးလိုက်သည်။ ပြီးတော့ မေသော်တာ့အနားကို မချိုမချဉ် အမူအရာနဲ့ ကပ်သွားကာ . . .

"နင်ရော . . အဲဒီကောင်ကို ဘယ်လိုသဘောထားလဲ . ."

"ဘယ်လိုမှ သဘောမထားဘူး . ."

"ဟယ် . . ခိုင်းချင်းတိုင်း ခိုင်းပြီးတော့ . ."

"ဘာဆိုင်လဲဟာ . . သူငယ်ချင်းမို့လို့ အကူအညီတောင်းတာပဲ . ."

ခိုင်ဝင်းအေးက မေသော်တာ့ပခုံးကို ခပ်ဖွဖွလေး တိုက်လိုက်ကာ . . .





"သနားပါတယ် ဟယ် . . ."

မေသော်တာ ငြိမ်နေသည်။ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေပုံရသည်။ ပြီးမှ . . .

"နင် အောင်သွယ်ခဲ ဘယ်လောက်ရလဲ . ."

ခိုင်ဝင်းအေး၊ မေသော်တာ့ဗိုက်ခေါက်ကို တစ်ချက်လိမ်ဆွဲလိုက်ကာ . . .

"ကောင်မနော် . . ဖြစ်စေချင်လို့ပြောနေတာ . . မောင်စိုးမှာ ဘာငြင်းစရာရှိလို့လဲ . . သူ့ခမျာ နင့်ကိုချစ်လို့ လုပ်ပေးလိုက်ရတာ . . ညောင်ပင်ပေါ်ကတောင် ပြုတ်ကျတယ် . ."

ခိုင်ဝင်းအေးစကားကြောင့် မေသော်တာပြုံးလိုက်သည်။

ခိုင်ဝင်းအေးက ဒါမျိုးဆို သိပ်ဝါသနာပါသည်။ ကိုယ့်ထမင်း ကိုယ်စားပြီး အတင်းကြီး အောင်သွယ်သည်၊ မောင်စိုးနဲ့လည်း မေသော်တာ့ကို သဘောတူသည်။

"ဟဲ့ . . ပြောဆို . ."

"ဘာလဲဟာ . . နင်က တစ်မျိုး . . ."

"နင် မောင်စိုးကို မချစ်ဘူးလား လို့ . ."

"သိဘူး . ."

"ဟွန်း . . အမူမ . ."

"ဘာ အမူမလဲ . ."

"ဟုတ်တယ်လေ . . နင်အခု မူနေတာပေါ့ . ."

ထိုအချိန်မှာ အခန်းထဲဆရာမဝင်လာ၍ စကားပြတ်သွားကြ၏။ ခဏကြာတော့ မောင်စိုးတို့အဖွဲ့တွေ အခန်းထဲဝင်လာကြသည်။ မေသော်တာထိုင်နေသည့် ခုံတန်းနဲ့ယှဉ်လျက်မှာ ဝင်ထိုင်သည်။

ခိုင်ဝင်းအေးက မောင်စိုးကို လက်မထောင်ပြ၏။ မောင်စိုးက



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုတဲ့သဘော မေးဆတ်ပြကာ . . ခိုင်ဝင်းအေးက လေသံလေးနှင့် . . .

"ဒီမှာ မူနေတာ . ."

"ဟာ . . မာမူနေတာ ငါဘယ်သိမလဲ . ."

တေုံးနားပင်းက နားကြားလွဲပြီး ထအော်တော့ . . .

"ဟဲ့ . . မောင်စိုး ဘာဖြစ်နေတာလဲ . . ဒီမှာ စာသင်နေတယ်"

ဆရာမက ဒေါသထွက်သွားသော်။ ဒီဆရာမက အကြမ်းဆုံးဟု နာမည်ကြီး၏။ သူစာသင်တဲ့အချိန်မှာ စကားပြောတာလုံးဝမကြိုက်။ မောင်စိုးက မသိ၍မဟုတ်။ သတိလက်လွတ်သွားပြီး အော်မိလိုက်၍ပင်။

ဆရာမ အော်သံကြောင့် တစ်ခန်းလုံးငြိမ်သက်သွားသည်။

မောင်စိုး ကြောင်တောင်တောင်နဲ့ ဆရာမကိုကြည့်၏။ ဆရာမက . . .

"ထစမ်း . . မောင်စိုး . ."

မောင်စိုး . . မတ်တတ်ရပ်တော့ . . .

"တက္ကသိုလ်မှာ ဘယ်ကျောင်းသားကိုမှ အတန်းထဲ အတင်းရိုက်သွင်းပြီး စာမသင်နိုင်းဘူး . . အေး . . ဒါပေမယ့် အတန်းထဲရောက်လာတဲ့ ကျောင်းသားကလည်း ဒီဆရာမ စာသင်တာကို နားခံချင်လို့ ဝင်လာတယ်လို့ပဲ မှတ်ယူတယ် . . အခု မင်းတို့ကို ဆရာမစာသင်ရင် စကားမများရဘူးလို့ အတန်းတန်းမှာထားရက်နဲ့ မင်းက စော်ကားတာလား . ."

မောင်စိုးမျက်နှာ ဇီးရွက်လောက်ပဲရှိတော့သည်။ ဘာမှန်းညာမှန်းမသိတဲ့ ကိစ္စနဲ့ကျိုင်တက်လေပြီ . . .

"ပြောလေ . . ."

"မဟုတ်ပါဘူး ဆရာမ . ."





"ဪ . . အဲဒါဆို ငါက မင်းကိုစော်ကားတာပေါ့ . ."

"ဟို . . အဲဒါလည်း မဟုတ်ပါဘူး ဆရာမ . ."

"ဒါဆို ဘာလဲ . ."

"ကျွန်တော် မသိဘူး ဆရာမ . ."

တစ်ခန်းလုံး ရယ်သံခပ်အုပ်အုပ် ထွက်လာသည်။ ခဏကြာတော့ ပြန်ငြိမ်သွားသည်။ ဆရာမမျက်နှာကတော့ တင်းမာခက်ထန်နေဆဲ . .

"မင်း ခုန ဘာပြောလိုက်တာလဲ . ."

မောင်စိုး မဖြေဘဲ ကြောင်တောင်တောင်ကြီး ရပ်နေသည်။ သူ့ပြဿနာက ဘဲဥအစရှာမရသလို တော်တော်ဆိုးရွားနေ၏။

"ပြောလေ . . မင်းခုနက ဘာပြောလိုက်တာလဲလို့ . ."

"ဟို . . ဟိုဟာ . . မာမူလို့ပြောလိုက်တာပါ . ."

"ဘယ်သူ့ကိုလဲ . ."

မောင်စိုး ခိုင်ဝင်းအေးကို မျက်လုံးလေးမသိမသာ ဆွဲကြည့်လိုက်သည်။ ခိုင်ဝင်းအေးမျက်နှာ သွေးမရှိတော့ . . မောင်စိုးကို မျက်နှာငယ်လေးနဲ့ကြည့်သည်။ သူ့ခမျာ မိန်းကလေးလည်းဖြစ်၊ မောင်စိုးကသာ ပြောလိုက်ရင် ဆရာမက သူ့ကိုပါ ဆူတော့မည်။

အမှန်တော့ ဒီကိစ္စမှာ ဘ ်သူမှအပြစ်ရှိကြတာမဟုတ်။ တိုက်ဆိုင်လွန်းတဲ့ ကံတရားကြောင့်သာ ပြဿနာတက်ရခြင်းဖြစ်၏။

မောင်စိုး ခိုင်ဝင်းအေးထံမှ မျက်စိလွှဲလိုက်သည်။ ဒီအပြစ်ကို သူ့ဘာသာသူပဲ ခံတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်ကာ . . .

"ကျွန်တော့်ဘာသာ ကျွန်တော် တစ်ယောက်တည်းပြောမိတာပါ . ."

"တစ်ယောက်တည်းပြောတယ်ဆိုတော့ မင်းကအရူးပဲ . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံး ရယ်သံခပ်အုပ်အုပ်ထွက်လာ၏။

ဆရာမက ခေါင်းကိုခါသည်။ စိတ်ရှုပ်သွားကာ သက်ပြင်းကို ချ၏။ ပြီးတော့ . . . .

"ဒါနောက်ဆုံးပဲ . . ထိုင်တော့ . . . "

မောင်စိုး ပြန်ထိုင်လိုက်ကာ မသော်တာဆီသို့လှမ်းကြည့်မိ၏။

မသော်တာလည်း သူ့ကိုကြည့်နေ၍ အကြည့်ချင်းတစ်ချက် ဆုံမိသည်။ မသော်တာမျက်ဝန်းမှာ နွေးထွေးမှုတစ်စုံတစ်ရာကို တွေ့လိုက်ရသလို မောင်စိုး ခံစားမိ၏။

ခုန စိတ်ညစ်နေတဲ့ စိတ်တွေပျောက်သွားကာ ရင်ခုန်သွားပါတော့သည်။



တကယ်တမ်းစဉ်းစားကြည့်တော့

လွယ်လွယ် လေးပါ•

အချစ်ဆိုတာ•

အချစ်ပါပဲဗျာ•

www.burmeseclassic.com

www.burmeseclassic.com



မိုးကလေးဖွဲဖွဲကျနေသည်။ ဟိုးအဝေးကောင်းကင်ဆီမှ တိမ်ညိုမှိုင်းတွေက လေသယ်ရာလွင့်ပါးနေကျ၏။ မြေနီလမ်းကလေးနဘေး မြက်ပင်လေးတွေ ယိမ်းနွဲ့လှုပ်ခတ်နေကြ၏။

မိုးဖွဲလေးတွေကြားထဲမှာ ကောင်မလေးတစ်ယောက် ထီးဆောင်းရင်းလမ်းလျှောက်နေသည်။ ခဏနေတော့ ကောင်လေးတစ်ယောက်က ခေါင်းပေါ်လက်အုပ်နေရင်း ခပ်သုတ်သုတ်ပြေးလာကာ ကောင်မလေးနားရောက်တော့ . . .

“မေသော်တာ . .”

ရုတ်တရက်ခေါ်သံကြောင့် ကောင်မလေးလှည့်ကြည့်ပြီး အံ့ဩတဲ့ အသံနဲ့ . . .

“ဟယ် . . မောင်စိုး . . ဘယ်လိုဖြစ်လာတာလဲ . .”

“ငါ အိမ်ပြန်မလို့ဟ . . နင်တို့လမ်းထိပ်ရောက်တော့ နင့်ကို တွေ့လိုက်တာနဲ့ ပြေးလိုက်လာတာ . .”

“နင်က ဘယ်ကလာတာလဲ . .”





“ဟိုဘက်လမ်းမှာ ငါ့အဒေါ်အိမ်ရှိတယ်လေ . . အဲဒီကလာတာ . . .”

မေသော်တာက ထီးအောက်ကို ဝင်ရမလို . . မဝင်ရမလိုလို ဖြစ်နေသည်။ မောင်စိုး အမူအရာကိုကြည့်ကာ . . .

“နင် ထီးမပါဘူးလား . .”

“ဟင့်အင်း . . .”

“ဒါဆို . . ငါနဲ့အတူဆောင်း . .”

ပြောစကားမဆုံးခင်မှာပင် မောင်စိုးက ထီးအောက်ဆွေ့ခနဲ ရောက်သွား၏။

သူတော်တော်ပျော်သွား၏။ မေသော်တာတော့မသိ။ သူ့မှာတော့ မေသော်တာနှင့်ထီးအတူ ဆောင်းရ၍ ရင်ထဲမှာကုလားဘုရားလှည့်နေပြီ . . .

“နင် ဘယ်ကလာတာလဲ ဟင် . .”

မေသော်တာက . . .

“ဈေးဘက်က လာတာဟ . .”

“ဈေးသွားဝယ်တာလား . .”

“မဟုတ်ဘူး . . မနက်ဖြန် ငါတို့အိမ်မှာ နတ်ကနားပွဲရှိလို့ . . အုန်းပွဲငှက်ပျောပွဲတွေ သွားမှာတာ . .”

“နတ်ကနားပွဲ ဟုတ်လား . .”

မေသော်တာက ခေါင်းညိတ်ပြရင်း . . .

“ဟုတ်တယ် . . နင်လာခဲ့ပါလား . .”

“ငါ အဲဒါမျိုး တစ်ခါမှမကြည့်ဖူးဘူး . .”

“အေးလေ . . အဲဒါကြောင့် လာကြည့်ပါလားလို့ ပြောတာပေါ့ . . ခိုင်ဝင်းအေးတို့တောင် ပြောပြီးပြီ . .”



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး စဉ်းစားသည်။ နတ်ပွဲလည်း မကြည့်ဘူးတဲ့အတွက် ကြည့်ချင်၏။ ပြီးတော့ မသော်တာ့ကိုလည်း တွေ့ချင်သည်။ ဒါ့ကြောင့်

"ငါ . . လင်းနိုင်ဦးတို့ပါ ခေါ်လိုက်မယ်နော် . . ရလား . ."

မသော်တာက ခေါင်းညိတ်ပြကာ . . .

"ရတာပေါ့ . . ခေါ်ခဲ့လေ . ."

ဒီလိုနဲ့ သူတို့လမ်းလျှောက်လာကြသည်။ လေပြည်နုနုကနှစ်ဦး ကြားဖြတ်သန်းတိုက်ခတ်သွား၏။ ဝေ့ဝဲသွားသော ဆံနွယ်လေးတွေက မောင်စိုး ပါးပြင်ကို လာရောက်ထိခတ်သည်။

"မသော်တာ . ."

"ဟင် . ."

"ငါ နင့်ကို သိပ်ချစ်တယ်ဟာ . ."

အရင်ကလို မသော်တာပြန် ရန်မတွေ့တော့ပါ။ ခေါင်းကလေးသာငုံ့ပြီး ပါလာပါသည်။

အခြေအနေကတော့ ကောင်းသည်ဟု မောင်စိုးတွက်လိုက်၏။ ဒါ့ကြောင့် နောက်တစ်ဆင့်ထပ်တက်လိုက်ပြီး . . .

"နင့်ကို ငါဘယ်လောက်ချစ်လဲဆိုတာ နင်သိပါတယ်ဟာ . . ငါ . . ငါလေ . . နင့်အချစ်ကို အရမ်းလိုချင်တာပဲ မသော်တာရယ် . . ငါ . . ငါ့ကို အဖြေလေ . . ဘယ်တော့မပေးမှာလဲ ဟင်"

မသော်တာဘာမှမပြော . . လျှောက်မြဲအတိုင်း ဆက်လျှောက်သွားသည်။ မောင်စိုးကလည်း လိုက်မြဲအတိုင်းလိုက်၏။ ဘာစကားမှ မပြောဖြစ်တော့ဘဲ နှစ်ဦးစလုံးမိုးရေစက်တွေကို ရည်ရွယ်ချက်မဲ့ငေးမော ကြည့်နေကြသည်။

ခဏကြာတော့ မသော်တာက ခြံရှေ့ရောက်သွား၍ ရပ်လိုက်





သည်။ မသော်တာရပ်တော့ မောင်စိုးလည်း လိုက်ရပ်လိုက်၏။ မသော်တာက . . .

"နင် ပြန်တော့နော် . . . ရော့ . . ထီးယူသွား . ."

မောင်စိုးက မသော်တာ့စကားကို မကြားသည့်အလား စိုက်ကြည့်ကာ . . .

"ငါ့ကို ဘယ်တော့အဖြေပေးမှာလဲ ဟင် . ."

မသော်တာကလည်း မောင်စိုးစကားကို မကြားသည့်အလား

"ထီးယူသွားနော် . . အိမ်ပြန်တော့ . . မနက်ဖြန်လာခဲ့ သိလား"

ပြောပြီး ထီးကိုပေးကာ ခြံတံခါးဖွင့်ပြီး ဝင်သွားပါတော့သည်။

မောင်စိုး ထီးကိုကိုင်ရင်း ခြံဝမှာရပ်ပြီး ကျန်ခဲ့၏။ မသော်တာ အိမ်ထဲဝင်သွားသည်အထိ ကြည့်နေမိသည်။

အိမ်တံခါးဖွင့်ပြီး ဝင်သွားပြီးနောက် မသော်တာက မောင်စိုးကို လက်ပြလိုက်သည်။

မောင်စိုးလည်း လက်ပြန်ပြရင်း ကျန်ခဲ့ပါတော့သည်။

မိုးသည် တဖြည်းဖြည်းသည်းကာလာသည်။ ထိုမိုးရေထဲတွင် ထီးကလေးကိုင်ရင်းနှင့် မောင်စိုး ပြန်လာခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကနား ပွဲသည် ခြိမ့်ခြိမ့်သဲရှိလှသည်။ မေသော်တာတို့ အသိုင်းအဝိုင်းအပြင် တခြားနတ်ကိုးကွယ်သူများပါ လာကြ၍ ခြံဝင်း တစ်ခုလုံး စည်ကားသိုက်မြိုက်လျက်ရှိ၏။ နတ်တွေကလည်း စုံလှသည်။ အတွင်း(၃၇)၊ အပြင်(၃၇) အကုန်ပါသည်။

မောင်စိုးကတော့ ဘယ်နတ်က ဘာမှန်းမသိ၍ မေသော်တာ ကိုသာ လိုက်ရှာနေမိ၏။

"ဟေ့ကောင် . . ဒီနေ့အဖြေရအောင် တောင်း . ."

အလာလမ်းမှာကတည်းက သူငယ်ချင်းတွေက ဤသို့မြှောက် ပေးကြသည်။

"ဖြစ်ပါ့မလားကွာ . . လူတွေရှုပ်နေမှာ . ."

"လူရှုပ်မှပိုကောင်းမှာပေါ့ကွ . . ဘယ်သူမှသတိထားမိမှာ မဟုတ်ဘူး . . လက်မနှေးနဲ့ ဟေ့ကောင် . . ခံသွားရမယ် . ."

ဘာကြောင့်မှန်းမသိ မောင်စိုးပျော်နေသည်။ ဒါပေမယ့် နတ် ကနားလုပ်မှ အဖြေတောင်းရတာတော့ နည်းနည်းကြောင်တောင် တောင်ရှိလှ၏။ ဘယ်ကစပြီး တောင်းရမှန်းမသိ။





အခုလည်း လင်းနိုင်ဦးတို့၊ တေကြီးတို့က နတ်ပွဲကို သွားငေး နေကြသည်။ သူကတော့ ခြံထဲမှာ ဟိုယောင်ယောင်ဒီယောင်ယောင် နဲ့ မေသော်တာကို လိုက်ရှာနေသည်။

လူတွေရှုပ်ထွေးလှသော ခြံထဲမှာ မေသော်တာကိုမတွေ့သေး။ ဆူညံလှသော နတ်ဒိုးသံကလည်း ခြံထဲမှာ ပျံ့နှံ့လျက်ရှိ၏။

ယောင်တောင်တောင်ဖြစ်နေသော မောင်စိုးအနားသို့ ခိုင်ဝင်း အေး ရောက်လာပြီး . . .

"ဟဲ့ . . နင့်ကို ဟိုကောင်တွေ မေးနေတယ် . ."

"ဘယ်သူတွေလဲ . ."

"ဘယ်သူတွေရှိရမှာလဲ . . လင်းနိုင်ဦးတို့ပေါ့ . ."

"ငါ . . ဟိုဟာကိုရှာနေတာ . . ."

"မေသော်တာလား . ."

"အေး . . ."

"သူလည်း အတူတူရှိတယ် . . လာခဲ့လေ . ."

မောင်စိုး ခိုင်ဝင်းအေး နောက်လိုက်သွားသည်။

နတ်ပွဲနားရောက်တော့ စကားပြောလို့မရအောင် ဒိုးသံက ဆူညံလှ၏။ နတ်ကတော်တို့၏ အော်ဟစ်ကခုန်သံများနှင့် ဘေးလူတို့ ၏ အော်ပြောသံများကိုကြည့်၍ မောင်စိုး ကြောင်တောင်တောင်ဖြစ်နေ ၏။

"ဟေ့ကောင် . . လာ . . ဒီနားကို . ."

ခေါ်သံသဲ့သဲ့ကြား၍ လှည့်ကြည့်လိုက်တော့ တေကြီး . .

မောင်စိုး တေကြီးတို့နား သွားရပ်ရင်း နတ်ပွဲကိုကြည့်စဉ် . . .

"မောင်စိုး . ."

နား,နားကပ်၍ ခေါ်သံကြားလို့ လှည့်ကြည့်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . မေသော်တာ . ."

"နင် . . ငါ့ကို လိုက်ရှာနေတာဆို . ."

"အေး . . ."

"မောင်စိုး . . ."

"ဟင် . ."

"နင် . . နတ်ကို ယုံလားဟင် . ."

မောင်စိုး ချက်ချင်းအဖြေမပေးသေးဘဲ ခဏတော့စဉ်းစားသွား၏။ ပြီးတော့မှ . . .

"ယုံကြည်မှုတစ်ခုဆိုတာ လူတိုင်းမှာရှိပါတယ် . . ကိုယ် မယုံကြည်တိုင်းလည်း သူတစ်ပါးယုံကြည်မှုကို မပိတ်ပင်ကောင်းဘူးလေ . . ငါ အပွင့်လင်းဆုံးပြောရရင် မကိုးကွယ်ဖြစ်ခဲ့ဘူး . . ဒါပေမယ့် မယုံကြည့်ဘူးဆိုတဲ့စိတ် ငါ့မှာမရှိဘူး . ."

မေသော်တာက ပြုံးကာ . . .

"ဒါဆို . . နင် ယုံကြည်တယ်ပေါ့ . ."

မောင်စိုးက . . .

"နင်ရော . . ."

"ငါတော့ ယုံတယ် . ."

မောင်စိုး ခေါင်းငုံ့လိုက်ပြီး . . .

"နင်ယုံရင် ငါလည်း ယုံပါတယ်ဟာ . ."

"ဒါဆို ဝင်က . ."

"ဘယ်လို . ."

"အဲဒါဆို ဝင်ကလို့ . ."

မောင်စိုး မျက်လုံးပြူးသွားပြီး . . .

"ငါ . . ငါ နတ်ကရမယ် . ."



BURMESE CLASSIC .com



"ဟုတ်တယ် . . ယုံတယ်ဆိုတာမှန်ရင် ဝင်ကပြ . ."

"ဟာ . . ငါမှ နတ်မကတတ်တာ . . ."

မေသော်တာက ကလေးလေးလို မောင်စိုး လက်မောင်းကို ဆွဲလှုပ်လိုက်ကာ . . .

"မရဘူး . . ကရမယ် . . ငါ့ကိုချစ်ရင် က . ."

မောင်စိုး ရင်ထဲ လှုပ်ခနဲတစ်ချက်ဖြစ်သွား၏။

"ငါ့ကိုချစ်ရင် ဝင်က" ဆိုပဲ . . .

မေသော်တာက လင်းနိုင်ဦးတို့ကို ထိုအကြောင်းသွားပြောသည်။ လင်းနိုင်ဦးတို့ကလည်း ဒါမျိုးစောင့်နေတာဖြစ်၍ . . .

"ဟေး . . ဟေး . . ဟုတ်တယ် . . ဝင်က . . ဝင်က . . မင်း နတ်ကရင် ကြည့်ကောင်းမှာ . ."

"ဟုတ်တယ် မောင်စိုးရာ . . ဝင်က စမ်းပါ . . အတွေ့အကြုံ ရတာပေါ့ . ."

ဒီလိုနဲ့တစ်ယောက်တစ်ပေါက် ဝိုင်းမြှောက်ပေးရင်း သူကိုယ်တိုင် ဆုံးဖြတ်ချက်မချနိုင်ခင်မှာပင် အားလုံးတွန်းလွှတ်လိုက်၍ နတ်ပွဲ အလယ်ခေါင်သို့ မောင်စိုးရောက်သွားလေတော့သည်။

ယက်ကန်ယက်ကန်နဲ့ ရောက်လာတော့ မောင်စိုးကို နတ်ကတော်တွေ ဝိုင်းကြည့်ရင်း ပထမတော့ ကြောင်တောင်တောင်ဖြစ်သွား၏။ ပြီးမှ . . .

"ကဲ . . အဖေကျော်ရေ . . ဒီက သားလေးကလည်း အဖေကျော်နဲ့အတူ ပျော်မလို့တဲ့ . ."

"ပလုံ . . တုံး . . တုံး . . တုံ . . ချမ်း . ."

"ဒုံးချမ်း . . ဒုံချမ်း . . ဒုံချမ်း . . ဒုံချမ်း . ."

မောင်စိုးကို နတ်ကတော်တွေ ဝိုင်းလိုက်ကြသည်။ မောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



ခမျာ နတ်ကတော်တွေကြားမှာ ဖွတ်မေ့၊ ပဒတ်မေ့ရပ်နေမိ၏။

"ကဲ . . သားအမေ စီးမယ်နော် . ."

"ဗျာ . . ."

"ဩော် . . ဒီသားလေးကတော့ ဒုက္ခ . . ပဝါစီးမယ်လို့ပြော တာ . . တကယ်ပဲ . . လန့်တီးလန့်တန့်နဲ့ ဘာလေးမှန်းမသိဘူး . ."

မောင်စိုးစိတ်ညစ်သွားသည်။ ခေါင်းမှာရော . . ရင်ဝမှာပါ ပဝါတွေ ရောက်လာသည်။

ထိုအချိန်မှာပဲ ပွဲကစတော့သည်။

ဝင်မယ့်နတ်က . . .

"ကိုကြီးကျော် . . ."

"ပလုံ . . ဒုံ . . ဒုံ . . ဒုံ . ."

"ပလုံ . . ဒုံ . . ဒုံ . . ဒုံ . ."

ပွဲဦးမင်းကြွလာပြီဆို . . မောင်းမတွေလာကြို . . .

ပွဲလယ်မင်းကြွလာပြီဆို . . မောင်းမတွေလာကြို . .

ပွဲသိမ်းမင်းကြွလာပြီဆို . . မောင်းမတွေလာကြို . .

"ပလုံ . . ဒုံ . . ဒုံ . . ဒုံ . ."

"ပလုံ . . ဒုံ . . ဒုံ . . ဒုံ . ."

ဆိုင်းသံဗုံသံတွေကြား မောင်စိုးအူကြောင်ကြောင်ကြီးဖြစ်ကာ နေသည်။ နတ်ကတော်တွေက ဆိုင်းဝိုင်းနဲ့အညီ နတ်အကကို ကကာ မောင်စိုးကို ဖေးမကြ၏။

"သားလေး . . ကလေ . . ကလေ . . ဝေး . . ဟေး ဟေး"

ပရိသတ်ကြီးက အားပေးကြ၏။ လင်းနိုင်ဦးတို့၊ တေကြီးတို့ အဆိုးဆုံး . . .

မောင်စိုး တဖြည်းဖြည်း ပျော်လာသည်။ တီးလုံးအလိုက်



BURMESE CLASSIC .com



အတိုင်း ခြေဖနောင့်က မြောက်ကြွ၊ မြောက်ကြွဖြစ်လာ၏။

"ရွှေလမ်း၊ ငွေလမ်းခင်းလို့ပေးမယ် . . ကျော် . . ကျော် . . ကျော် . . တို့ ဖေကြီးကျော် . . ."

"ရွှေလမ်း၊ ငွေလမ်း ခင်းလို့ပေးမယ် . . ဖကျော် . . ကျော် . . တို့ ဖေဖေကျော် . ."

ခဏနေတော့ မောင်စိုးလက်ထဲ အရက်တစ်ပုလင်းရောက်လာ သည်။ ကြည့်လိုက်တော့ ရက်ပ်လေဘယ် . .

တေကြီးက ရက်ပ်လေဘယ်ကိုကြည့်ကာ လျှာသပ်သည်။

"ဒီလိုမှန်းသိ ငါလည်း ဝင်ကပါတယ်ကွာ . ."

ဆိုပြီး နောင်တရသံနဲ့ ညည်းတွား၏။

မောင်စိုးက ရက်ပ်လေဘယ်ကိုကြည့်ကာ ခေါင်းလေးတညိတ် ညိတ်လုပ်သည်။ အခုအချိန်ကစပြီး ကိုကြီးကျော်သည် သူ့ကိုစပြီး မင လေပြီ . .။

"ဖေကျော်ကြီးကို ချစ်လိုက်ပါတဲ့ . . မောင်းမတွေရယ် . ."

"ရွှေဆို . . ရွှေမရှား . . ငွေဆို . . ငွေမရှား . . စိန်ဆို . . ပတ္တမြား . . ဖေဖေကျော်က ပို့တဲ့မေတ္တာရေ . . ."

မောင်စိုးပါးစပ်ထဲ ရက်ပ်လေဘယ်နှစ်ပက်လောက်ဝင်သွားပြီး . . ဆိုင်းသံနဲ့အတူ ခန္ဓာကိုယ်ကလည်း စည်းချက်ညီညီယိမ်းနွဲ့လာ၏။

နတ်ကတော်တွေကလည်း ရုပ်ချောတဲ့မောင်စိုးကို ဖေးမပေး ကြသည်။

ဤသို့ဖြင့် မောင်စိုး ကိုကြီးကျော်နတ်ပူးလေပြီ။

"ဒုံခွမ်း . . ဒုံခွမ်း . . ဂုံ . . ဂုံ . . ခွမ်း . ."

"ပလုံ . . ဒုံ . . ဒုံ . . ဒုံ . ."

ရွာစားကလည်း တဖြည်းဖြည်း အရှိန်မြင့်လာ၏။ မောင်စိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း အရှိန်မြင့်လာသည်။

ဖေဖေကျော်မူးလား မမူးလားတော့ မသိ။ မောင်စိုးကတော့ ရေချိန်ကိုက်စပြုလာပြီ . . ဒီလိုနဲ့ တစ်ငုံပြီးတစ်ငုံ တစ်ပက်ပြီး တစ်ပက် ကြက်ကြော်လေးတောင် ပါသေး . .။

လင်းနိုင်ဦးတို့အုပ်စုမှာ လျှာတစ်သပ်သပ် . . .

နောက်ဆုံး ဖေကြီးကျော်နတ်လည်းထွက်ရော . . မောင်စိုး ပစ်လဲသွားတော့သည်။

ဖေကြီးကျော်ထွက်လို့ လဲတာလား . . မလဲတာလားတော့မသိ။ မောင်စိုးမှာ အရက်မူးပြီးလဲသွားခြင်းဖြစ်သည်။

ပြီးတော့ မောင်စိုး ယိုင်တိယိုင်ထိုးနှင့် နတ်ပွဲထဲကထွက်လာသည်။ သူငယ်ချင်းတွေနားရောက်တော့ . . .

"မင်း ကတာ ရေရေလည်လည်မိုက်တယ်ကွာ . ."

လင်းနိုင်ဦးက အားပေးသည်။

တေကြီးက . . .

"ကိုကြီးကျော် ဒီနေ့ထပ်လာဦးမလားဟင် . ."

"မင်းက ဘာလုပ်မလို့လဲ . ."

"ငါလည်း ဝင်ချင်လို့ . ."

"မင်းဝင်ချင်တာ ငါသိတယ် ရက်ပ်ဝေဘယ်ကြောင့်"

အားလုံး ရယ်လိုက်ကြ၏။ ဘာပဲဖြစ်ဖြစ် ပျော်စရာတော်တော်ကောင်းသွားသည်။ မောင်စိုးက ရီတီတီမျက်နှာနှင့် . . .

"သော်တာ . . ."

မေသော်တာ တအံ့တသြလှည့်ကြည့်သည်။ သူ့နာမည်ကို 'သော်တာ' လို့ပြောင်းခေါ်လိုက်၍ဖြစ်၏။

ဖေကြီးကျော် တန်ခိုးနှစ်ဆတိုး၍ အစွမ်းပြလေပြီ။ မောင်စိုး





ရဲသွားပြီ။ ထို့ကြောင့် မေသော်တာ့လက်ကိုဆတ်ခနဲဆွဲကိုင်ကာ ပရိသတ်အလယ်ကထွက်၏။

လူရှင်းတဲ့ ခြံစည်းရိုးထောင့်ကို ခေါ်သွားပြီး . . .

". . . . . . ."

". . . . . . ."

"အို . . ."

". . . . . . ."

မေသော်တာ၏ မချိတင်ကဲ အသံလေးပင်ဖြစ်သည်။ မရုန်းကန်မိ။ မေသော်တာ မောင်စိုးရင်ခွင်ထဲမှာ ငြိမ်သက်လျက်ရှိ၏။

"သော်တာ . ."

"ဟင် . ."

"သော်တာ့ကို ချစ်တယ်ဆိုတာ ယုံပြီလား ဟင် . ."

"ယုံဘူး . ."

"မယုံဘူး . . မယုံရင် . ."

". . . . . . ."

"အို . ."

နောက်တစ်ခါ 'အို' ပြန်သည်။

နောက်ဆုံးတော့ . . .

"မောင်နော် လူတွေနဲ့ . . ."

မောင်စိုးက မျက်ရည်ရွှန်းလဲ့သောမျက်ဝန်းများနဲ့ကြည့်ပြီး . .

"လူတွေမရှိပါဘူး . . ဖေကြီးကျော်ပဲရှိတယ် . . သူက ခွင့်လွှတ်တယ် . ."

"သွား . . လူဆိုး . ."

မေသော်တာက မောင်စိုးရင်ကိုလက်သီးလေးနဲ့ထု၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံး သာယာလှပသွားပါတော့သည်။

ဒီတစ်ခါတော့ ဖေကြီးကျော်က မောင်စိုးကို တကယ်မစလိုက်ခြင်း ဖြစ်ပါတော့သည်။

ကြိုးစားလျက်
မိုးဆက်လင်းထက်

BURMESE CLASSIC .com

www.burmeseclassic.com